ကြေးမုံ
The Mirror
၁၉၅၇ မြို ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၆ ရက်၊ တနင်္လာနေ့ (22-6-2015) (၈၂၃၉)

## မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တာသုတ်-၄၄၃။)



## ဒုတိယသမ္မတ ဦးညဏ်ထွန်း ရုရှားနိုင်ငံမှ ပြန်လည်ရောက်ရှိ

သတင်း စာမျက်နှာ - ၈

## မုန်တိုင်းငယ် ဩရိဿကမ်းခြေတောင်ပိုင်းကို ဖြတ်ကျော်ဝင်ရောက်ခဲ့

**နေပြည်တော် ဇွန် ၂၁ -** ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင်ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေတောင်ပိုင်းကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**

# ပထမအကြိမ် အပြည်ပြည်ဆိုင်ရာယောဂနေ့အခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၂၁

ပထမအကြိမ် အပြည်ပြည်ဆိုင်ရာ ယောဂနေ့အခမ်းအနားကို အိန္ဒိယ သံရုံး(ရန်ကုန်)နှင့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတို့ ပူးပေါင်း၍ ယနေ့ နံနက် ၈ နာရီက သုဝဏ္ဏ အားကစားရုံ (၁)၌ ကျင်းပသည်။

နှစ်စဉ်ဇွန် ၂၁ ရက်ကို အပြည်ပြည် ဆိုင်ရာ ယောဂနေ့အဖြစ် နိုင်ငံ တကာတွင် သတ်မှတ်ခဲ့ကြခြင်းမှာ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၇ ရက် တွင် ကျင်းပသော (၆၉)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ တွင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နရိန္ဒြာ မိုဒီက "ယောဂဟာ ရှေးဟောင်း အိန္ဒိယရိုးရာအစဉ်အလာရဲ့ တန်ဖိုး မဖြတ်နိုင်တဲ့ လက်ဆောင်တစ်ခုဖြစ်ပါ တယ်။ စိတ်နှင့် ခန္ဓာကိုယ်၊ စိတ်ကူး အတွေးနဲ့ လုပ်ရှားမှု၊ ချုပ်တည်း ကန့်သတ်မှုနဲ့ ပြည့်ဝမှုတွေကို ညီညွတ် မျှတအောင် ချိတ်ဆက်ပေးတဲ့အပြင် လူသားနဲ့ သဘာဝ၊ ကျန်းမာရေးနဲ့ နေထိုင်ကောင်းရေးကိုလုံးလုံးလျားလျား ဟန်ချက်ညီမျှအောင် ဆောင်ရွက်ပေး ပါတယ်။ ယောဂဟာလေ့ကျင့်ခန်း တစ်ခုသာမကဘဲ ကျွန်တော်တို့ဘာသာ တစ်ခုတည်းဖြစ်ဖို့ဆိုတဲ့ စိတ်ကိုရှာဖွေ တာဖြစ်ပါတယ်။ ကမ္ဘာလောကကြီးနဲ့ သဘာဝကို မျှတအောင် ထိန်းညှိပေး နိုင်တဲ့အပြင် ယောဂဟာ ရာသီဥတု

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖



ဇွန် ၂၁ ရက်က ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း မိုးလုံလေလုံအားကစားခန်းမ၌ကျင်းပသော အပြည်ပြည်ဆိုင်ရာယောဂနေ့ အခြေခံယောဂလုပ်ထုံးလုပ်နည်းနှင့် ကျန်းမာရေးဆိုင်ရာ လှုပ်ရှားမှုများကို လက်တွေ့သရုပ်ပြသစဉ်။ ခင်မောင်ဝင်း(ကြေးမုံ)

## လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေး ပိုမိုခိုင်မာစေရန် ကြိုးပမ်းအားထုတ်နေမှုများနှင့် တိုးတက်မှုများကို မျှဝေဖလှယ်

စာမျက်နှာ - ၅

## တစ်နိုင်ငံလုံး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ် လေ့ကျင့်ပြုစုပျိုးထောင်ရန် အရေးကြီး

စာမျက်နှာ - ၆



**ကြေးမုံ စာတည်း ရှုထောင့်** **၂၂-၆-၂၀၁၅၊ တနင်္လာနေ့**

# မရိုးနိုင်သောပြဿနာအဖြေရှာ

မြို့နေပြည်သူလူထုများတွင် မရိုးနိုင်သော ပြဿနာများမှာ ရန်ကုန်မြို့တွင် ဖြစ်လေ့ရှိပါသည်။ သိသာသောအချက်များမှာ နေထိုင်မှုပြဿနာ၊ ယာဉ်ကြောပိတ်ဆို့မှုပြဿနာနှင့် မိုးရာသီကာလတွင် ရေကြီးရေလျှံမှု ပြဿနာစသည့်ပြဿနာများ အများဆုံးဖြစ်ပါသည်။

ထိုပြဿနာများကို ဆန်းစစ်ကြည့်လျှင် ဆောင်ရွက်မှုစနစ်နှင့် လူတို့၏ စည်းကမ်းမဲ့မှုများကြောင့် အများဆုံးဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။ တစ်နေ့တခြား လူဦးရေထူထပ်လာသောရန်ကုန်မြို့တွင် အားကြီးရာ အားသာစမြဲဆိုသကဲ့သို့ မြို့ပြထိန်းသိမ်းရေး မည်သို့ပင်ဆောင်ရွက်သော်လည်း နောက်ဆုံး၌ လိုအပ်ချက်များမပြည့်စုံဘဲ ဒုံရင်းဒုံရင်းသို့ပင် ပြန်လည်ရောက်ရှိသွားတတ်သည်ကို တွေ့ရသည်။

ယင်းသို့ဖြစ်ပေါ်နေခြင်းသည် အနာဂတ်တွင်ဖြစ်ပေါ်လာမည့် အခြေအနေများကို ကြိုတင်မြော်တွေးတွက်ဆ၍ ဆောင်ရွက်နိုင်မှုအားနည်းခဲ့သောကြောင့် ဖြစ်ပေါ်လာရသည်ဟုလည်း ဆိုချင်ပါသည်။ ပြည်သူများဘက်က မိမိတို့နေထိုင်ရပ်တည်ရေး တစ်ခုတည်းအတွက်သာ ကြည့်တတ်၍ ပြည်သူများအား အသိပညာပေးမှု အထူးလိုအပ်ပါသည်။

ရန်ကုန်မြို့၏ လူဦးရေသည် လွတ်လပ်ရေးမရမီ ကိုလိုနီခေတ်ကာလက လူဦးရေ တစ်သိန်းမပြည့် ရှိခဲ့သည်။ ထိုလူဦးရေအနေအထားကို ခန့်မှန်း၍ ရန်ကုန်မြို့ပြစီမံကိန်းကို စနစ်တကျဖော်ဆောင်ခဲ့ရာ လွတ်လပ်ရေးရပြီးကာလအထိ နေထိုင်ချင်စဖွယ်ရှိခဲ့သေးသည်။ လမ်းစနစ်၊ ရေ၊ မီးစနစ်၊ ရေဆိုးထုတ်စနစ်များ ပုံမှန်လည်ပတ်ခဲ့သည်။

ထို့နောက် ရန်ကုန်မြို့လူဦးရေသည် တစ်စတစ်စများပြားလာခဲ့သည်။ ၁၉၅၀ ခုနှစ်ဝန်းကျင်တွင် လူဦးရေ လေးသိန်းခန့်ရှိရာမှ ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်း လူဦးရေ ခုနစ်သန်းကျော်ရှိနေပြီး ရန်ကုန်မြို့ပြလူဦးရေ ငါးသန်းကျော်အထိ တိုးတက်များပြားလာသည်။ တိုးတက်များပြားလာသော လူဦးရေအတွက် ခေတ်အလိုက်ဆောင်ရွက်ပေးမှုမှာ ဝန်နှင့်အားမမျှသဖြင့် ယခုအခါ နေထိုင်မှုပြဿနာအဖုံဖုံကြုံရသည့် အခြေအနေရောက်လာသည်။

ယင်းသို့ကြုံတွေ့ရမှုများအနက် မိုးရာသီကာလ ပုံမှန်ကြုံတွေ့နေရသော ရေကြီးရေလျှံမှုပြဿနာမှာ လွန်ခဲ့သည့် ၁၀ နှစ်ကျော်ကာလမှစတင်၍ သိသာစွာဖြစ်ပေါ်လာသည်။ ယခင်က မိုးများ၍ရေလျှံလျှင် ခေတ္တသာ ဖြစ်ပေါ်သော်လည်း နောက်ပိုင်းတွင် ရေတင်မှုကြာရှည်သဖြင့် ပြည်သူများနှင့် လမ်းသွားလမ်းလာများ အခက်အခဲဖြစ်လာရသည်။

ဖြစ်ပေါ်သည့်အကြောင်းအရင်းများတွင် မြို့ပြတည်ထောင်မှုများခြင်းနှင့် ရေမထွက်နိုင်သည့်ဧရိယာတိုးလာခြင်း၊ ရေထိန်းကုန်းမြေနည်းလာခြင်း၊ ရေစီးဆင်းမှု ထုထည်များလာခြင်း၊ လူဦးရေထူထပ်ခြင်းကြောင့် လူတို့စွန့်ထုတ်သော ရေဆိုးနှုန်းတိုးလာခြင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်း၊ အချက်အချာကျသော ရန်ကုန် ခြောက်မြို့နယ်မှ ရေထွက်ပေါက်များ ပိတ်ဆို့ခြင်း စသည်တို့ပါဝင်သည်။

ထို့ကြောင့် ရန်ကုန်မြို့၏အချက်အချာ ခြောက်မြို့နယ်တွင် ရေနုတ်မြောင်း၊ အဆောက်အအုံ၊ ယာဉ်၊ ရေထိန်းသိမ်းမှု၊ ဒီရေအတက်အကျများအား လေ့လာပြီး အထူးစီမံကိန်းများကို စဉ်းစားလာကြသည်။ ထိရောက်သည့် စီမံကိန်းကို သက်ဆိုင်ရာက ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါစီမံကိန်းအတွက် ယခင်နှစ်က ၈ ဒသမ ၇ ဘီလီယံအသုံးပြုခဲ့ပြီး ယခုနှစ်တွင် ၁၀ ဘီလီယံ လျာထားကြောင်း သိရသည်။

ရေကြီးရေလျှံမှုတွင် ဒီရေတက်ချိန်နှင့် ကြုံကြိုက်လျှင် ဆိုးရွားစွာဖြစ်ပေါ်တတ်သောကြောင့် မြစ်ထွက်ပေါက်ရေထိန်းတံခါးများကို အဓိကလုပ်ဆောင်ကြမည်ဖြစ်သည့်အပြင် ရေနုတ်မြောင်းများ ကောင်းအောင်လည်း ဆောင်ရွက်ကြမည်ဖြစ်သည်။

တာဝန်ရှိသူများက ပြည်သူလူထုအတွက် ဤသို့ဆောင်ရွက်ကြရာတွင် ပြည်သူလူထုကလည်း အသိတရားဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်သည်။ သက်ဆိုင်ရာက ဆောင်ရွက်ပေးသော်လည်း အမှိုက်သရိုက်များကို မြောင်းအတွင်း စည်းကမ်းမဲ့စွန့်ပစ်နေဦးမည်ဆိုပါက ရေမြောင်းများပိတ်ဆို့ကာ ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပေါ်နေဦးမည်ဖြစ်ပါကြောင်း။ ။



# အခြေခံပညာအထက်တန်းအဆင့်တိုးမြှင့်ဖွင့်လှစ် ကျေးရွာရှစ်ရွာမှ ကျောင်းသား ကျောင်းသူနှင့် မိဘများ ဝမ်းမြောက်

**တပ်ကုန်း ဇွန် ၂၀**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အုန်းပင်ကျေးရွာအုပ်စု တောင်ပို့သာကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲအား အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲကို ဇွန် ၂၀ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၌ ကျင်းပရာ ရှေးဦးစွာ အခြေခံပညာ အထက်တန်းကျောင်းအဆင့် တိုးမြှင့်ခြင်းကို တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်ဦး၊ နေပြည်တော်ကောင်စီဝင် တပ်ကုန်းမြို့နယ် တာဝန်ခံဦးမြင့်ရွှေ၊ နေပြည်တော်ကောင်စီဝင် ပညာရေးတာဝန်ခံ ဦးဖုန်းဇော်ဟန်၊ ခရိုင်ပညာရေးမှူးဦးဘထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းနှင့်ပတ်သက်ပြီး ယခင်က ကျောင်းသား ကျောင်းသူများအနေဖြင့် မြို့ကျောင်းများသို့ တက်ရောက်ရာတွင် အခက်အခဲရှိခဲ့ရာမှ ယခုကျောင်းဖွင့်ရာသီတွင် ကျောင်းအဆင့်တိုးမြှင့်လိုက်ခြင်းကြောင့် မိဘများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေပြီး များစွာအကျိုးရှိသည့်အတွက် တစ်ရွာလုံး ဝမ်းသာနေကြကြောင်း (အပေါ်ပုံ) ကျောင်းသားမိဘ ဒေါ်နန်းတင်က ပြောသည်။

ယခု အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့သည့် ကျောင်းအား ၁၉၅၇ ခုနှစ်တွင် မူလတန်း၊ ၁၉၇၇ ခုနှစ်တွင် တွဲဖက်အလယ်တန်း၊ ၁၉၉၅ ခုနှစ်တွင် အလယ်တန်း၊ ၁၉၉၈ ခုနှစ်တွင် တွဲဖက် အထက်တန်း၊ ၂၀၁၀ ခုနှစ်တွင် အထက်တန်းခွဲအဖြစ် ဖွင့်လှစ်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ခွင့်ရရှိခဲ့ခြင်းဖြစ်ပြီး ကျောင်းဧရိယာ ၅ ဒသမ ၂၆ ဧကကျယ်ဝန်းကာ ပတ်ဝန်းကျင်ကျေးရွာရှစ်ရွာမှ ကျောင်းသား ကျောင်းသူပေါင်း ၄၆၂ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**(တင်စိုးလွင်)**

# လယ်ယာသုံးစက်ကိရိယာများကိုင်တွယ်အသုံးပြုနည်း သင်တန်းဖွင့်

**နေပြည်တော် ဇွန် ၂၀**

သမဝါယမဝန်ကြီးဌာန နေပြည်တော် သမဝါယမဦးစီးဌာနမှ Daedong လယ်ယာသုံးစက်ကိရိယာများ ကိုင်တွယ်အသုံးပြု ထိန်းသိမ်းရေးနည်းပညာသင်တန်းကို ဇွန် ၉ ရက် နံနက် ၉ နာရီက ပျဉ်းမနားမြို့နယ် အသင်းစု သူဌေးကုန်းစိုက်ပျိုးရေးခြံတွင်ကျင်းပရာ နေပြည်တော် သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးနှင့် နေပြည်တော် သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးခင်မောင်မြင့်တို့က အမှာစကားပြောကြားသည်။ ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ Daedong Co.,Ltd. မှ Mr.Gin က လယ်ယာသုံးစက်ကိရိယာများ အသုံးပြုပုံနှင့် ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး လယ်ယာသုံးစက်ကိရိယာများကို လက်တွေ့အသုံးပြု မောင်းနှင်ပြသည်။

အဆိုပါသင်တန်းသို့ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူထားသည့် အသင်းသား၊ ထွန်စက်ပိုင်ရှင်များ၊ ဝယ်ယူလိုသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်လေ့လာခဲ့ကြောင်း သိရသည်။

**(၅၈၆)**

# လားရှိုးမြို့၌ သိဒ္ဓိဇေယျာစိန်သာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် ဂန္ဓကုဋိနှစ်ထပ်ကျောင်းဆောင် ရေစက်ချ

**လားရှိုး ဇွန် ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နတ် ရေကန်ပရိယတ္တိစာသင်တိုက်အတွင်း ဇွန် ၁၈ ရက် နံနက်က ဓမ္မရာဇာလက်ယာတောင်တော်ပေါ်၌ တည်ထားကိုးကွယ် လှူဒါန်းထားရှိသည့် သိဒ္ဓိဇေယျာစိန်သာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဂန္ဓကုဋိနှစ်ထပ်ကျောင်းဆောင်သစ်ကြီး ရေစက်ချကျောင်းလွှတ်ပူဇာ အလှူတော်မင်္ဂလာအခမ်းအနား ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ရှိုင်းနင်း မြန်မာကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးကျော်စွာထွဋ်နှင့် ကုမ္ပဏီဝန်ထမ်းများက သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းနှင့် နဝကမ္မဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါ သိဒ္ဓိဇေယျာစိန်သာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သာသနာ အဓွန့်ရှည်တည်တံ့ရေးနှင့် ဒေသခံပြည်သူများ ဖူးမြော်ကြည်ညိုသဒ္ဓါပွားများနိုင်စေရန် ရှိုင်းနင်းမြန်မာကုမ္ပဏီက မန္တလေးတိုင်းဒေသကြီး စကျင်ရွာမှ စကျင်ကျောက် ၂၄ ပေ၊ ၄၅ ပေ နှစ်ထပ်အား ထုဆစ်၍ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် ပန္နက်တင်ပြီး မေ ၂၉ ရက် တွင် ပင့်ဆောင်ကာ ဇွန် ၁၈ ရက် နံနက် ၉ နာရီ၌ အနေကဇာတင်ပြီး ကျောင်းဆောင်ကို ရေစက်ချလှူဒါန်းခဲ့ကြောင်း သိရသည်။

**ဇာဏီအောင် (လားရှိုး)**




မြေကွက်များဝယ်လိုသည်
ရန်ကုန်မြို့၊ ဒဂုံမြို့သစ်
(အရှေ့ပိုင်း၊ ဆိပ်ကမ်း
တောင်ပိုင်း၊ မြောက်ပိုင်း)
မြို့နယ်များရှိ မြေကွက်များ
ဝယ်လိုသည်။
၀၉-၄၄၈၀၂၅၄၂
၀၉-၄၂၀၀၇၀၂၀
၀၉-၇၃၂၃၄၆၅၆



ပုဂံ
စိန်ဝင်း နှင့် ရောင်းရင်းများ
မြန်မာပြည်အနှံ့ ဘုရားဖူးပို့ဆောင်ရေးလုပ်ငန်း
၂၂၉၊ ပန်းဆိုးတန်း(အပေါ်လမ်း)။ ဖုန်း-01-249871,255553,095137245,5122511



ယာဉ်မောင်းအမြန်အလိုရှိသည်
ဖုန်း ၀၉-၇၉၆၈၆၈၂၈၁၊ ၀၉-၅၀၀၂၅၅၆
ယာဉ်မောင်း-ကျား(၅)ဦး
မြို့တွင်း/နယ်ဝေး(အသက် ၂၅နှစ် မှ ၄၀ နှစ်အတွင်း)၊ အတွေ့အကြုံရှိရမည်။
အခြေခံလစာ(၂သိန်း+အခြားခံစားခွင့်)၊ တာဝန်ယူပြီးနှင့် နီးသူဦးစားပေးမည်။
CV Form+လုပ်ငန်းအတွေ့အကြုံ+လိုအပ်သောစာရွက်စာတမ်းများနှင့်တကွ လျှောက်ထားနိုင်ပါသည်။

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန် / နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

**သင်ရရှိသည့်အခွင့်အရေးကို လက်လွှတ်မခံပါနှင့် မဲပေးနိုင်ရန် မဲစာရင်းကြေညာသည့်အခါ သွားရောက်ကြည့်ရှုပါ။**

## ကိုးကန့်ဒေသတည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဇွန် ၂၁**

ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေး အုပ်ချုပ်မှုအထောက်အကူပြုကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အဖွဲ့ဝင်များသည် ဇွန် ၂၀ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့သို့ရောက်ရှိပြီး တပ်မတော်ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာရာ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့သို့ ရောက်ရှိကြသည်။



ယင်းနောက် လောက်ကိုင်မြို့ရှိ မြို့တော်ခန်းမ၌ ပြည်ထောင်စုအစိုးရအဖွဲ့မှ ထောက်ပံ့ပစ္စည်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရန်အတွက် တည်ငြိမ်အေးချမ်းရေးသည် အလွန်အရေးကြီးသည့်အတွက် အစိုးရသစ် တာဝန်ယူချိန်ကစပြီး တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်နိုင်စေရန် တည်ငြိမ်အေးချမ်းမှုရရှိစေရေး အလေးထားဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများကို လေးစားလိုက်နာကြရမည်ဖြစ်ပြီး ယင်းအချက်သည် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီထူထောင်သည့် နေရာတွင် အရေးပါသည့် အချက်လည်းဖြစ်ပါကြောင်း။

လက်ရှိ ကိုးကန့်ကိုယ်ပိုင်ချုပ်ခွင့်ရဒေသ၏အခြေအနေကို ပြန်ကြည့်မည်ဆိုလျှင် ကိုးကန့်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုပျက်ပြားကာ ဒေသခံပြည်သူများ၏ အသက်အိုးအိမ်များ ပျက်စီးခဲ့ရပြီး ဒုက္ခမျိုးစုံ ကြုံတွေ့ခဲ့ရပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်နေသကဲ့သို့ နေရပ်ကို ပြန်လာကြသည့် ကိုးကန့်ဒေသခံပြည်သူများအတွက် လိုအပ်သည့် ကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးနိုင်ရန်အတွက် အုပ်ချုပ်မှုအထောက်အကူပြုကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားအခြေအနေများကို ပြန်လည်ထူထောင်နိုင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ပြီး ဆောင်ရွက်စေခဲ့ပါကြောင်း၊ မိမိတို့ ကော်မတီအနေဖြင့် ဒေသပြန်လည်ထူထောင်ရေးလုပ်ငန်းများအပြင် နေရပ်ကို ပြန်လာကြသည့် နိုင်ငံသား တိုင်းရင်းသားပြည်သူများ၏ စားဝတ်နေရေးအခြေအနေအရပ်ရပ်ကို ပြန်လည်ဖြည့်ဆည်းပေးလျက်ရှိရာတွင် အမှန်တကယ် လိုအပ်ချက်များကို လက်တွေ့စစ်ဆေးကြည့်ရှုပြီး ပိုမိုထိရောက်သည့် နည်းလမ်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကိုးကန့်ဒေသခံ ပြည်သူများအနေဖြင့် မိမိတို့ဒေသတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ယူဆောင်ရွက်လျက်ရှိကြသည့် တပ်မတော်၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ဝိုင်းဝန်းဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်ပြီး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဒုတိယဥက္ကဋ္ဌ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေတို့က ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်ကြရာ ဒေသခံပြည်သူတစ်ဦးစီက လက်ခံရယူပြီး ဒေသခံရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့သည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဒေသခံမြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ရာ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စစ်အုပ်ချုပ်ရေးဒေသမှူး ဗိုလ်မှူးကြီးစောမြင့်ဦးက စစ်အုပ်ချုပ်ရေးကာလအတွင်း လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး ကော်မတီဝင်များက သက်ဆိုင်ရာ ကဏ္ဍများအလိုက် အသေးစိတ် ပြန်လည်ဆွေးနွေးရာ ကော်မတီဥက္ကဋ္ဌက မိမိတို့ပြည်ထောင်စုကြီးအနေဖြင့် ခေတ်အဆက်ဆက် မျှော်မှန်းခဲ့ကြသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်စုံအခြေအနေကောင်းများကို တည်ဆောက်ပြီး အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အခြေအနေသို့ ရောက်ရှိနိုင်ရန်အတွက် အမျိုးသားစည်းလုံးညီညွတ်ရေးသည် အရေးကြီးဆုံးဖြစ်ကြောင်း၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာလုပ်ငန်းစဉ်များ ကောင်းမွန်စွာ ပြန်လည်တိုးတက်လာရေးအတွက် ဒေသခံပြည်သူများကလည်း ပူပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး တင်ပြချက်များအပေါ် ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ကိုးကန့်အထက်တန်းကျောင်းဝင်းတွင် မိမိတို့၏နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လာသော ကိုးကန့်ဒေသခံပြည်သူများအား ထောက်ပံ့ရေးပစ္စည်းလှူဒါန်းပွဲသို့ တက်ရောက်ပြီး ထောက်ပံ့ရေးပစ္စည်းများပေးအပ်ကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်အားပေးသည်။**(ဝဲပုံ)**

ထို့နောက် မြန်မာ-တရုတ်နယ်စပ်ရန်လုံကျိုင်းဂိတ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဝင်/ထွက်မှု အခြေအနေများကို လေ့လာခဲ့သည်။ ဆက်လက်၍ တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသော တပ်မတော်သားများအား သွားရောက်ကြည့်ရှုအားပေးစကား ပြောကြားခဲ့ပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဇွန် ၂၁ ရက် နံနက်ပိုင်းတွင် ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် လားရှိုးမြို့ တပ်မတော်ဆေးရုံတွင် တက်ရောက်ကုသနေသော ဒဏ်ရာရအရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှု အားပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်သည်။ ထို့နောက် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရွှေလီရိပ်သာခန်းမ၌ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ လက်ရှိအခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများအပေါ် အကျယ်တဝင့် ဆွေးနွေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေးအုပ်ချုပ်မှု အထောက်အကူပြုကော်မတီအနေဖြင့် ကော်မတီရုံးစတင်ဖွင့်လှစ်သည့်နေ့မှစ၍ ဇွန် ၁၉ ရက်အထိ ဆန်အိတ် ၇၀၈၀၊ ဆီပိဿာ ၂၉၀၀၊ ကုလားပဲပိဿာ ၂၂၅၀၀ နှင့် အခြေခံစားကုန်များ၊ လူသုံးကုန်ပစ္စည်းများ စုစုပေါင်းငွေကျပ် ၂၂၁၉ သိန်းခန့်ရှိ စားသောက်ကုန်ပစ္စည်းများကို စစ်ဘေးရှောင် ကိုးကန့်ဒေသခံပြည်သူများထံသို့ ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်သည်။

ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေများ လှူဒါန်းလိုပါက ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်လည်ထူထောင်ရေးအုပ်ချုပ်မှု အထောက်အကူပြုကော်မတီ အတွင်းရေးမှူး ဦးဘုန်းဆွေ ဒုတိယဝန်ကြီး လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဖုန်း-၀၉-၅၀၅၂၃၅၂ ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မလှိုင်မြို့တွင် အသက်ကယ်လူနာတင်ယာဉ်လှူဒါန်း

**မလှိုင် ဇွန် ၂၁**

မလှိုင်မြို့ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအသင်း လူမှုကူညီစောင့်ရှောက်ရေးလုပ်ငန်းသို့ ဇွန် ၂၀ ရက်က မလှိုင်မြို့ အမှတ်(၉)ရပ်ကွက်နေ ဒေါ်ဇင်ဝေ[ပညာရေး(ငြိမ်း)]၊ ဒေါ်စန်းလှဲ့[ပညာရေး(ငြိမ်း)]နှင့် ဒေါ်ခင်သန်းနွဲ့(တရားလွှတ်တော်ရှေ့နေ၊ နိုတြီပဗ္ဗလစ်)တို့က ဆေးဘက်ဆိုင်ရာ အထောက်အကူပစ္စည်းကိရိယာများ တပ်ဆင်ထားသည့် အသက်ကယ်လူနာတင်ယာဉ်တစ်စီး (၆ ဂျေ/၉၄၁၂ တိုယိုတာဟိုက်အေ့(စ်)) လှူဒါန်းခဲ့ကြောင်း သိရသည်။

လူနာတင်ယာဉ်သည် ၂၀၀၂ ခုနှစ်ထုတ်ဖြစ်ပြီး ခွဲစုပ်စက်၊ အောက်ဆီဂျင်ပေးစက်၊ နှလုံးစက်(အီးစီဂျီ) စသည့် အရေးပေါ် အသက်ကယ်ကိရိယာများ အပြည့်အစုံပါရှိကြောင်း သိရသည်။

အသင်းမှ စေတနာ့ဝန်ထမ်းလူငယ်များ ကျွမ်းကျင်စွာ အသုံးပြုနိုင်ရန်အတွက် မိတ္ထီလာမြို့ အမှတ်(၁) တပ်မတော်ဆေးရုံ(ခုတင် ၅၀၀)မှ ကျွမ်းကျင်ပညာရှင်များက လာရောက်လက်တွေ့သင်တန်းပေးခဲ့ကြောင်း သိရသည်။

မလှိုင်မြို့ ဗလငါးတန်လူမှုကူညီရေးလုပ်ငန်းအဖွဲ့သည် မြို့နယ်တွင် အရေးပေါ်လူနာပို့ဆောင်ရေးလုပ်ငန်းနှင့် နာရေးကူညီမှုလုပ်ငန်းများကို ၂၀၀၃ ခုနှစ်မှစတင်၍ လူနာတင်ယာဉ်သုံးစီး၊ နာရေးယာဉ်နှစ်စီးတို့ဖြင့် ဆောင်ရွက်နေသည့်အပြင် မြွေဆိပ်ဖြေဆေး၊ အောက်ဆီဂျင်နှင့် သွေးများကိုလည်း လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

## မြန်မာ-အိန္ဒိယ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား နယ်စပ်ဒေသလုံခြုံရေးဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဇွန် ၂၁**

အိန္ဒိယနိုင်ငံ မဏိပူရ်ပြည်နယ် ချန်ဒေးခရိုင် Moltuk ရွာအနီး၌ အိန္ဒိယတပ်မတော်မှ လုံခြုံရေးဆောင်ရွက်နေသော ယာဉ်တန်းအား ဇွန် ၄ ရက် နံနက်ပိုင်းတွင် NSCN(IM) သောင်းကျန်းသူအဖွဲ့က ချုံခိုတိုက်ခိုက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ကျဆုံးခဲ့သည့်ဖြစ်စဉ်နှင့် စပ်လျဉ်း၍ အိန္ဒိယတပ်မတော်မှ တပ်ဖွဲ့များက ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် ချန်ဒေးခရိုင်အတွင်းရှိ နယ်စပ်တစ်လျှောက်တွင် နယ်မြေရှင်းလင်းစဉ် ဇွန် ၉ ရက်တွင် မြန်မာ-အိန္ဒိယ နယ်နိမိတ်မှတ်တိုင် အမှတ်(၁၁၉)အနီး တစ်ဖက်နိုင်ငံအတွင်းရှိ မိုဘိုင်လွတ်ရွာအနီး၌ NSCN(IM) သောင်းကျန်းသူအဖွဲ့နှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပွားခဲ့ကြောင်း သိရသည်။

မြန်မာ-အိန္ဒိယ နယ်စပ်ဒေသလုံခြုံရေးကိစ္စရပ်များနှင့်ပတ်သက်၍ တပ်မတော်နှစ်ရပ်အကြား အောက်ခြေတပ်စခန်းအဆင့် အပြန်အလှန်တွေ့ဆုံဆွေးနွေးမှု၊ ဒေသအဆင့် တွေ့ဆုံဆွေးနွေးမှုနှင့် အဆင့်မြင့်အရာရှိကြီးများ တွေ့ဆုံဆွေးနွေးမှုများ ပုံမှန်ပြုလုပ်၍ လုံခြုံရေးဆိုင်ရာများအား ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာ့တပ်မတော်အနေဖြင့် မြန်မာ-အိန္ဒိယ နယ်စပ်တစ်လျှောက်တွင် သောင်းကျန်းသူများ ခိုအောင်းလှုပ်ရှားမှု မရှိစေရေးအတွက် နယ်မြေခံတပ်ရင်းများဖြင့် နယ်မြေလုံခြုံရေး၊ နယ်မြေစိုးမိုးရေးလုပ်ငန်းများအား စဉ်ဆက်မပြတ် လှုပ်ရှားလျက်ရှိသည့်အပြင် သောင်းကျန်းသူအဖွဲ့များ မိမိနိုင်ငံအတွင်း ဝင်ရောက်ခိုအောင်းမှုမရှိစေရန်အတွက်လည်း တပ်အင်အားဖြည့်တင်း၍ တစ်ဖက်နိုင်ငံ၌ နယ်မြေရှင်းလင်းလျက်ရှိသော အိန္ဒိယတပ်ဖွဲ့များနှင့် ညှိနှိုင်းပြီး ဟန်ချက်ညီရှင်းလင်းလျက်ရှိသည်။

မြန်မာ့တပ်မတော်အနေဖြင့် နယ်စပ်ဒေသတစ်လျှောက်တွင် မြန်မာနိုင်ငံကို အခြေပြု၍ အိမ်နီးချင်းနိုင်ငံများ၏ အကျိုးစီးပွားကို ထိခိုက်အောင် လုပ်ဆောင်နေသော မည်သည့်သောင်းကျန်းသူအဖွဲ့အစည်းကိုမျှ လက်ခံမည်မဟုတ်ဟူသည့် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ-အိန္ဒိယနယ်စပ်သာမက အိမ်နီးချင်းနိုင်ငံများ၏ နယ်စပ်ဒေသအားလုံးတွင်ပါ ယင်းမူဝါဒနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# ပထမဆုံးအကြိမ် နိုင်ငံတကာယောဂကျင့်စဉ်နေ့ကို ကမ္ဘာတစ်ဝန်းတွင် ကျင်းပ



**နယူးဒေလီ ဇွန် ၂၁**

ပထမဆုံးအကြိမ် နိုင်ငံတကာယောဂကျင့်စဉ်နေ့ကို ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအများအပြားတွင် ယနေ့ကျင်းပခဲ့ကြောင်း သိရသည်။

ဇွန် ၂၁ ရက်နေ့ကို နိုင်ငံတကာယောဂကျင့်စဉ်နေ့အဖြစ် သတ်မှတ်ပေးရန် အိန္ဒိယဝန်ကြီးချုပ် မိုဒီက ကုလသမဂ္ဂကို အကြံပြုပြောကြားခဲ့ခြင်းဖြစ်သည်။

ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးချုပ်မိုဒီက အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် နိုင်ငံတကာယောဂကျင့်စဉ်နေ့ကို ပြည်သူ ၃၇၀၀၀ ခန့်နှင့်အတူ ပါဝင်ဆင်နွှဲခဲ့သည်။ ကနဦးတွင် ဝန်ကြီးချုပ်အနေဖြင့် နိုင်ငံတကာယောဂကျင့်စဉ်နေ့တွင် ပါဝင်ဆင်နွှဲမည်မဟုတ်ဘဲ တက်ရောက်မိန့်ခွန်းပြောကြားမည်သာဖြစ်ကြောင်း တာဝန်ရှိသူများက ဆိုသည်။ သို့သော် ယခုကဲ့သို့ ပါဝင်ဆင်နွှဲခြင်းသည် ပြည်သူများကို ပျော်ရွှင်အံ့အားသင့်စေသည်။

နိုင်ငံတကာယောဂကျင့်စဉ်နေ့ကို ကျင်းပခြင်းသည် လူသားတို့၏စိတ်ကို အေးချမ်းငြိမ်သက်မှုရစေရန် လေ့ကျင့်ပေးခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ်က ဆိုသည်။ ယောဂကျင့်စဉ်သည် ခန္ဓာကိုယ်အတွက်သာမက စိတ်ဓာတ်ပိုင်းကြံ့ခိုင်မှုကိုပါ လေ့ကျင့်ပေးသည့် ကျင့်စဉ်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

နိုင်ငံတကာယောဂကျင့်စဉ်နေ့ကို အိန္ဒိယနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများအပါအဝင် ရေတပ်နှင့် လေတပ်ဖွဲ့များလည်း ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။ ကျူးဘား၊ အင်ဒိုနီးရှား၊ ဘယ်လ်ဂျီယံ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အိန္ဒိယ ထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသများအပါအဝင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၁၉၂ နိုင်ငံတွင် နိုင်ငံတကာယောဂကျင့်စဉ်နေ့ကို ကျင်းပကြကြောင်း သိရသည်။ **ဆင်ဟွာ။**

## အာဖဂန်တောင်ပိုင်း လမ်းဘေးဗုံးပေါက်ကွဲ ကလေးကိုးဦးအပါအဝင် ၁၉ ဦး သေဆုံး

**ကဘူး ဇွန် ၂၁**

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ပြည်နယ်တစ်ခုတွင် လမ်းဘေးထောင်ဗုံးတစ်လုံးပေါက်ကွဲမှုကြောင့် ကလေးကိုးဦး အပါအဝင် လူ ၁၉ ဦးသေဆုံးခဲ့ကြောင်းနှင့် ယင်းနှင့် တစ်ချိန်တည်းတွင် နိုင်ငံမြောက်ပိုင်းတွင် အဓိကကျသော ခရိုင်တစ်ခုအား တာလီဘန် တိုက်ခိုက်ရေးသမားများက သိမ်းယူခဲ့ကြောင်း၊ ယင်းခရိုင်မှာ တိုက်ပွဲများဖြစ်ပွားနေသည့် ကန်ဒုမြို့၏ ရှေ့တန်းနယ်မြေဖြစ်ကြောင်း အာဖဂန်အစိုးရတာဝန်ရှိသူတစ်ဦးက ယနေ့ပြောကြားသည်။

ယမန်နှစ်ကုန်ပိုင်းက အာဖဂန်နိုင်ငံတွင်းမှ နိုင်ငံခြားတပ်ဖွဲ့ဝင်အများစု ထွက်ခွာသွားချိန် နောက်ပိုင်းတွင် အကြမ်းဖက်တိုက်ခိုက်မှုများ အဆက်မပြတ်ဖြစ်ပွားလာခဲ့သည်။

တာလီဘန်စစ်သွေးကြွများသည် နယ်မြေများကို သိမ်းယူနိုင်ရေးအတွက် နေတိုးအဖွဲ့က လေ့ကျင့်သင်ကြားပေးခဲ့သော အာဖဂန်လုံခြုံရေးတပ်ဖွဲ့များအား ထိုးဖောက်တိုက်ခိုက်လျက်ရှိသည်။

ဇွန် ၂၀ ရက် ညပိုင်းက လမ်းဘေးထောင်ဗုံး ပေါက်ကွဲမှုကြောင့် လူ ၁၉ ဦး သေဆုံးပြီး ယင်းတို့ထဲ၌ ကလေးကိုးဦးနှင့် အမျိုးသမီး ရှစ်ဦးပါဝင်ကြောင်း၊ အခြားလူငါးဦးမှာ ဒဏ်ရာများရရှိသွားကြောင်း အာဖဂန်နစ္စတန် နိုင်ငံတောင်ပိုင်း ဟဲလ်မန့်ပြည်နယ် ရဲတပ်ဖွဲ့မှ တာဝန်ရှိသူ ဟာဂျီ ဂျနန် အကွာက ပြောကြားသည်။

သေဆုံးသူများမှာ ကျေးရွာသားများဖြစ်ပြီး မကြာသေးမီက တိုက်ပွဲများဖြစ်ပွားရာ မာဂျက်ခရိုင်မှ ထွက်ပြေးလာသူများဖြစ်ကြောင်း၊ ၎င်းတို့သည် ၎င်းတို့ ဇာတိနယ်မြေသို့ပြန်ရန် ကြိုးပမ်းစဉ် ယင်းသို့ ဖြစ်ပွားရခြင်းဖြစ်ကြောင်း၊ ၎င်းရွာသားများမှာ ၎င်းတို့နေထိုင်ရာ ကျေးရွာသို့ ပြန်သွားရန် ဆန္ဒရှိကြကြောင်း၊ သို့သော် ၎င်းတို့ လိုက်ပါလာသည့် ဗင်ကားမှာ တာလီဘန်တို့ ထောင်ထားသည့် လမ်းဘေးဗုံးထိမှန် ပေါက်ကွဲရခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ အဆိုပါဗုံးပေါက်ကွဲမှုနှင့် ပတ်သက်၍ တာဝန်ရှိသည်ဟု မည်သည့်အဖွဲ့အစည်းကမျှ ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သတင်းတွင် ဖော်ပြသည်။ **ရိုက်တာ။**

## မွန်ဘိုင်းတွင် အရက်အဆိပ်သင့်၍ ၈၄ ဦး သေဆုံး

**နယူးဒေလီ ဇွန် ၂၁**

အိန္ဒိယနိုင်ငံအနောက်ပိုင်း မွန်ဘိုင်းမြို့တွင် အဆိပ်သင့်အရက်များသောက်သုံးသဖြင့် အနည်းဆုံးသေဆုံးသူ ၈၄ ဦး ရှိပြီဖြစ်ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ယနေ့ ပြောကြားသည်။

မွန်ဘိုင်းမြို့ မာလက်နယ်မြေ ဆင်းရဲသားရပ်ကွက်၌ နေထိုင်ကြသူများသည် မေ ၁၇ ရက် နံနက်ပိုင်းတွင် အဆိုပါအရက်ကိုသောက်ကြပြီးနောက် နေထိုင်မကောင်းဖြစ်ကြသည်ဟု ရဲများက ပြောကြားသည်။

အခြားသော လူ ၃၀ ကျော်မှာ ဆေးရုံ၌ တက်ရောက်ကုသလျက်ရှိပြီး သေဆုံးသူအရေအတွက် တိုးလာနိုင်သည်ဟုဆိုသည်။

တန်ဖိုးနည်းသော ချက်အရက်များကို မကြာခဏသောက်သုံးလေ့ရှိသည့် အိန္ဒိယတွင် အဆိပ်သင့်အရက်ကြောင့် လူသေဆုံးရခြင်းမှာ ဖြစ်ရိုးဖြစ်စဉ်ဖြစ်သည်။ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ သက်ဆိုင်သူများဟု ယူဆရသူငါးဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးထားသည်။ ရဲတပ်ဖွဲ့တွင်လည်း ယင်းဖြစ်စဉ်အပေါ် တာဝန်မဲ့သည်ဟု ယုံကြည်ရသူရဲတပ်ဖွဲ့ဝင်ရှစ်ဦးကိုလည်း တာဝန်မှ ရပ်ဆိုင်းခဲ့သည်ဟု မီဒီယာများကဖော်ပြသည်။

အဆိပ်သင့်အရက်သောက်သဖြင့် နေမကောင်းဖြစ်လာဖွယ်ရာရှိသူများကို ရဲတပ်ဖွဲ့ဝင်များက တစ်အိမ်တက်တစ်အိမ်ဆင်း ရှာဖွေခဲ့ကြကြောင်း ရဲအရာရှိတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍"အောက်လွတ်" မဂ္ဂဇင်းက ဖော်ပြသည်။

ထိုသို့ရှာဖွေရာတွင် လူရှစ်ဦးကိုတွေ့ရှိပြီး ဆေးရုံတင်ပေးနိုင်ခဲ့ကြောင်း ရဲအရာရှိတစ်ဦးက ပြောသည်။ **ရိုက်တာ။**

## ဘရာဇီးပီထရိုဘရာ ချစားမှုအရှုပ်တော်ပုံတွင် ဆောက်လုပ်ရေးလုပ်ငန်းရှင်နှစ်ဦးကိုဖမ်းဆီး

**ဆော်ပေါ်လို ဇွန် ၂၁**

နိုင်ငံတော်ပိုင် ရေနံကုမ္ပဏီကြီး ပီထရိုဘရာ၌ ပေါ်ပေါက်လျက်ရှိသည့် အဂတိလိုက်စားမှု အရှုပ်တော်ပုံကို စုံစမ်းစစ်ဆေးမှု ပြုလုပ်ရာတွင် ဘရာဇီးနိုင်ငံသား ထိပ်တန်းစီးပွားရေးလုပ်ငန်းရှင် နှစ်ဦးကို ဖမ်းဆီးလိုက်ပြီဖြစ်ကြောင်း မကြာသေးမီက သတင်းများတွင် ဖော်ပြသည်။

လက်တင်အမေရိက၏ အကြီးဆုံးဆောက်လုပ်ရေးကုမ္ပဏီအုပ်စု "အိုဒီဘရက်ချ်"၏အကြီးအကဲ မာဆဲလ်လို အိုဒီဘရက်ချ်နှင့် နောက်တစ်ခု နာမည်ကြီး ဆောက်လုပ်ရေးကုမ္ပဏီ "အန်ဒရာဒဲး ဂူတိုင်းရီ(ဇ်)"အကြီးအကဲ အိုတာဗီယို အဇီဗီဒိုတို့ကို ထိန်းသိမ်းခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ကုမ္ပဏီများသည် "ပီထရိုဘရာ"၏ ကန်ထရိုက်လုပ်ငန်းမှ အကျိုးအမြတ်များစွာရရှိရန် ချစားသော အရာရှိများကို လာဘ်ငွေများ၊ တံစိုးလက်ဆောင်များပေးအပ်ခဲ့ကြောင်း စုံစမ်းစစ်ဆေးသူများက စွပ်စွဲထားသည်။

ထိပ်တန်းနိုင်ငံရေးသမားများသည် လာဘ်ငွေများရယူခဲ့ကြသည်ဟု စွပ်စွဲမှုများရှိနေသဖြင့် အဆိုပါအဂတိလိုက်စားမှုအရှုပ်တော်ပုံက လက်ရှိအာဏာရအလုပ်သမားပါတီကို ထိခိုက်လျက်ရှိသည်။ ပီထရိုဘရာ၌ ချစားအကျင့်ပျက်မှုများဖြစ်ပွားနေသည်ဟု ယုံကြည်ရသော ကာလတွင် ယင်း၏ ဥက္ကဋ္ဌအဖြစ် လက်ရှိသမ္မတဒီလ်မာရူးဆက်က တာဝန်ထမ်းဆောင်လျက်ရှိခဲ့သော်လည်း ၎င်းမှာအရှုပ်တော်ပုံမှကင်းလွတ်လျက်ရှိသည်။ **ရိုက်တာ။**

## ဒုက္ခသည်များကို ပိုမိုကူညီရန် ဂျိုလီတိုက်တွန်း

**ကုလသမဂ္ဂ ဇွန် ၂၁**

နာမည်ကျော်ဟောလိဝုဒ်မင်းသမီး အိန်ဂျလီနာ ဂျိုလီက ကမ္ဘာ့ဒုက္ခသည်များနေ့ (ဇွန် ၂၀ ရက်နေ့)တွင် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ဒုက္ခသည်များကို ပိုမိုကူညီစောင့်ရှောက်ရန် တိုက်တွန်းတောင်းဆိုလိုက်သည်။

ဂျိုလီသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အထူးသံတမန်တစ်ဦးဖြစ်ပြီး စနေနေ့က တူရကီနိုင်ငံတောင်ပိုင်းရှိ ဒုက္ခသည်စခန်းတစ်ခုသို့ သွားရောက်ကာ ဒုက္ခသည်အချို့နှင့် တွေ့ဆုံခဲ့သည်။ အဆိုပါ ဒုက္ခသည်စခန်းသည် ဆီးရီးယားပြည်တွင်းစစ်ကြောင့် ထွက်ပြေးတိမ်းရှောင်လာသော ဆီးရီးယားဒုက္ခသည်ထောင်ပေါင်းများစွာရှိသည့် စခန်းဖြစ်သည်။

ဆီးရီးယားနိုင်ငံမှ ထွက်ပြေးလာသည့် ဒုက္ခသည် လေးသန်းအနက် ၁ ဒသမ ၇ သန်းခန့်သည် တူရကီနိုင်ငံတွင် ရောက်ရှိနေသည်ဟု ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ပြောကြားသည်။

"ဒုက္ခသည်တွေဟာ အခြေခံလူ့အခွင့်အရေးတွေ ဆုံးရှုံးနစ်နာနေကြပါတယ်။ ဒီပြဿနာဟာ ကမ္ဘာ့လုံခြုံရေးနဲ့ တည်ငြိမ်ရေးကို ထိခိုက်စေမယ့် ပြဿနာပါ။ အခုချိန်ဟာ ဒုက္ခသည်တွေကို ပိုမိုဂရုစိုက်ထောက်ပံ့ရမယ့်ကာလဖြစ်ပါတယ်" ဟု ဂျိုလီက သတင်းထောက်များကို ပြောကြားသည်။ **အင်န်အိတ်ချ်ကေ။**



# လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးပိုမိုခိုင်မာစေရန် ကြိုးပမ်းအားထုတ်နေမှုများနှင့်တိုးတက်မှုများကို မျှဝေဖလှယ်





## ဒုတိယအကြိမ် မြန်မာ-ဥရောပသမဂ္ဂ(အီးယူ) လူ့အခွင့်အရေးဆွေးနွေးပွဲပြုလုပ်ခဲ့ခြင်း ပူးတွဲသတင်းထုတ်ပြန်ချက်

၁။ ဒုတိယအကြိမ် မြန်မာ-အီးယူ လူ့အခွင့်အရေးဆွေးနွေးပွဲကို (၁၈-၆-၂၀၁၅)ရက်နေ့တွင် နေပြည်တော်၌ပြုလုပ်ခဲ့ပါသည်။ ယင်းဆွေးနွေးပွဲမတိုင်မီ (၁၇-၆-၂၀၁၅)ရက်နေ့တွင် ရန်ကုန်မြို့၌ လူမှုအဖွဲ့အစည်းဖိုရမ်တစ်ရပ် ပြုလုပ်ခဲ့ရာ လူမှုအဖွဲ့အစည်းများနှင့် လူ့အခွင့်အရေးကာကွယ်သူများတက်ရောက်ခဲ့ပြီး အီးယူနှင့် မြန်မာနိုင်ငံတို့ရှိ လူ့အခွင့်အရေးအခြေအနေများကိုဆွေးနွေးခဲ့ကြပါသည်။ သက်ဆိုင်သူများနှင့်လည်း နှစ်ဖက်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

၂။ ဒုတိယအကြိမ် မြန်မာ-အီးယူ လူ့အခွင့်အရေးဆွေးနွေးပွဲကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဥရောပသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် စတဗ်ရို့စ် လမ်ဘရီနီးဒီးစ်တို့က ဖွင့်လှစ်ပေးခဲ့ပါသည်။ ယင်းဆွေးနွေးပွဲတွင် မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်လင်းနှင့် ဥရောပသမဂ္ဂကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် သံအမတ်ကြီး ရိုလန်ကိုဘီတို့က ပူးတွဲသဘာပတိများအဖြစ်ဆောင်ရွက်ခဲ့ကြပါသည်။ ဆွေးနွေးပွဲဖွင့်ပွဲကို သမ္မတရုံးဝန်ကြီးဌာန(၃) ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် သမ္မတရုံးဝန်ကြီးဌာန(၄) ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်တို့ တက်ရောက်ခဲ့ကြပါသည်။

၃။ ဆွေးနွေးပွဲတွင် နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများနှင့် တူညီသည့်တန်ဖိုးထားရှိမှုများကို အခြေခံ၍ လူ့အခွင့်အရေးနယ်ပယ်တွင် ဆွေးနွေးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဆက်လက်ခိုင်မာစေရန် နှစ်ဖက်လုံး၏ သန္နိဋ္ဌာန်ရှိမှုကို ထပ်လောင်းအတည်ပြုခဲ့ကြပါသည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီကူးပြောင်းမှုနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဆက်လက်အထောက်အကူပြုရန်နှင့် ယင်းတို့ကိုအခြေခံသည့် နှစ်ဖက်ဆက်ဆံရေးပိုမိုနက်ရှိုင်းစေရန် အခိုင်အမာသန္နိဋ္ဌာန်ချထားသည်ကို အီးယူကအလေးထားပြောကြားခဲ့ပါသည်။

၄။ လူ့အခွင့်အရေးကိစ္စရပ်များကို တစ်ရက်တာ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့ကြပါသည်။ ယင်းသို့ နှစ်ဖက်လူ့အခွင့်အရေးကိစ္စများဆွေးနွေးရာတွင် မြေယာအခွင့်အရေး၊ အလုပ်သမားအခွင့်အရေး၊ ရွှေ့ပြောင်းသွားလာမှုနှင့် ရွှေ့ပြောင်းသွားလာသူများ၏လူ့အခွင့်အရေး၊ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရသူများ၊ ထိန်းသိမ်းရေးစခန်းများ အခြေအနေတိုးတက်ကောင်းမွန်ရေး၊ ခွဲခြားဆက်ဆံမှုမရှိရေး၊ သည်းမခံမှုများတိုက်ဖျက်ရေးဥပဒေမူဘောင်၊ အီးယူနှင့် မြန်မာနိုင်ငံတို့တွင် လူနည်းစုများကို ကာကွယ်ရေးနှင့် နိုင်ငံတကာလူ့အခွင့်အရေးဆွေးနွေးပွဲများတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ပင်မစာချုပ်များအတည်ပြုရေးတို့ ပါဝင်ခဲ့ပါသည်။ ဆွေးနွေးပွဲတွင် နှစ်ဖက်လုံး၌ လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေး ပိုမိုခိုင်မာစေရန် ကြိုးပမ်းအားထုတ်နေမှုများနှင့် နောက်ဆုံးတိုးတက်မှုများ၊ အလေ့အထကောင်းများကို မျှဝေဖလှယ်ခဲ့ကြပါသည်။

၅။ ရွှေ့ပြောင်းသွားလာသူများနှင့်စပ်လျဉ်း၍ မြေထဲပင်လယ်နှင့် ကပ္ပလီပင်လယ်တို့တွင် လတ်တလောဖြစ်ပွားခဲ့သော အဖြစ်အပျက်များမှ သင်ခန်းစာများနှင့်အဓိကစိန်ခေါ်မှုများကို ဆွေးနွေးခဲ့ကြပြီး အသက်ကယ်ဆယ်ရေးနှင့် ထိခိုက်ခံရသူများ၏ လူ့အခွင့်အရေးကာကွယ်ရေး အရေးကြီးကြောင်း သဘောတူညီခဲ့ကြပါသည်။ မူရင်း၊ ကြားခံနှင့် ဦးတည်ရာနိုင်ငံများတွင် လူမှောင်ခိုကူးမှုနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် လိုအပ်သောအကူအညီပေးရေး ဒေသတွင်း ဦးစီးဦးရွက်ပြုမှုများကို အီးယူက ကြိုဆိုအားပေးခဲ့ပါသည်။ စီးပွားရေးနှင့် လူ့အခွင့်အရေး စိုးရိမ်ဖွယ်ရာများအပါအဝင် နိုင်ငံနှင့်ဒေသတွင်း ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာမှုများ၏ အကြောင်းရင်းများကို ဖြေရှင်းရန်အရေးကြီးသည်ကို အီးယူက အလေးပေးပြောကြားခဲ့ပါသည်။

၆။ အီးယူအဖွဲ့ဝင်နိုင်ငံများရှိ ရိုမာရွှေ့ပြောင်းသွားလာနေထိုင်သူများနှင့် ရခိုင်ပြည်နယ် အခြေအနေတို့ အပါအဝင် လူနည်းစုများကို ခွဲခြားမှုမရှိရေးကြိုးပမ်းအားထုတ်နေမှုများနှင့် အကာအကွယ်ပေးသည့် ဥပဒေမူဘောင်ဆိုင်ရာ နောက်ဆုံးတိုးတက်မှုများကို နှစ်ဖက်ဆွေးနွေးခဲ့ကြပါသည်။ လူမျိုးနှင့်ဘာသာကာကွယ်ရေးဆိုင်ရာ ဥပဒေကြမ်း(၄)ခုနှင့်စပ်လျဉ်း၍ အီးယူဘက်မှ ဆွေးနွေးခဲ့ပါသည်။ လူ့အခွင့်အရေးသည် အားလုံးအတွက် ငြင်းဆန်၍မရသော အခွင့်အရေးဖြစ်ပြီး မြန်မာနိုင်ငံ၏ နိုင်ငံတကာလူ့အခွင့်အရေး တာဝန်ဝတ္တရားများနှင့် အဆိုပြုဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ စိုးရိမ်မှုရှိကြောင်း အီးယူကထပ်လောင်းပြောကြားခဲ့ပါသည်။ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့် အပါအဝင် လူနည်းစုများ၏ အခွင့်အရေးများ ပြည့်ပြည့်ဝဝခံစားနိုင်စေရန် သည်းညည်းမခံမှုများ၊ မုန်းတီးစေရေးနှင့် အကြမ်းဖက်ရေး လှုံ့ဆော်မှုများ တိုက်ဖျက်ရန် လိုအပ်သည်ကို နှစ်ဖက်သဘောတူညီခဲ့ကြပါသည်။

၇။ မြေယာအခွင့်အရေးများနှင့်စပ်လျဉ်း၍ မြေယာရရှိခွင့်၊ လယ်မြေအနည်းငယ်သာရှိသည့် လယ်သမားများ လယ်ပိုင်ဆိုင်ခွင့်နှင့် လယ်ယာမြေအငြင်းပွားမှုများဖြေရှင်းရန် ထိရောက်သည့်ဥပဒေမူဘောင်တစ်ရပ် ဖြစ်ပေါ်စေရေး အများပြည်သူကိုတိုင်ပင်ဆွေးနွေးမှုများသည် အရေးကြီးကြောင်း နှစ်ဖက်သဘောတူညီခဲ့ကြပါသည်။

၈။ အလုပ်သမားအခွင့်အရေးနှင့်စပ်လျဉ်း၍ အီးယူက ၂၀၁၅ ခုနှစ် မေလတွင် ဝင်ရောက်ခဲ့သည့် "အခြေခံအလုပ်သမားအခွင့်အရေးများနှင့် အလေ့အထများမြှင့်တင်ရေးအစီအစဉ်" မူဘောင်ဖြင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်ရန် နှစ်ဖက်သန္နိဋ္ဌာန်ချခဲ့ကြပါသည်။ အလုပ်သမားအခွင့်အရေးအတွက် ပိုမိုခိုင်မာသည့်ဥပဒေမူဘောင်နှင့် တာဝန်သိသောရင်းနှီးမြှုပ်နှံမှုနှင့် ညီတူညီမျှစီးပွားရေးတိုးတက်မှုတို့အတွက် ဥပဒေသက်ရောက်မှု တိုးတက်ရန် လိုအပ်မှုများနှင့်စပ်လျဉ်း၍ နှစ်ဖက်ဆွေးနွေးခဲ့ကြပါသည်။

၉။ ယခုနှစ်နှောင်းပိုင်းတွင် ရွေးကောက်ပွဲများပြုလုပ်မည်ဖြစ်ရာ ၂၀၁၅ ခုနှစ်သည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီလုပ်ငန်းစဉ်တွင် သမိုင်းဝင်နှစ်တစ်နှစ်ဖြစ်မည်ကို နှစ်ဖက်ကိုယ်စားလှယ်များ သဘောတူညီခဲ့ကြပါသည်။ ရွေးကောက်ပွဲများသည် ပွင့်လင်းမြင်သာပြီး အများပါဝင်၍ လက်ခံဖွယ်ဖြစ်ရန်မျှော်လင့်ကြောင်း အီးယူကပြောကြားခဲ့ပါသည်။ နိုင်ငံတကာစံနှုန်းများနှင့်အညီ လွတ်လပ်မျှတသည့်ရွေးကောက်ပွဲများပြုလုပ်ရန် မဖြတ်မသုန်ဆုံးဖြတ်ထားသည်ကို မြန်မာဘက်က ထပ်လောင်းပြောကြားခဲ့ပါသည်။ ယခုနှစ်နှောင်းပိုင်းတွင် အီးယူရွေးကောက်ပွဲလေ့လာရေးအဖွဲ့ စေလွှတ်ရေး ဖြစ်နိုင်ခြေဆန်းစစ်ရန် မကြာသေးမီက ပဏာမအဖွဲ့ စေလွှတ်ခဲ့ခြင်းကို မြန်မာဘက်က အသိအမှတ်ပြုခဲ့ပါသည်။

၁၀။ မြန်မာနှင့်အီးယူတို့သည် နှစ်ဖက်နားလည်မှုနက်ရှိုင်းစေရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့ကြပါသည်။ လူ့အခွင့်အရေးနယ်ပယ်တွင် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံးတို့ပူးပေါင်းဆောင်ရွက်နေမှုများကို အီးယူက ကြိုဆိုပြီး မြန်မာနိုင်ငံတွင်ရုံးဖွင့်လှစ်ရေး ခွင့်ပြုရန် အီးယူကပြောကြားခဲ့ပါသည်။

၁၁။ မြန်မာနှင့်အီးယူတို့အကြားပုံမှန်ဆွေးနွေးရာတွင် လူ့အခွင့်အရေးသည်အဓိကအကြောင်းအရာအဖြစ် ဆက်လက်ပါဝင်နေမည်ဖြစ်ပြီး နောက်တစ်ကြိမ်ဆွေးနွေးပွဲကို ၂၀၁၆ ခုနှစ်တွင် ဘရပ်ဆဲလ်မြို့၌ ပြုလုပ်ရန် နှစ်ဖက်သဘောတူညီခဲ့ကြပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန၊**
**နေပြည်တော်။**
**၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၂ ရက်**

## စိတ်ဓာတ်ခိုင်မာသန်စွမ်းရေး အားကစားကဏ္ဍမြှင့်တင်ပေး မူးယစ်ဆေးကို ရှောင်ပါမနေး

DRUGS

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို အထူးအလေးထားလျက် မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ ပြည်သူလူထုဗဟိုပြုသော လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

## တာချီလိတ်ခရိုင်အတွင်း ကျပ်သိန်းပေါင်း ၂၂၅၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**တာချီလိတ် ဇွန် ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာလေမြို့နယ် နားယောင်းအုပ်စုနှင့် ကျိုင်းလပ်မြို့နယ် မိုင်းပါလျှိုးအုပ်စု၌ ဇွန် ၁၉ ရက်က ကျပ်သိန်းပေါင်း ၂၂၅၀ ခန့်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၀ ကျော် သိမ်းဆည်းရမိသည်။

ဖြစ်စဉ်မှာ ဇွန် ၁၉ ရက် နံနက် ၁၀ နာရီက တာလေမြို့နယ် နားယောင်းကျေးရွာအုပ်စု တောင်သုံးလုံးကျေးရွာအနီး တာချီလိတ်-ကျိုင်းတုံသွားပြည်ထောင်စုလမ်းမတွင် တာချီလိတ်ဘက်မှ တာလေဘက်သို့ အိုက်ကျောက်မောင်းနှင်ပြီး ဆမ်တစ် လိုက်ပါလာသည့် နံပါတ်မပါ Haojue Super 110 အမျိုးအစား အနီနက်ကျားဆိုင်ကယ်ကို တာဝန်ရှိသူများက သတင်းအရ ရပ်တန့်စစ်ဆေးရှာဖွေရာ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၉၀ တွေ့ရှိသဖြင့် သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

စိတ်ကြွဆေးပြားများ လက်ဝယ်တွေ့ရှိသူ အိုက်ကျောက်(၂၈)နှစ် ဝမ်းမိုင်ကျေးရွာ မိုင်းယန်းမြို့နယ်နေသူနှင့် ဆမ်တစ်(၁၈)နှစ် ဝမ်ကဲရွာ မိုင်းလင်း(ရှေ့)အုပ်စု တာလေမြို့နယ်နေသူတို့အား တာလေနယ်မြေရဲစခန်းက မယ(ပ) ၁၉/၂၀၁၅၊ မူး/စိတ်ပုဒ်မ ၁၅/၁၉(က)/၂၁ အရ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် ညနေ ၃ နာရီခွဲတွင် ကျိုင်းလပ်မြို့နယ် မိုင်းပါလျှိုးအုပ်စု နမ့်ဖြန်ရွာရှိ အိုက်ထောင်းနှင့် အိုက်အန်တို့နှစ်ဦးနေထိုင်သည့် နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ အိုက်ထောင်းကို နေအိမ်တွင် မတွေ့ရှိဘဲ အိုက်အန်ကိုသာတွေ့ရှိရပြီး ဆက်လက်ရှာဖွေရာ နေအိမ်အပေါ်ထပ်ရှိ စပါးကျီအတွင်းမှ ဆာလာအိတ်ဖြင့် ထည့်ထားပြီး Y-1 တံဆိပ်ပါ ဖယောင်းစက္ကူဖြင့်ပတ်လျက် WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၉၀၀၀၀ (အလေးချိန် ကိုးကီလို) ကာလတန်ဖိုးကျပ် သိန်းပေါင်း ၂၂၅၀ ခန့် တွေ့ရှိသဖြင့် သိမ်းဆည်းခဲ့သည်။

မူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိသူ အိုက်အန်အား မိုင်းပါလျှိုးနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မော်ကြီး(တြိဂံနယ်မြေ)**





## ဧရာဝတီမြစ်အတွင်း တရားမဝင်သစ်လုံးများ သိမ်းဆည်းရမိ

**မန္တလေး ဇွန် ၂၁**

တရားမဝင်ကုန်သွယ်မှုများ မဆောင်ရွက်နိုင်ရေးအတွက် ဇွန် ၁၈ ရက်က ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ခိုင်ဦး ဦးစီးသည့် အဖွဲ့စုံပါဝင်သော မန္တလေး Mobile Team အဖွဲ့သည် ဧရာဝတီမြစ်ကြောင်းအတိုင်း ရွှေကြက်ယက်ဆိပ်အနီး၌စက်လှေတစ်စင်း ဝါးဖောင်တစ်ခုဆွဲပြီး မြောက်မှတောင်သို့ ဖြတ်သန်းမျောသွားသည်ကို တွေ့ရှိရသဖြင့် ရေကြောင်းရဲတပ်ဖွဲ့က လိုက်လံစစ်ဆေးရာ ဝါးဖောင်၏အောက်တွင် တရားမဝင်သစ်လုံးများ သယ်ဆောင်လာကြောင်း တွေ့ရှိရသဖြင့် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသော ဝါးဖောင်အား စစ်ကိုင်းသစ်ဆိပ်သို့ ပြောင်းရွှေ့၍ အဖွဲ့စုံဖြင့် အသေးစိတ်ဆက်လက်စစ်ဆေးရာ ဖောင်၏အောက်တွင် ၃၂ ဒသမ ၂၄၂ တန်ရှိ ပန်းတမာသစ်လုံး ၄၆ လုံး (တန်ဖိုးငွေကျပ် ၁၁၆ သိန်း)၊ စက်လှေတန်ဖိုးကျပ် သိန်း၂၀ စုစုပေါင်း ၁၃၆ သိန်း တန်ဖိုးရှိပြီး သိမ်းဆည်းရမိသောပစ္စည်းများကို စစ်ကိုင်းမြို့ မြန်မာ့သစ်လုပ်ငန်းနှင့် မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံခဲ့သည်။

ဝါးဖောင်၏အောက်တွင် တရားမဝင်သစ်လုံးများ သိုဝှက်သယ်ဆောင်လာသူ ဦးအောင်မျိုးပါ ငါးဦးအား တံတားဦးမြို့နယ်ရဲစခန်းသို့ လွှဲပြောင်းအပ်နှံခဲ့ပြီး မြို့နယ်သစ်တောဦးစီးဌာနက သစ်တောဥပဒေပုဒ်မ ၄၁(က)ဖြင့် တရားစွဲဆိုသွားမည်ဖြစ်ကြောင်း သိရသည်။ **ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# တစ်နိုင်ငံလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ် လေ့ကျင့်ပြုစုပျိုးထောင်ရန် အရေးကြီး

**မန္တလေး ဇွန် ၂၁**

မန္တလေးတိုင်းဒေသကြီး လူမှုစီးပွားဘဝ စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်ရေးနှင့် အရှိန်မြှင့်တင်ဆောင်ရွက်သွားနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်ကော်မတီများ၊ အဖွဲ့အစည်းများ၏ စုပေါင်းတွေ့ဆုံညှိနှိုင်းပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်းတို့ တက်ရောက်သည်။**(ယာပုံ)**

ညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက တိုင်းဒေသကြီးအတွင်း လူမှုအဖွဲ့အစည်းနှင့် အသင်းအဖွဲ့များ၏ ဆောင်ရွက်ပေးနေမှုများအား အသိအမှတ်ပြုအားပေးပါကြောင်း၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ခြင်း၏ အစိတ်အပိုင်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်ခြင်းအား မြှင့်တင်သွားနိုင်ရေးအတွက် စနစ်တကျရှိမှု၊ စည်းကမ်းရှိမှု၊ စည်းလုံးညီညွတ်မှုများအား ဒီမိုကရေစီ ကျင့်စဉ်နှင့်အညီ ဆက်လက်ထိန်းသိမ်းသွားရန် လိုအပ်ပါကြောင်းနှင့် ယခုတိုင်းဒေသကြီးအတွင်း ဖြစ်ပေါ်နေသော လူမှုစီးပွားတိုးတက်မှု၊ ကျန်ရှိမှုနှင့် တွေ့ကြုံနေရသော အခက်အခဲများအား တင်ပြဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက တိုင်းဒေသကြီးအတွင်းသာမက တစ်နိုင်ငံလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ် လေ့ကျင့်ပြုစုပျိုးထောင်ရန် အရေးကြီးပါကြောင်း၊ တစ်ဦးတစ်ယောက်ချင်း အလိုက်၊ အစုအဖွဲ့အလိုက်၊ အသင်းအဖွဲ့အလိုက် စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် အခြေခံ အဆောက်အအုံများ အားကောင်းနေရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ပညာရေး၊ ကျန်းမာရေးနှင့် သက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်များကို အားပေးမြှင့်တင်သွားရမည် ဖြစ်ပါကြောင်း၊ မြို့နယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့ပြကျေးရွာစီမံကိန်းများ စနစ်တကျရေးဆွဲ အကောင်အထည်ဖော်သွားကြရန် လိုပါကြောင်း၊ ရာသီဥတု ပြောင်းလဲလာသည်ဖြစ်ရာ တောင်သူလယ်သမားများအတွက် ရာသီသီးနှံတစ်ခုတည်းကိုသာ မှီခိုလုပ်ကိုင်ခြင်းထက် လယ်ယာကန်သင်းနှင့် အိမ်ခြံမြေများတွင် နှစ်တို၊ နှစ်ရှည်စားသုံး သီးပင်သာမက စိုက်ပျိုးရေးထွက်ကုန် တိုးတက်ရေး၊ ဝင်ငွေတိုးတက်ရရှိရေး၊ ပြောင်းလဲတိုးတက်အောင် ပညာပေးစည်းရုံး ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်းနှင့် အမျိုးသားရေး စိန်ခေါ်မှုဖြစ်သည့် မူးယစ်ဆေးဝါး၊ လောင်းကစား၊ အရက်သေစာသောက်စားခြင်းများလျော့နည်း ပပျောက်၊ ကင်းဝေးအောင် တက်ရောက်လာကြသော သက်ဆိုင်ရာ မြို့နယ်ကော်မတီများ၊ အဖွဲ့အစည်းများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။





ထို့နောက် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များဖြစ်ကြသော ကျောက်ပန်းတောင်း၊ ညောင်ဦး၊ ပျော်ဘွယ်၊ ရမည်းသင်း၊ ဝမ်းတွင်း၊ မလှိုင်၊ မိတ္ထီလာ၊ ငါန်းဇွန်၊ နွားထိုးကြီး၊ တောင်သာ၊ မြင်းခြံ၊ မြစ်သား၊ တံတားဦး၊ စဉ့်ကိုင်၊ ကျောက်ဆည်၊ မတ္တရာ၊ သပိတ်ကျင်း၊ စဉ့်ကူး၊ မိုးကုတ်၊ ပြင်ဦးလွင်၊ ပုသိမ်ကြီးနှင့် အမရပူရမြို့နယ်များ၏ ဖွံ့ဖြိုးမှု အထောက်အကူပြုရေးကော်မတီဥက္ကဋ္ဌများက ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းတံတား ဆောက်လုပ်မှု၊ ပြီးစီးတိုးတက်နေမှုနှင့်လိုအပ်မှု အခြေအနေများကို တင်ပြဆွေးနွေးညှိနှိုင်းကြရာ ပြည်ထောင်စုဝန်ကြီးများက အကြံပြုဆွေးနွေးညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# နိုင်ငံတကာဈေးကွက်တစ်ခုဖြစ်လာသည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ

(၅၂)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၁၅ခုနှစ် ဇွန် ၂၄ ရက်မှ ဇူလိုင် ၆ ရက်ထိ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမတွင် ကျင်းပတော့မည်ဖြစ်သည်။ ယခုကဲ့သို့ ကျောက်မျက်ရတနာပြပွဲများက နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေများကို အမြောက်အမြား ရှာဖွေပေးလျက်ရှိသည်။ ယခုအကြိမ်ပြပွဲတွင်လည်း နိုင်ငံပေါင်း (၂၂)နိုင်ငံမှ ပြည်ပရတနာကုန်သည်များ လာရောက်ဝယ်ယူနိုင်ရေးအတွက် သတ္တုတွင်းဝန်ကြီးဌာနက စီမံဆောင်ရွက်ထားသည်။ အစိုးရသစ် လက်ထက်တွင် မိမိတို့နိုင်ငံ၏ တွင်းထွက်သယံဇာတများဖြစ်သည့် ကျောက်စိမ်း၊ ကျောက်မျက်အပြင် အခြားရတနာပစ္စည်းများ ဈေးကောင်းရရှိအောင် နိုင်ငံတကာဈေးကွက်တစ်ခုကို နေပြည်တော်တွင် ဖန်တီးပေးနိုင်ခဲ့ပြီဖြစ်သည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲများတွင် ကျောက်စိမ်းအရိုင်းတုံးများ၊ကျောက်စိမ်းအချောထည်များ၊ ကျောက်မျက် ရတနာအရိုင်းများနှင့် သွေးပြီး ကျောက်မျက်ရတနာအချောထည်များ၊ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲတို့ဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာများ၊ ရုပ်တုများ၊ ပုံဆောင်ခဲများ၊ ကျောက်ကပ်ပန်းချီကားများနှင့် ငွေထည်ပစ္စည်းများကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များထံ ရောင်းချပေးလျက်ရှိသည်။

ယခုရတနာပြပွဲသို့ ပြည်တွင်းရတနာကုန်သည်များနှင့် နိုင်ငံပေါင်း (၂၂) နိုင်ငံမှ ပြည်ပရတနာကုန်သည် ခြောက်ထောင်ကျော် ဖိတ်ကြားထားပြီး ပြည်ပရတနာ ကုန်သည် ၃၀၀၀ နီးပါးနှင့် ပြည်တွင်းရတနာကုန်သည် ၂၀၀၀ ကျော် တက်ရောက်ကြမည်ဖြစ်သည်။

ယခုအကြိမ်ကျင်းပမည့် ၂၀၁၅ ခုနှစ် (၅၂)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်မျက်အတွဲပေါင်း ၃၂၃ တွဲနှင့် ကျောက်စိမ်းအတွဲပေါင်း ၈၉၄၃ တွဲကို အိတ်ဖွင့်တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး **ကျောက်စိမ်းအတွဲများ ရောင်းချရာတွင်** အခြေခံဈေးယူရိုငွေ ၄၀၀၀ မှ ၂၀၀၀၀၀ ထိ သတ်မှတ်သည့် ကျောက်စိမ်းအတွဲပေါင်း ၈၆၀၈ တွဲကို ဇွန် ၂၈ ရက်မှ ဇူလိုင် ၃ ရက်အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးမည်ဖြစ်ကာ အခြေခံဈေး ယူရိုငွေ ၂၀၀၀၀၁ နှင့်အထက် သတ်မှတ်သည့် ကျောက်စိမ်းအတွဲပေါင်း ၃၃၅ တွဲကို ဇူလိုင် ၄ ရက်မှ ၆ ရက်အထိ ဈေးပြိုင်စနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ **ကျောက်မျက်အတွဲများရောင်းချရာတွင်** ကျောက်မျက်အတွဲနှင့် လက်ဝတ်ရတနာအတွဲများကို ဇွန် ၂၄ ရက်မှ ၂၆ ရက်အထိ ခင်းကျင်းပြသသွားမည်ဖြစ်ပြီး ဇွန် ၂၇ ရက်တွင် အခြေခံဈေးယူရိုငွေ ၅၀၀ မှ ၂၀၀၀၀ ထိ သတ်မှတ်သည့် ကျောက်မျက်အတွဲ ၂၃၆ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လည်းကောင်း၊ အခြေခံဈေးယူရိုငွေ ၂၀၀၀၁ နှင့်အထက် သတ်မှတ်သည့် ကျောက်မျက် အတွဲ ၈၇ တွဲကို ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း ရောင်းချပေးမည်ဖြစ်သည်။

ထို့ပြင် ကုမ္ပဏီများမှတင်ပြသော ကျောက်စိမ်းရိုင်းအတွဲ ၈၈၂၅ တွဲ၊ နိုင်ငံပိုင် ကျောက်စိမ်းအချောထည်အတွဲ ၃၀၊ ပုဂ္ဂလိကပိုင် ကျောက်စိမ်းအချောထည် ၂၅ တွဲ၊ ကျောက်စိမ်း မဟုတ်သော အခြားတွင်းထွက် ၆၃ တွဲနှင့်အခြေခံဈေး ယူရိုတစ်သန်းနှင့် အထက် ကျောက်စိမ်းအတွဲပေါင်း ၈၆ တွဲကိုလည်း ထည့်သွင်း၍ ပြသရောင်းချပေးသွားမည်ဖြစ်သည်။

ပြပွဲဝင်ခွင့် Radio Frequency Identification (RFID) ကတ်များကို ရန်ကုန်နှင့် မန္တလေးမြို့များရှိ ကျောက်မျက်အသင်းရုံးများတွင် Pre Registration Counter များ ဖွင့်လှစ်၍ ကြိုတင်ပြုလုပ်ပေးလျက်ရှိသည့်အပြင် သတ္တုတွင်းဝန်ကြီးဌာန၏ Website www.mining.gov.mm နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ Website www.mge.gov.mm တို့မှ တစ်ဆင့် ကြိုတင်မှတ်ပုံတင်နိုင်ပြီး ကျောက်မျက်ဝယ်ယူမည့် ကုန်သည်များအနေဖြင့် မိမိဝယ်ယူလိုသည့် ပမာဏကို တွက်ချက်ကာ တန်ဖိုး၏ ငါးရာခိုင်နှုန်းကို အာမခံစပေါ်ငွေ(Deposit) ကြိုတင်ပေးသွင်းရမည် ဖြစ်ကြောင်း သိရသည်။

ပြပွဲတက်ရောက်လာမည့် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ၏ တည်းခိုရေး၊ စားသောက်ရေး၊ သွားလာရေး၊ ကျန်းမာရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်ထားရှိပြီး လိုအပ်သောငွေများ အလွယ်တကူ ထုတ်ယူရန်အတွက် (ATM) စက်များနှင့် နိုင်ငံခြားငွေလဲလှယ်ရာတွင် အဆင်ပြေစေရန်အတွက် Money Changer များကိုလည်း စီစဉ်ဆောင်ရွက်ထားသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲများ အောင်မြင်စွာကျင်းပနိုင်ခြင်းဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားကျောက်မျက်လုပ်ငန်းရှင်များအတွက် နိုင်ငံခြားဝင်ငွေ အမြောက်အမြား ရှာဖွေနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များက နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများတွင် ပါဝင်လှူဒါန်းခြင်း၊ ရတနာနယ်မြေဒေသများတွင် လမ်းတံတားများ၊ ဆေးရုံများ တည်ဆောက်ခြင်းစသည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင်လည်း ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းထံမှ သိရသည်။

ထို့ပြင် ကျောက်မျက်ရတနာပြပွဲများနှင့် ဆက်နွယ်နေသည့် အလုပ်အကိုင်အခွင့်အလမ်းများရရှိသည့်အပြင် ပို့ဆောင်ရေး၊ တည်းခိုရေးကဏ္ဍမှလည်း နိုင်ငံခြားဝင်ငွေများရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။

ယခု ၂၀၁၅ ခုနှစ် (၅၂)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲသည် (၈၈) ပွဲမြောက်ကျင်းပမည့် ရတနာပြပွဲဖြစ်သည်။ မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၁၉၆၄ ခုနှစ်မှ စတင်၍ကျင်းပပေးခဲ့ပြီး ၁၉၆၄ ခုနှစ် ပထမအကြိမ်ပြပွဲမှ ၁၉၉၃ခုနှစ် အကြိမ်(၃၀)မြောက်ပြပွဲအထိ ရန်ကုန်မြို့ရှိ အင်းလျားကန်ဟိုတယ်တွင် ကျင်းပခဲ့သည်။

ထို့ပြင် ၁၉၉၃ ခုနှစ် နှစ်လယ်ရတနာပြပွဲမှစ၍ ၂၀၀၆ခုနှစ် မတ်လ (၄၃)ကြိမ်မြောက်ရတနာပြပွဲအထိ ပြပွဲပေါင်း ၃၅ ပွဲကို ရန်ကုန်မြို့ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ ကျောက်မျက်ရတနာပြပွဲခန်းမ၌လည်းကောင်း၊ ၂၀၀၆ခုနှစ် ဇွန်/ဇူလိုင်လ အထူးရောင်းချပွဲမှ ၂၀၁၀ခုနှစ် ဇွန်/ဇူလိုင်လအထူးရောင်းချပွဲအထိ ပြပွဲပေါင်း ၁၃ ပွဲကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ Myanmar Convention Centre (MCC)တွင် လည်းကောင်းပြုလုပ်ခဲ့သည်။

၂၀၁၀ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးယန္တရားနှင့် ပုဂ္ဂလိက အခန်းကဏ္ဍတို့ကို အရှိန်အဟုန်ဖြင့် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ခဲ့သည်။ ထိုသို့ ပြုပြင်ပြောင်းလဲမှုများနှင့်အတူ မြန်မာ့တွင်းထွက်ရတနာများ တန်ဖိုး ထိုက်တန်စွာ ရရှိရေးအတွက် နိုင်ငံတကာဈေးကွက်တစ်ခုကို နေပြည်တော်၌ ဖန်တီးပေးခဲ့သည်။ ၂၀၁၀ ခုနှစ် နိုဝင်ဘာလ နှစ်လယ်ရတနာပြပွဲမှ ၂၀၁၄ခုနှစ် (၅၁)ကြိမ် မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲထိ ပြပွဲပေါင်းရှစ်ပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမနှင့် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (ရတနာဈေးအထပ်) တို့တွင် အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ပြီး နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ အမြောက်အမြားကို ရှာဖွေပေးနိုင်ခဲ့သည်။

နိုင်ငံတော်အနေဖြင့်လည်း နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာ အချောထည်နှင့် လက်ဝတ်ရတနာ ဈေးကွက် ရာခိုင်နှုန်းပြည့်ဖြစ်ထွန်းစေရေး၊ ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာများ၏ အရည်အသွေးမြှင့်တင်ရောင်းချနိုင်ရေး၊ ပြည်ပဈေးကွက်ထိုးဖောက်နိုင်ရေးအတွက် အလေးပေးဆောင်ရွက်နေချိန် ဖြစ်သည့်အတွက် များမကြာမီကာလတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲများက ပြည်ပဈေးကွက်သို့ ယခုထက်ပိုမိုထိုးဖောက်ဝင်ရောက်နိုင်မည်ဟု ယုံကြည်မိပါကြောင်း။

**ကျော်သူထက်**

# မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

**အောင်လံ ဇွန် ၂၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၁၅ ခုနှစ် မိုးရာသီသီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ စပါး တစ်ဧကလျှင် ငွေကျပ် တစ်သိန်း၊ စက်မှုကုန်ကြမ်း(အခြား)သီးနှံ တစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ထုတ်ချေးမည်ဖြစ်ပြီး အတိုးနှုန်းမှာ ငွေကျပ် ၁၀၀ အပေါ်တစ်လ အတိုး ၄၂ ပြားသာ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

လုပ်ကွက်ငယ်လုပ်ကိုင်သည့် ၁၀ ဧကနှင့်အောက် တောင်သူများကို လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) အရ ထုတ်ချေးပေးမည်ဖြစ်ပြီး ဇွန် ၅ ရက်အထိ ရပ်ကွက်/ကျေးရွာအုပ်စု လေးအုပ်စုမှ တောင်သူ ၉၃ ဦးအား ချေးငွေ ၁၂၅ ဒသမ ၆ သိန်း ထုတ်ချေးပြီးဖြစ်ရာ အောင်လံမြို့နယ်အနေဖြင့် ၂၀၁၅- မိုးသီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေကိုရပ်ကွက်/ကျေးရွာအုပ်စု ၉၇ အုပ်စုသို့ ငွေကျပ်သန်း ၆၀၀၀ ထုတ်ချေးပေးရန်လျာထားကြောင်းနှင့်ချေးငွေစာချုပ် ပုံစံများကိုလည်း အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

❒

# သတင်းစာဖတ်ပရိသတ်များသိသာနိုင်ပါရန်

အမြို့မြို့အနယ်နယ်မှ ကိုယ်စားလှယ်ကြီးများထံသို့ ကြေးမုံသတင်းစာအား တစ်စောင်လျှင် ငွေကျပ် ၅၀ ဖြင့် နေ့စဉ်ဖြန့်ချိပေးလျက်ရှိပါသည်။ ကိုယ်စားလှယ်ကြီးများအနေဖြင့် သင့်တင့်သောဝန်ဆောင်ခ ရယူ၍ မိဘပြည်သူ သတင်းစာဖတ်ပရိသတ်များထံသို့ ၎င်းတို့မြို့နယ်ဒေသအလိုက် နေ့စဉ် ဖြန့်ချိပေးလျက်ရှိရာ လက်ရှိလပေးရယူနေသော နှုန်းထားအတိုင်း ဈေးနှုန်းမပြောင်းလဲဘဲ နေ့စဉ်ပေးပို့သွားမည်ဖြစ်ပါသည်။ အကယ်၍ မူလတောင်းခံနေသည့် ဈေးနှုန်းထက် ပိုမိုတောင်းခံခြင်းများရှိပါက ကြေးမုံသတင်းစာတိုက် ဖုန်း-၀၉ ၃၃၆ ၄၄၂ ၀၉ သို့ ဆက်သွယ်အသိပေး အကြောင်းကြားနိုင်ပါသည်။

**(ကြေးမုံသတင်းစာတိုက်)**









# (၆)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေး အဆင့်မြင့်အရာရှိကြီးများ အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၂၁**

(၆)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေး အဆင့်မြင့်အရာရှိကြီးများ အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ မြန်မာကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ကျင်းပရာ **(အပေါ်ပုံ)** ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ဆွေးနွေးကြသည်။

အဆိုပါ အက်မက်စ်အဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများသည် (၆)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးတွင် ထုတ်ပြန်မည့် နေပြည်တော်ကြေညာချက် (မူကြမ်း)နှင့် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာရေး့လုပ်ငန်းစဉ်( ၂၀၁၆-၂၀၁၈) (မူကြမ်း)တို့အား အသေးစိတ်ဆွေးနွေးခဲ့ပြီး ဇွန် ၂၂ ရက်တွင် ပြုလုပ်မည့် အက်မက်စ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

# (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေး အဆင့်မြင့်အရာရှိကြီးများ အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၂၁**

(၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေး အဆင့်မြင့်အရာရှိကြီးများ အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ MICC-I အဆောက်အအုံ၌ကျင်းပရာ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။ **(အောက်ပုံ)**

အဆိုပါ စီအယ်လ်အမ်ဗွီ အဖွဲ့ဝင်လေးနိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများသည် စီအယ်လ်အမ်ဗွီနိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးအစီအစဉ်မူကြမ်းကိုလည်းကောင်း၊ စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးအစီအစဉ်မူကြမ်းကို လည်းကောင်း ဆွေးနွေးကာ ဇွန် ၂၂ ရက်တွင် ကျင်းပမည့် စီအယ်လ်အမ်ဗွီ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တင်ပြရန် သဘောတူခဲ့ကြသည်။

ထို့အပြင် (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးတွင် ထုတ်ပြန်မည့် ပူးတွဲကြေညာချက်မူကြမ်းကိုလည်း အသေးစိတ်ဆွေးနွေးခဲ့ပြီး ဇွန် ၂၂ ရက်တွင် ပြုလုပ်မည့် စီအယ်လ်အမ်ဗွီ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။ **(သတင်းစဉ်)**



# ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီ

**နေပြည်တော် ဇွန် ၂၂**

မစ္စတာ ပေါလ် အာဆီဂါအား ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ပေါလ် အာဆီဂါအား ၁၉၅၈ ခုနှစ် ဒီဇင်ဘာလတွင် ဘေဆယ်လ်မြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ဘေဆယ်လ်တက္ကသိုလ်မှ ဥပဒေပညာဘွဲ့ကို ရရှိခဲ့ပြီး ၁၉၈၃ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ဥပဒေညွှန်ကြားမှုဦးစီးဌာနတွင် ဥပဒေအရာရှိအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ဆွစ်ဇာလန်နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်များထမ်းဆောင်ခဲ့ပြီး ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ ကင်ရှာဆာမြို့၊ အာဂျင်တီးနားနိုင်ငံ ဗျူနိုအေရိစ်မြို့နှင့် အမေရိကန်နိုင်ငံ နယူးယောက်မြို့တို့ရှိ ဆွစ်ဇာလန်သံရုံး၊ အဖွဲ့ရုံးတို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၃ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ဆွစ်ဇာလန်နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ဥပဒေညွှန်ကြားမှုဦးစီးဌာန၏ အကြီးအကဲနှင့် ဥပဒေအကြံပေးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ မစ္စတာ ပေါလ် အာဆီဂါသည် ၂၀၁၀ ပြည့်နှစ် ဇွန်လမှ ယနေ့အချိန်ထိ ဆွစ်ဇာလန်နိုင်ငံ၏ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်အဖြစ် နယူးယောက်မြို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။ မစ္စတာ ပေါလ် အာဆီဂါသည် အိမ်ထောင်သည်ဖြစ်ပြီး သားနှစ်ယောက်ရှိပါသည်။ **(သတင်းစဉ်)**

# ကျေးလက်လူငယ် စွမ်းဆောင်ရည်မြှင့်တင်

**သန်လျင် ဇွန် ၂၁** ။ ။ သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်လူငယ်စွမ်းဆောင်ရည်မြှင့်တင်ရေး (ဆင့်ပွား) သင်တန်းကို ဇွန် ၁၀ ရက်က ဘုရားကုန်းကျေးရွာတွင် ကျင်းပရာ အလွမ်းဆွတ်၊ ကျောင်းကုန်း-ဆိပ်ကြီး၊ ဗိုလ်ချုပ်၊ ရွာသစ်၊ သာယာကုန်း၊ ညောင်သုံးပင်၊ ဘုရားကုန်း၊ ကျိုက်အင်း၊ ကွမ်းခြံကုန်း၊ ကျောက်ရေတွင်း၊ နတ်စင်ကုန်း၊ သဲဖြူချောင်း၊ ကညင်ပင်၊ လက်ယက်စမ်း၊ ပိတုန်းစမ်း စသည့် ကျေးရွာ ၁၅ ရွာမှ ကျေးလက်လူငယ် ၇၅ ဦး တက်ရောက်ကြသည်။ **(ကြေးမုံ)**

စာအုပ်စာပေလူ့မိတ်ဆွေ

# ထန်းတပင်မြို့နယ် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

**ရန်ကုန် ဇွန် ၂၁**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယမန်နေ့ နံနက် ၉ နာရီတွင် ထန်းတပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါဆိုင်ရာ ကျန်းမာရေးပညာပေးဟောပြောပွဲသို့ တက်ရောက်ပြီး ထန်းတပင်မြို့တွင်းရှိ ဗိုလ်ချုပ်လမ်းဘေး ဝဲ၊ ယာတစ်လျှောက် နေအိမ်များတွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးမှုတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကိုကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ထန်းတပင်အခြေခံပညာ အထက်တန်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနား ကျင်းပရာ တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E.Mr.Daniel Zohar Zonshine နှင့် တာဝန်ရှိသူတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဝန်ကြီးချုပ် ဦးမြင့်ဆွေက ကျောင်းဆောင်သစ်ကမ္ပည်းမော်ကွန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးကာ လှိုင်ရတနာခန်းမ၌ အမှာစကားပြောကြားသည်။

ထို့နောက် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးအိုက်ထွန်းက ကျောင်းဆောင်သစ်ဆောက်လုပ် လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီးက အလှူရှင်များကိုယ်စား ဝမ်းမြောက်စကားပြောကြားသည်။

ယင်းနောက် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌက ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများနှင့် ထန်းတပင်အထက မြတ်ဆရာပူဇော်ပွဲအတွက် ရန်ပုံငွေကျပ်သိန်း ၅၀ ကို တာဝန်ရှိသူထံ ပေးအပ်သည်။

ထို့နောက် ထန်းတပင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းမူက ကျေးဇူးတင်စကားပြောကြားသည်။ **(သတင်းစဉ်)**

# ငပုတောမြို့နယ် တောင်ကလေးကျေးရွာတွင် လေဆင်နှာမောင်းတိုက်ခတ်ရာ နေအိမ်အချို့ပျက်စီး

**ငပုတော ဇွန် ၂၁**

ပုသိမ်ခရိုင် ငပုတောမြို့နယ် တောင်ကလေးကျေးရွာအုပ်စု တောင်ကလေးကျေးရွာတွင် ဇွန် ၂၁ ရက် ညနေ ၃ နာရီက လေဆင်နှာမောင်းတိုက်ခတ်ရာ သွပ်မိုးပျဉ်ထောင်အိမ် ငါးလုံး အမိုးလန်၊ အကာကွာပျက်စီးခဲ့ပြီး ဓနိမိုး၊ ထရံကာ တဲအိမ်လေးလုံးမှာ ယိုင်နဲ့ပြိုကျပျက်စီးခဲ့သည်။ အဆိုပါပျက်စီးဆုံးရှုံးမှုကြောင့် လူဦးရေစုစုပေါင်း ၃၉ ဦးအား တောင်ကလေးအထက(ခွဲ) ကျောင်းသို့ ပြောင်းရွှေ့နေရာချထားပေးပြီး သက်ဆိုင်ရာမှ ကယ်ဆယ်ကူညီထောက်ပံ့ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးကျော်သူ(ပြန်/ဆက်)**



# ဒုတိယသမ္မတ ဦးညဏ်ထွန်း ရုရှားနိုင်ငံမှ ပြန်လည်ရောက်ရှိ



**နေပြည်တော် ဇွန် ၂၁**

ရုရှားနိုင်ငံတွင်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ယမန်နေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် မော်စကိုမြို့ရှိ မြန်မာသံရုံး၌ မြန်မာသံရုံး၊ စစ်သံရုံးဝန်ထမ်းမိသားစုဝင်များ၊ ရုရှားနိုင်ငံရောက် ပညာတော်သင်ကျောင်းသားများနှင့် ရင်းနှီးစွာတွေ့ဆုံ နှုတ်ဆက်ခဲ့သည်။

**ပို့ဆောင်နှုတ်ဆက်**

ယင်းနောက် ဒုတိယသမ္မတ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မော်စကိုမြို့ ဒိုမိုဒီဒိုဗိုလေဆိပ်မှ လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ လေဆိပ်သို့ ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ယုနှင့် သံရုံး၊ စစ်သံရုံးမှ တာဝန်ရှိသူများက လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဒုတိယသမ္မတဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ လေဆိပ်၌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှား သံအမတ်ကြီး မစ္စတာ ဗက်စလီ ဘီပိုစပယ်လော့ဖ်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။**(ဓါတ်ပုံ)**

**(သတင်းစဉ်)**

# ခွဲစိတ်ကုသပေးပြီးချိန်တွင် ဆရာဝန်၏မှာကြားချက်များ သေချာလိုက်နာမည်ဆိုပါက အမှောင်ကမ္ဘာမှ အလင်းကမ္ဘာသို့ ချက်ချင်းပြန်ရောက်မည်ဖြစ်

**နေပြည်တော် ဇွန် ၂၁**



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ပျော်ဘွယ်မြို့ ရှမ်းပွဲရပ်ကွက်ရှိ မှန်နန်းကျောင်းတိုက် ဘုန်းတော်ကြီးသင်ပညာရေးမူလွန်ကျောင်း မြင့်ရတနာကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ မြင့်ရတနာကျောင်းဆောင်သစ်အား မှန်နန်းကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တကိတ္တိသာရ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြင့်ရတနာကျောင်းဆောင်သစ်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို မှန်နန်းကျောင်းတိုက်၌ ကျင်းပရာ ကျောင်းတိုက် ပဓာန နာယက ဆရာတော်က ဩဝါဒမိန့်ကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရှေးမြန်မာမင်းများလက်ထက်က အုပ်ချုပ်သူမင်းနှင့် ပြည်သူများသည် ဘုန်းတော်ကြီးကျောင်းများတွင် ပညာသင်ကြားခဲ့ကြပြီး အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံသည် တောင့်တင်းခိုင်မာသည့် အင်ပါယာနိုင်ငံတော်ကို တည်ထောင်နိုင်ခဲ့ပါကြောင်း၊ အင်္ဂလိပ်၏ ကျွန်ပြုအုပ်ချုပ်ခြင်းကို ခံခဲ့ရပြီးချိန်တွင်လည်း ဘုန်းတော်ကြီးကျောင်းများသည် မျိုးချစ်စိတ်ဓာတ်ဇာတိသွေးဇာတိမာန် ထက်သန်အောင် သင်ကြားပေးနိုင်ခဲ့ပါကြောင်း၊ အမျိုးသားလွတ်မြောက်ရေးဖခင်ဗိုလ်ချုပ်အောင်ဆန်းသည် ငယ်စဉ်က ဘုန်းကြီးကျောင်းတွင် ပညာသင်ကြားခဲ့ပြီး နိုင်ငံလွတ်လပ်ရေးအတွက် ဦးဆောင်ဦးရွက်ပြုခဲ့ပါကြောင်း။

ယခင်က ဘုန်းကြီးကျောင်းများတွင် ဘုရားရှိခိုးအမျိုးမျိုး၊ မင်္ဂလသုတ်လာ ၃၈ ဖြာ မင်္ဂလာတရားတော်များ၊ ရတနာရွှေချိုင့်၊ နမက္ကာယ၊ သဒ္ဒါ၊ သင်္ဂြိုဟ်စသည်ဖြင့် သင်ကြားပေးကြောင်း၊ ထို့ကြောင့် ကျေးရွာအတွင်း သာရေးနာရေးကိစ္စများ၌ ဝိုင်းဖွဲ့၍ အဘိဓမ္မာတရားတော်များကို ဆွေးနွေးလေ့ရှိကြပါကြောင်း၊ ယခုနောက်ပိုင်းတွင် ဘုန်းကြီးကျောင်းမနေကြတော့သဖြင့် အဘိဓမ္မာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးရပါကြောင်း၊ ထို့ကြောင့် ဘုန်းတော်ကြီးကျောင်းများသည် လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးကျေးဇူးများကို ရရှိစေပါကြောင်း၊ ထို့ပြင် ဘုန်းတော်ကြီးသင်ကျောင်းများမှ ပညာရေးသာမက ဗုဒ္ဓစိုရ်တရားများ ထွန်းကားရေးနှင့် အများအကျိုးဆောင်ရွက်လိုစိတ်များ ရှင်သန်ထွန်းကားအောင် ပံ့ပိုးကူညီပေးပါကြောင်း၊ ယနေ့ကမ္ဘာတွင် လူမျိုးရေး၊ ဘာသာရေးနှင့် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ထွန်းပေါ်ပေါက်လာခြင်းသည် ဗြဟ္မစိုရ်တရားမရှိ၍ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင်သာမက အခြေခံပညာကျောင်းများ၌ပါ ဗြဟ္မစိုရ်တရားများ ထွန်းကားလာရေးအတွက် ပြည်သူ့နီတိနှင့် ယဉ်ကျေးမှုသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးရန် လိုအပ်ပါကြောင်း။

ထိုသို့သင်ကြားပေးခြင်းဖြင့် ပြည်သူများ၏ ရပိုင်ခွင့်များနှင့် ဆောင်ရွက်ရန်တာဝန်များကို တတ်ကျွမ်းနားလည်၍ အချင်းချင်း သဟဇာတမျှတစွာဖြင့် နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ရှင်သန်ခိုင်မာရေးအတွက် အားပေးထောက်ပံ့သကဲ့သို့ ပြည်သူများကလည်း ရေရှည်တည်တံ့ခိုင်မြဲစေရန် ကူညီဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရပ်မိရပ်ဖတစ်ဦးက ကျောင်းဆောင်သစ်ဖွင့်လှစ်ပေးသည့်အတွက် ကျေးဇူးတင်စကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးက ဖွင့်ပွဲအထိမ်းအမှတ်အလံများကို ပေးအပ်သည်။

ပျော်ဘွယ်မြို့ ရှမ်းပွဲရပ်ကွက်ရှိ မှန်နန်းကျောင်းတိုက် ဘုန်းတော်ကြီးသင်ပညာရေးမူလွန်ကျောင်း၌ သူငယ်တန်းမှ သတ္တမတန်းအထိ ကျောင်းသား ကျောင်းသူ ၂၃၅ ဦး တက်ရောက်ပညာသင်ကြားနေပြီး ဆရာ ဆရာမ ၁၀ ဦးတို့က ဘာသာရပ်အလိုက် သင်ကြားပို့ချလျက်ရှိသည်။

မွန်းလွဲပိုင်းတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ရမည်းသင်းမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ကျင်းပသည့် ရမည်းသင်းခရိုင်အတွင်း တိပိဋကဓရ စက္ခုပါလအဖွဲ့ (၃) ကြိမ်မြောက် မျက်စိအလင်းအလှူပွဲသို့ သွားရောက်ကြည့်ရှုအားပေးပြီး မျက်မှန်များတပ်ဆင်ပေးသည်။**(အပေါ်ပုံ)**

အခမ်းအနားတွင် ပဓာနအကျိုးဆောင်(၁၁)ကြိမ်မြောက် တိပိဋကဓရ စက္ခုပါလဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တကန္တပါလ ဆရာတော်က ဩဝါဒချီးမြှင့်သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မိမိအနေဖြင့် ရမည်းသင်းခရိုင်သို့ ၂၀၀၈ ခုနှစ်က ရောက်ရှိခဲ့ချိန်တွင် ရေပြဿနာကို စတင်တွေ့ရှိသဖြင့် ရေကောင်းရေသန့်ရရှိရေးကို အထူးအားထုတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရင်းနှင့် မျက်စိရောဂါပြဿနာကို တွေ့ရှိခဲ့ပါကြောင်း။

ထိုအချိန်ကစပြီး ရမည်းသင်းနှင့်ပျော်ဘွယ်တွင် မျက်စိအလင်းအလှူပွဲကို စတင်ဆောင်ရွက်ခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာနမှ စီစဉ်ပေးသည့် ဆရာဝန်ကြီးများနှင့် စတင်ကုသပေးခဲ့ပါကြောင်း၊ နောက်ပိုင်းတွင် ဆရာတော်အမှူးပြုသည့်အဖွဲ့နှင့် လုပ်ခဲ့ပါကြောင်း၊ မျက်စိဝေဒနာကို ဦးစားပေးဆောင်ရွက်ရခြင်းသည် လူမှာရှိသော အာရုံခြောက်ပါးဖြစ်သည့် စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မနတို့အနက် မျက်စိကွယ်ခြင်းသည် အမှောင်ကမ္ဘာကို ရောက်သွားခြင်းဖြစ်ပါကြောင်း။

ဘာသာရေးအရ ပြောရမည်ဆိုလျှင် သုညကမ္ဘာကို ရောက်သွားခြင်းဖြစ်ပါကြောင်း၊ ဘုရားဖူးချင်၍မရ၊ သံဃာကို ဖူးမြော်၍မရ၊ ထို့ပြင် မိမိ မိသားစုလည်း မမြင်ရ၊ မိမိကိုယ်ကိုလည်း မမြင်ရ၊ ထို့ကြောင့် မျက်စိကို ဦးစားပေးပြီး လုပ်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ယခုဒေသတွင် ရေကြောင့် မျက်စိကွယ်ရခြင်းဟုလည်း တွေးမိပါကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ရာတွင် အနယ်နယ်အရပ်ရပ်မှ ဆေးရုံရောက်ရှိရန်နှင့် နေထိုင်စားသောက်ရေးစသည်ဖြင့် စီစဉ်ပေးပါကြောင်း၊ စေတနာထက်သန်စွာဖြင့် လှူဒါန်းသည့်ပုဂ္ဂိုလ်မှာ ဇေကမ္ဘာအုပ်စုများအဖွဲ့၏ဥက္ကဋ္ဌကြီး ဦးခင်ရွှေဖြစ်ပါကြောင်း။

ယခုကဲ့သို့ ဆရာဝန်၊ ဆရာမများက ခွဲစိတ်ကုသပေးပြီးချိန်တွင် ဆရာဝန်၏ မှာကြားချက်များကို တိတိကျကျလိုက်နာရန်လိုအပ်ပါကြောင်း၊ သေချာလိုက်နာမည်ဆိုပါက မျက်စိဝေဒနာများပျောက်ပြီး အမှောင်ကမ္ဘာမှ အလင်းကမ္ဘာသို့ ချက်ချင်းပြန်ရောက်မည်ဖြစ်ပါကြောင်းဖြင့်ပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ အလှူရှင် ဒေါက်တာခင်ရွှေက လှူဒါန်းရခြင်းရည်ရွယ်ချက်ကို လည်းကောင်း၊ မျက်စိပညာရှင်အကျိုးဆောင် ဒေါက်တာဦးအေးထွန်းက မျက်စိဝေဒနာရှင်များအား မျက်စိနှင့်ပတ်သက်သည့် သိကောင်းစရာများကိုလည်းကောင်း ပြောကြားပြီး မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တိပိဋကဓရစက္ခုပါလဓမ္မဘဏ္ဍာဂါရိက ဆရာတော်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက မျက်စိဝေဒနာရှင်များအား မျက်မှန်နှင့်ဆေးဝါးများကို လက်ဝယ်အရောက်တပ်ဆင်ပေးလှူကြသည်။

မျက်စိအလင်းအလှူပွဲတွင် ရမည်းသင်းမြို့နယ်မှ ၇၉၇ ဦးနှင့် ပျော်ဘွယ်မြို့နယ်မှ ၂၂၁ ဦးတို့ကို မျက်စိစမ်းသပ်ပေးခြင်း၊ ရမည်းသင်းမြို့နယ်မှ ၁၂၁ ဦးနှင့် ပျော်ဘွယ်မြို့နယ်မှ ၃၂ ဦးတို့ကို မျက်စိခွဲစိတ်ပေးခြင်း၊ မျက်စိဆေးပေးလူနာ ၂၁၉ ဦးနှင့် မျက်မှန်တပ်ဆင်ပေးခြင်း ၆၄၆ ဦးတို့ကို ကုသပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ပူးပေါင်းဆောင်ရွက်

**ဖြူး ဇွန် ၂၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်မှ ဒေသခံပြည်သူများနှင့် ဇွန် ၂၀ ရက် နံနက် ၉ နာရီတွင် ကျောက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တိုးတက်လာသည့် နိုင်ငံရေးအခြေအနေများကြောင့် ကျောက်ကြီးဒေသတွင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေးအခြေခံကောင်းများ ရရှိလာပြီး တည်ငြိမ်အေးချမ်းရေးမှာလည်း များစွာတိုးတက်လာပြီဖြစ်ပါကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ဒေသမှာလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ကျောက်ကြီးဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရတို့က ဆောင်ရွက်ပေးနေပါကြောင်း၊ ရရှိပြီးဖြစ်သည့် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အားလုံးဝိုင်းဝန်းထိန်းသိမ်းကြစေလိုကြောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ကိုယ်စားလှယ်များအနေဖြင့် ကျောက်ကြီးဒေသသို့လာရောက်ပြီး ကိုယ်လက်အင်္ဂါစွန့်လွှတ်ခဲ့သည့် တပ်မတော်သားများနှင့် ပြည်သူများအားတွေ့ဆုံပြီး လိုအပ်သည့်ပံ့ပိုးမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ကျောက်ကြီးဒေသတွင် တာဝန်ထမ်းဆောင်ကြသည့် ဝန်ထမ်းများအနေဖြင့်လည်း မိမိဇာတိဒေသအဖြစ်မှတ်ယူပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပြည်သူများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း၊ အခြေခံကောင်းများရရှိနေပြီဖြစ်သည့် ကျောက်ကြီးဒေသပြည်သူများအနေဖြင့် ဆက်လက်ထိန်းသိမ်းပေးသွားရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌက ကျောက်ကြီးမြို့နယ်အတွင်းရှိ တောင်ပေါ်ဒေသများ၏ ပညာရေး၊ ကျန်းမာရေးလိုအပ်ချက်များကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌက လမ်းပန်းဆက်သွယ်ရေး လိုအပ်ချက်များကိုလည်းကောင်း၊ ဒေသခံပြည်သူများက လယ်ယာမြေများကိစ္စ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလိုအပ်ချက်၊ ရွေးကောက်ပွဲတွင် မဲပေးနိုင်ရေးအတွက် မှတ်ပုံတင်ပြုလုပ်ပေးနိုင်ရေး၊ ကျန်းမာရေးနှင့်ပညာရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး၊ စိုက်ပျိုးစရိတ်အချိန်မီရရှိနိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို တင်ပြကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်ပြောကြားရာတွင် ကျောက်ကြီးဒေသသည် ယခင်က ငြိမ်းချမ်းမှု မရှိခဲ့သည့်အတွက် ယခုအခါ တာဝန်ရှိသူများအားလုံးက ဒေသဖွံ့ဖြိုးရေးအတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဒေသခံပြည်သူများက တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် မိမိဒေသကို ခင်တွယ်ကြပြီး အသိစိတ်ရှိရှိဖြင့် မျိုးဆက်သစ်များအား ဒေသချစ်သည့်စိတ်ဓာတ်ကို မွေးမြူပေးကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။**(အပေါ်ယာပုံ)**

ထို့နောက် နတ်သံကွင်းတိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအား လိုက်လံကြည့်ရှုကာ လူနာများအား ထောက်ပံ့ငွေများပေးအပ်သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ပဲနွယ်ကုန်းမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာတံခွန်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရတို့ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပဲနွယ်ကုန်းဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးနှင့် ရေရရှိရေးတို့အတွက် လိုအပ်ချက်များရှိပါက ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးတင်ပြနိုင်ပါကြောင်းဖြင့် နှုတ်ခွန်းဆက်ပြောကြားသည်။

ယင်းနောက် မြို့ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့မိမြို့ဖ၊ ပညာရေးဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးပြီး ပဲနွယ်ကုန်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများနှင့်အတူ ဒေသခံပြည်သူများက ဝိုင်းဝန်းပူးပေါင်းကြစေလိုကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသားကျောင်းသူများကို မိမိဒေသတွင်သာမက နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် ထူးချွန်သူများဖြစ်အောင် ကြိုးစားသင်ကြားပေးကြရန် လိုကြောင်းဖြင့် ပြောကြားသည်။



ထို့နောက် တောကွဲအင်း တိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအား လိုက်လံကြည့်ရှုကာ လူနာများအား ထောက်ပံ့ငွေများပေးအပ်သည်။

ယင်းနောက် တောကွဲအင်း မဇ္ဈိမာရုံတောရကျောင်းတိုက်ရှိ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ အဆိုပါ ကျောင်းတိုက်ဓမ္မာရုံ၌ တောကွဲအင်းဒေသခံပြည်သူများအားတွေ့ဆုံပြီး ဒေသခံများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ထို့နောက် ဂုံးတဲ-ရေပြာ-နောင်ဗိုလ်ကျေးရွာချင်းဆက်လမ်းတစ်လျှောက် ကြည့်ရှုခဲ့ပြီး နောင်ဗိုလ်အခြေခံပညာမူလတန်းလွန်ကျောင်း ယာယီစာသင်ဆောင် ဆောက်လုပ်ရန်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကာ ကျေးရွာပြည်သူများ၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အလားတူ ကညွတ်ကွင်း-မိဿလင်လမ်းအား ကြည့်ရှုခဲ့ပြီး မိဿလင်နှင့် ဘုရားလဟာကျေးရွာများရှိ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေးလိုအပ်ချက်များကို မေးမြန်းကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲများသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့မှ အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

---

**❖ ရှေ့ဖုံးမှ**

အပြောင်းအလဲနဲ့ ပတ်သက်တာကို ကူညီဖြေရှင်း ပေးနိုင်ပါတယ်။ ဒါကြောင့် နိုင်ငံတကာယောဂနေ့အဖြစ် သတ်မှတ်ပြဋ္ဌာန်းဖို့ ဦးတည်ပြီး ဆောင်ရွက်ကြိုးပမ်းသွားကြပါစို့”ဟု တိုက်တွန်းပြောကြားခဲ့သည်။

ထို့ကြောင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံအဖွဲ့ဝင် ၁၉၃ နိုင်ငံက အထက်ပါ အဆိုကို ထောက်ခံကြပြီး နိုင်ငံပေါင်း ၁၇၇ နိုင်ငံက ပူးပေါင်းဆောင်ရွက်မည်ဟု ကတိပြုကာနှစ်စဉ် ဇွန် ၂၁ ရက်ကို အပြည်ပြည်ဆိုင်ရာ ယောဂနေ့အဖြစ် သတ်မှတ်ခဲ့ပြီး နိုင်ငံတကာတွင် ယောဂအထိမ်းအမှတ်ပွဲများ၊ သရုပ်ပြ ပညာပေးပွဲများ ပြုလုပ်သွားကြရန် ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ယောဂဟူသည် အလွန်အမင်းနူးညံ့သိမ်မွေ့သည့် သိပ္ပံပေါ်တွင် အခြေခံထားသော စိတ်ပိုင်းဆိုင်ရာ စည်းစနစ်ဖြစ်ပြီး စိတ်နှင့်ရုပ်ကို ဟန်ချက်ညီ ထိန်းညှိပေးမှုကို အာရုံစိုက်သော ပညာဖြစ်သည်။ ယောဂဟူသောစကားလုံးသည် သက္ကတဘာသာစကားဖြစ်သော ယွဂ် (ဆက်သွယ်ခြင်း)မှ ဆင်းသက်လာပြီး ထမ်းပိုးခြင်း သို့မဟုတ် ညီညွတ်စုစည်းခြင်းဟု အဓိပ္ပာယ်ရသည်။

ထို့အပြင် ယောဂကျင့်စဉ်ကို နေ့စဉ်ပြုလုပ်ပေးခြင်းဖြင့် စိတ်ဖိစီးမှုလျော့စေခြင်း၊ ကိုယ်တွင်းငြိမ်းအေးခြင်း၊ ကိုယ်ခံအားတိုးတက်လာစေခြင်း၊ ပိုမိုသော အသိ သတိတို့ရရှိပြီး နေထိုင်နိုင်ခြင်း၊ စိတ်ပျော်ရွှင်စေခြင်း၊ စွမ်းအင်တိုးလာစေခြင်း၊ ပျော့ပျောင်းမှုနှင့် ကိုယ်နေဟန်ထားတို့ကောင်းမွန်စေခြင်းနှင့် မည်သည့်အချိန်တွင် မည်သို့ပြုလုပ်လျှင် ကောင်းမည်ဟူသော ကြိုမြင်တတ်သောစွမ်းရည်ကို တိုးတက်လာစေခြင်း စသော အကျိုးကျေးဇူးများ ရရှိစေကြောင်း သိရသည်။

အဆိုပါသရုပ်ပြပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Gautan Mukhopadhyaya နှင့် တာဝန်ရှိသူများ၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်မင်းနှင့် တာဝန်ရှိသူများ၊ ယောဂသင်တန်းအသီးသီးမှ သင်တန်းသားများနှင့် ဧည့်ပရိသတ်များ လာရောက်ခဲ့သည်။

**သတင်း-ခင်ဇာလီ**

---

# မင်းဘူးမြို့နယ်တွင် ကျောက်မီးသွေးတွင်းတူးလုပ်သားနှစ်ဦး အောက်ဆီဂျင်ပြတ် သေဆုံး

**မင်းဘူး ဇွန် ၂၀**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် အိုင်းမရဲကင်းစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် ဇွန် ၁၉ ရက် နံနက်က ငဖဲမြို့နယ်ဆေးရုံတွင် ကျောက်မီးသွေးတွင်းထဲ၌ အောက်ဆီဂျင်ပြတ်၍ လူနှစ်ဦးသေဆုံးခဲ့ကြောင်း သိရ၍ သွားရောက်စစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာ ယင်းနေ့နံနက် ၆ နာရီခွဲခန့်က မင်းဘူးမြို့နယ် မင်းဘူး-အမ်းကားလမ်း မိုင်တိုင်အမှတ် (၂၇) အနီး ကျောက်မီးသွေးမျော်ရှိ ဦးစိန်လင်း၏ အကျယ် သုံးပေခန့်၊ အနက် ပေ ၃၀ ခန့်ရှိသော ကျောက်မီးသွေးတွင်း၌ သံတူးရွင်း ကျန်နေသည့်အတွက် မင်းလှမြို့နယ် ကန်တုတ်ကျေးရွာနေသူ ကျောက်မီးသွေးတွင်းတူးလုပ်သား ဦးဝင်းငွေ (၅၁)နှစ်နှင့် ဆိပ်ဖြူမြို့နယ် မာလာမြိုင်ကွက်သစ်နေသူ ဦးအောင်မိုး (၄၆)နှစ်တို့နှစ်ဦးက ဆင်းယူခဲ့ကြောင်း၊ နာရီဝက်ခန့်အကြာ တွင်းအနီးရှိ ဦးဝင်းငွေ၏ ဇနီးနှင့် သမီးဖြစ်သူတို့မှ သံတူးရွင်းဆင်းယူသော ဦးဝင်းငွေတို့ နှစ်ဦးပြန်တက်မလာ၍ ကျောက်မီးသွေးတွင်းထဲသို့ ငုံ့ကြည့်ရာ ဦးဝင်းငွေတို့နှစ်ဦးမှာ တွင်းထဲတွင် အောက်ဆီဂျင်ပြတ်ကာ သေဆုံးနေကြောင်း တွေ့ရသည်။

သေဆုံးသူတို့ကို ပဒါန်းတိုက်နယ်ဆေးရုံမှ ငဖဲမြို့နယ်ဆေးရုံသို့ လွှဲပြောင်းပို့ခဲ့ပြီး အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

---

**❐ ကျောဖုံးမှ**

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် အဆင့်မြင့်လမ်းမကြီး ပြီးစီးသွားပါက မြန်မာနိုင်ငံသည် အရှေ့တောင်အာရှမှ အိန္ဒိယ၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကဒေသများသို့ ကုန်စည်များ ပို့ဆောင်ပေးရေးတွင် အချက်အချာကျသည့်နေရာ ဖြစ်လာမည်ဟုလည်း မျှော်လင့်ထားကြသည်။

အဆိုပါ စီးပွားရေးဇုန်သည် ဘန်ကောက်မြို့၏ ကီလိုမီတာ ၃၀၀ ခန့်တွင် တည်ရှိပြီး စီးပွားရေးဇုန်သည် စတုရန်းကီလိုမီတာ ၂၀၀ ခန့် အကျယ်အဝန်းရှိကြောင်း သိရသည်။ ယင်းစီးပွားရေးဇုန်ပြီးစီးသွားပါက သီလဝါအထူးစီးပွားရေးဇုန်ထက် ရှစ်ဆခန့်ရှိမည်ဖြစ်ကြောင်းလည်း သိရသည်။ ထို့ကြောင့် အဆိုပါစီးပွားရေးဇုန်သည် အရှေ့တောင်အာရှတွင် အကြီးဆုံးစီးပွားရေးဇုန်များအနက် တစ်ခုအပါအဝင်ဖြစ်လာမည်ဖြစ်ကြောင်းလည်း ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လက်ရှိတွင် မြန်မာနှင့် ထိုင်းတို့သည် တူညီသော ရင်းနှီးမြှုပ်နှံမှုများ ရင်းနှီးမြှုပ်နှံထားကြပြီး ဘဏ္ဍာရေး၊ နည်းပညာနှင့် အခြားသော အထောက်အပံ့များရရှိရေးအတွက် ဂျပန်နိုင်ငံကိုလည်း ဖိတ်ခေါ်ထားကြောင်း သိရသည်။ ထို့ကြောင့် မြန်မာ၊ ထိုင်းနှင့် ဂျပန်တို့သည် ယင်းစီးပွားရေးဇုန်တွင် တူညီသော ရင်းနှီးမြှုပ်နှံမှုများကို လုပ်ဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။

ထားဝယ်အထူးစီးပွားရေးဇုန်အတွက် လိုအပ်သော infrastructure များ ဆောက်လုပ်ရန်အတွက် ဂျပန်ယန်းငွေ ၈၀၀ ဘီလီယံ( အမေရိကန်ဒေါ်လာ ၆ ဒသမ ၅၂ ဘီလီယံ) ကျော် ကုန်ကျမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ လေ့လာသုံးသပ်ချက်အရ သိရကြောင်း NIKKEI ASIAN REVIEW သတင်းတစ်ရပ်က ဖော်ပြထားသည်။

**(နိုင်လင်းကြည်)**

---

# ဟိုတယ်အဆောက်အအုံတည်ဆောက်စဉ် သံငြမ်းပြိုကျရာ သေဆုံးသူ နှစ်ဦးရှိပြီး တစ်ဦးအသက်ရှင်လျက် ပိတ်မိနေ

**မန္တလေး ဇွန် ၂၀**

မန္တလေးမြို့၌ ဇွန် ၂၀ ရက်က ဖြစ်ပွားခဲ့သော မန္တလေးမြို့ရှိ မင်္ဂလာမန္တလေးစီမံကိန်းအတွင်းရှိ ဟိုတယ်အဆောက်အအုံဆောက်လုပ်နေစဉ် ကွန်ကရစ်လောင်းရာ၌ အောက်ခံသံငြမ်းပြိုကျမှုတွင် ကယ်ဆယ်ရေးလုပ်ငန်းများအား ဒုတိယနေ့အဖြစ် ဆက်လက်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၁ ရက်ညနေ ၅ နာရီအထိ ထိခိုက်ဒဏ်ရာရရှိသူ ၁၈ ဦး၊ သေဆုံးသူနှစ်ဦးနှင့် အသက်ရှင်လျက်ပိတ်မိနေသူတစ်ဦးရှိကြောင်း Region Hospitality ကုမ္ပဏီမှ ဒါရိုက်တာဦးဇင်မင်းဆွေကပြောသည်။

“ဆေးရုံတက်လူနာတွေအတွက် လိုအပ်တဲ့ဆေးဝါးကုသမှုစရိတ်တွေအားလုံး ဖြည့်ဆည်းပေးလျက် ရှိပါတယ်။ သေဆုံးသူတွေအတွက်လည်း အပြည့်အဝကူညီပေးဖို့ ကုမ္ပဏီကတာဝန်ရှိသူတွေက စီစဉ်ပေးနေပါတယ်။ ဒီမတော်တဆမှုဖြစ်စဉ်ရဲ့ အဓိကအကြောင်းအရင်းကိုဖော်ထုတ်နိုင်ဖို့အတွက် ကုမ္ပဏီက တာဝန်ရှိသူတွေအနေနဲ့ စစ်ဆေးမှုအပိုင်းတွေပြုလုပ်နေပါတယ်” ဟု ၎င်းကဆက်လက်ပြောသည်။

ငြမ်းပြိုကျမှုကြောင့် ဒဏ်ရာရရှိသူ ၁၈ ဦးအနက် ရှစ်ဦးမှာ ဇွန် ၂၀ ရက်ညပိုင်းမှာပင် သက်သာခဲ့သဖြင့် ဆေးရုံမှဆင်းခဲ့ပြီး ကျန် ၁၀ ဦးမှာ ဆေးဝါးကုသမှုများဆက်လက်ခံယူနေကြောင်း၊ အသက်ရှင်လျက်ပိတ်မိနေသူတစ်ဦးကိုလည်း ကယ်ဆယ်ရေးလုပ်ငန်းများဆက်လက်ဆောင်ရွက်နေကြောင်းသိရသည်။

**(အောင်ရဲသွင်)**

# ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေကြမ်း

## (ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်)

**ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေကြမ်း**

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )

၁၃၇၇ ခုနှစ်၊ လ ရက်

( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ရာဇသတ်ကြီးပုဒ်မ ၅ တွင်ပါရှိသော "officers, soldiers, sailors or airmen in the service of the Government" ဆိုသည့်စကားရပ်ကို "Defence Services Personnel" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ရာဇသတ်ကြီးပုဒ်မ ၁၉ ဥပမာ ခ၊ ပုဒ်မ ၁၉ ဥပမာ ဃ၊ ပုဒ်မ ၁၂၄၊ ပုဒ်မ ၁၆၅ ဥပမာ ဂ၊ ပုဒ်မ ၁၉၃ ရှင်းလင်းချက် ၂ ၏ ဥပမာ၊ ပုဒ်မ ၂၂၇၊ ပုဒ်မ ၄၉၉ စတုတ္ထကင်းလွတ်ချက်၏ ရှင်းလင်းချက်၊ ပုဒ်မ ၄၉၉ အဋ္ဌမကင်းလွတ်ချက်၏ဥပမာနှင့် ပုဒ်မ ၄၉၉ နဝမကင်းလွတ်ချက်၏ ဥပမာ ခ တို့တွင်ပါရှိသော "Magistrate" ဆိုသည့် စကားရပ်တို့ကို "Judge" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ရာဇသတ်ကြီးပုဒ်မ ၂၀ တွင် -

(က) ဒုတိယ၌ပါရှိသော "Military, Naval or Air Forces of the State" ဆိုသည့်စကားရပ်ကို " Defence Services" ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

(ခ) ပဥ္စမ၌ပါရှိသော "member of a village committee" ဆိုသည့် စကားရပ်ကို " administrator of ward or village-tract" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ဧကဒသမ၊ ဥပမာ၌ပါရှိသော "A Municipal Commissioner is a public servant." ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ဃ) ဧကဒသမ၊ ရှင်းလင်းချက် ၃ ၌ပါရှိသော "Union Parliament" ဆိုသည့် စကားရပ်ကို "different levels of the Hluttaw" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ရာဇသတ်ကြီးပုဒ်မ ၄၉ တွင်ပါရှိသော "British calendar" ဆိုသည့် စကားရပ်ကို "International calendar" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၆။ ရာဇသတ်ကြီးပုဒ်မ ၅၃ ၏ ဒုတိယ ၊ ပုဒ်မ ၁၂၀-ခ ပုဒ်မခွဲ ၁၊ ပုဒ်မ ၅၀၆ ဒုတိယပိုင်းနှင့် ပုဒ်မ ၅၁၁ တို့တွင်ပါရှိသော "transportation" ဆိုသည့်စကားရပ်တို့ကို "imprisonment for life" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ရာဇသတ်ကြီးပုဒ်မ ၅၅၊ ပုဒ်မ ၇၅၊ ပုဒ်မ ၁၁၅ ပထမပိုင်း၊ ပုဒ်မ ၁၁၅ ၏ ဥပမာ၊ ပုဒ်မ ၁၁၉ စတုတ္ထပိုင်း၊ ပုဒ်မ ၁၂၂ ပုဒ်မခွဲ ၁၊ ပုဒ်မ ၁၂၂ ပုဒ်မခွဲ ၂၊ ပုဒ်မ ၁၂၃ ပုဒ်မခွဲ ၁၊ ပုဒ်မ ၁၂၅၊ ပုဒ်မ ၁၂၈၊ ပုဒ်မ ၁၃၀၊ ပုဒ်မ ၁၉၄ ပထမပိုင်း၊ ပုဒ်မ ၁၉၅၊ ပုဒ်မ ၁၉၅ ၏ဥပမာ၊ ပုဒ်မ ၂၀၁ တတိယပိုင်း၊ ပုဒ်မ ၂၁၁ ဒုတိယပိုင်း၊ ပုဒ်မ ၂၁၂ တတိယပိုင်း၊ ပုဒ်မ ၂၁၂ ၏ဥပမာ၊ ပုဒ်မ ၂၁၃ တတိယပိုင်း၊ ပုဒ်မ ၂၁၄ တတိယပိုင်း၊ ပုဒ်မ ၂၂၁ တတိယပိုင်း၊ ပုဒ်မ ၂၃၂၊ ပုဒ်မ ၂၃၈၊ ပုဒ်မ ၂၅၅၊ ပုဒ်မ ၃၀၂ ပုဒ်မခွဲ ၁ ပုဒ်မခွဲငယ် က၊ ပုဒ်မ ၃၀၂ ပုဒ်မခွဲ ၂၊ ပုဒ်မ ၃၀၄၊ ပုဒ်မ ၃၀၅၊ ပုဒ်မ ၃၀၇ ပထမပိုင်း၊ ပုဒ်မ ၃၀၇ ဒုတိယပိုင်း၊ ပုဒ်မ ၃၁၁၊ ပုဒ်မ ၃၁၃၊ ပုဒ်မ ၃၁၄ ဒုတိယပိုင်း၊ ပုဒ်မ ၃၂၆၊ ပုဒ်မ ၃၂၉၊ ပုဒ်မ ၃၆၄၊ ပုဒ်မ ၃၇၁၊ ပုဒ်မ ၃၇၆၊ ပုဒ်မ ၃၇၇၊ ပုဒ်မ ၃၈၈ ၊ ပုဒ်မ ၃၈၉ ၊ ပုဒ်မ ၃၉၄၊ ပုဒ်မ ၃၉၅၊ ပုဒ်မ ၃၉၆၊ ပုဒ်မ ၄၀၀၊ ပုဒ်မ ၄၀၉၊ ပုဒ်မ ၄၁၂၊ ပုဒ်မ ၄၁၃၊ ပုဒ်မ ၄၃၆၊ ပုဒ်မ ၄၃၈၊ ပုဒ်မ ၄၄၉၊ ပုဒ်မ ၄၅၀၊ ပုဒ်မ ၄၅၉၊ ပုဒ်မ ၄၆၀၊ ပုဒ်မ ၄၆၇၊ ပုဒ်မ ၄၇၂၊ ပုဒ်မ ၄၇၄၊ ပုဒ်မ ၄၇၅၊ ပုဒ်မ ၄၇၇၊ ပုဒ်မ ၄၈၉-က၊ ပုဒ်မ ၄၈၉-ခ နှင့် ပုဒ်မ ၄၈၉-ဃ တို့တွင်ပါရှိသော "transportation for life" ဆိုသည့် စကားရပ်တို့ကို "imprisonment for life" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ရာဇသတ်ကြီးပုဒ်မ ၅၇ တွင်ပါရှိသော "transportation for life"ဆိုသည့် စကားရပ်ကို "imprisonment for life"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "transportation"ဆိုသည့်စကားရပ်ကို "imprisonment" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၉။ ရာဇသတ်ကြီးပုဒ်မ ၅၈၊ ပုဒ်မ ၅၉ နှင့် ပုဒ်မ ၂၂၆ တို့ကို ပယ်ဖျက်ရမည်။

၁၀။ ရာဇသတ်ကြီးပုဒ်မ ၆၇ တွင်ပါရှိသော "fifty kyats" ဆိုသည့် စကားရပ်ကို "five thousand kyats" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "one hundred kyats" ဆိုသည့်စကားရပ်ကို "ten thousand kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၁၁။ ရာဇသတ်ကြီးပုဒ်မ ၆၉ ၏ ဥပမာတွင်ပါရှိသော "one hundred kyats" ဆိုသည့် စကားရပ်ကို "ten thousand kyats" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "seventy- five kyats" ဆိုသည့် စကားရပ်ကို "seven thousand and five hundred kyats"ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "fifty kyats"ဆိုသည့် စကားရပ်ကို "five thousand kyats"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၁၂။ ရာဇသတ်ကြီးပုဒ်မ ၁၁၈ တွင် -

(က) ပထမပိုင်း၌ပါရှိသော "transportation for life"ဆိုသည့် စကားရပ်ကို "imprisonment for life"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ဥပမာ၌ပါရှိသော "Magistrate"ဆိုသည့် စကားရပ်တို့ကို "Judge"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က တွင်ပါရှိသော "with transportation for life or an shorter term, to which fine may be added,or with imprisonment which may extend to three years, to which fine may be added, or with fine" ဆိုသည့်စကားရပ်ကို "with imprisonment for life, to which fine may be added,or with imprisonment which may extend to seven years, to which fine may be added, or with fine" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ ရာဇသတ်ကြီးအခန်း ၆-က ခေါင်းစဉ်တွင်ပါရှိသော "OFFENCES RELATING TO CERTAIN PROVISIONS CONTAINED IN THE CONSTITUTION AND ACTS OF THE PARLIAMENT" ဆိုသည့်စကားရပ်ကို "OFFENCES RELATING TO CERTAIN PROVISIONS CONTAINED IN THE CONSTITUTION AND THE LAWS RELATING TO THE HLUTTAW" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ ရာဇသတ်ကြီးပုဒ်မ ၁၃၀-က တွင်ပါရှိသော "in section 15,17,19,20, or sub-sections 2 and 3 of sections 23 of the Constitution of the Union of Myanmar or in any Act enacted by the Parliament of the Union of Myanmar"ဆိုသည့်စကားရပ်ကို "in sub-section b of section 36, section 350, section 354, section 355, section 356, section 358, section 359 , section 360 of the Constitution of the Republic of the Union of Myanmar or in the laws relating to the Hluttaw of the Republic of the Union of Myanmar" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၆။ ရာဇသတ်ကြီး အခန်း ၇ ခေါင်းစဉ်တွင်ပါရှိသော "OF OFFENCES RELATING TO THE ARMY, NAVY AND AIR FORCE"ဆိုသည့်စကားရပ်ကို "OF OFFENCES RELATING TO THE DEFENCE SERVICES" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၇။ ရာဇသတ်ကြီးပုဒ်မ ၁၃၁ တွင်ပါရှိသော "an officer, soldier, sailor or airman, in the Army, Navy or Air Force"ဆိုသည့်စကားရပ်ကို "a member of the Defence Services" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "any such officer, soldier, sailor or airman"ဆိုသည့်စကားရပ်ကို "any such member of the Defence Services"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "transportation for life" ဆိုသည့်စကားရပ်ကို "imprisonment for life"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၁၈။ ရာဇသတ်ကြီးပုဒ်မ ၁၃၂ တွင်ပါရှိသော "an officer, soldier, sailor or airman, in the Army, Navy or Air Force"ဆိုသည့်စကားရပ်ကို "a member of the Defence Services"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "transportation for life"ဆိုသည့်စကားရပ်ကို "imprisonment for life"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၁၉။ ရာဇသတ်ကြီးပုဒ်မ ၁၃၃၊ ပုဒ်မ ၁၃၄ နှင့် ပုဒ်မ ၁၃၈ တို့တွင်ပါရှိသော "an officer, soldier, sailor or airman, in the Army, Navy or Air Force"ဆိုသည့် စကားရပ်တို့ကို "a member of the Defence Services" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၀။ ရာဇသတ်ကြီးပုဒ်မ ၁၃၅ နှင့် ပုဒ်မ ၅၀၅ ပုဒ်မခွဲ က တို့တွင်ပါရှိသော "any officer, soldier, sailor or airman, in the Army, Navy or Air Force"ဆိုသည့် စကားရပ်တို့ကို "any member of the Defence Services" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၁။ ရာဇသတ်ကြီးပုဒ်မ ၁၃၆ တွင်ပါရှိသော "an officer, soldier, sailor or airman, in the Army, Navy or Air Force"ဆိုသည့်စကားရပ်ကို "a member of the Defence Services"ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ "such officer, soldier, sailor or airman"ဆိုသည့်စကားရပ်ကို "such member of the Defence Services" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၂၂။ ရာဇသတ်ကြီးပုဒ်မ ၁၃၇ တွင်ပါရှိသော "the Army, Navy or Air Force"ဆိုသည့်စကားရပ်ကို "the Defence Services"ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "five hundred kyats"ဆိုသည့်စကားရပ်ကို "fifty thousand kyats"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၂၃။ ရာဇသတ်ကြီးပုဒ်မ ၁၃၉ တွင်ပါရှိသော "the Myanmar Army Act, the Myanmar Naval Volunteer Reserve (Discipline) Act or the Myanmar Air Force (Discipline) Act, 1947,"ဆိုသည့်စကားရပ်တို့ကို "the Defence Services Act,1959"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၄။ ရာဇသတ်ကြီးပုဒ်မ ၁၄၀ တွင်ပါရှိသော "a soldier, sailor or airman, in the Military, Naval or Air service"ဆိုသည့်စကားရပ်နှင့် "a soldier, sailor or airman"ဆိုသည့်စကားရပ်တို့ကို "a member of the Defence Services"ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "five hundred kyats"ဆိုသည့်စကားရပ်ကို "fifty thousand kyats"ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အစားထိုးရမည်။

၂၅။ ရာဇသတ်ကြီးပုဒ်မ ၁၄၁ ၏ပထမတွင်ပါရှိသော "Union Parliament"ဆိုသည့် စကားရပ်ကို "Pyidaungsu Hluttaw" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၆။ ရာဇသတ်ကြီးပုဒ်မ ၁၅၄၊ ပုဒ်မ ၁၇၈၊ ပုဒ်မ ၁၇၉၊ ပုဒ်မ ၁၈၃၊ ပုဒ်မ ၂၂၈၊ ပုဒ်မ ၂၇၂၊ ပုဒ်မ ၂၇၃၊ ပုဒ်မ ၂၇၄၊ ပုဒ်မ ၂၇၅၊ ပုဒ်မ ၂၇၆၊ ပုဒ်မ ၂၈၀၊ ပုဒ်မ ၂၈၂၊ ပုဒ်မ ၂၈၄၊ ပုဒ်မ ၂၈၇၊ ပုဒ်မ ၂၈၈၊ ပုဒ်မ ၂၈၉၊ ပုဒ်မ ၂၉၄-က ဒုတိယပိုင်း၊ ပုဒ်မ ၂၉၄-က တတိယပိုင်း၊ ပုဒ်မ ၃၂၃၊ ပုဒ်မ ၃၃၇၊ ပုဒ်မ ၃၄၂၊ ပုဒ်မ ၃၅၇ နှင့် ပုဒ်မ ၄၄၈ တို့တွင်ပါရှိသော "one thousand kyats"ဆိုသည့်စကားရပ်တို့ကို "one hundred thousand kyats"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၇။ ရာဇသတ်ကြီးပုဒ်မ ၁၆၀ တွင်ပါရှိသော "one hundred kyats" ဆိုသည့်စကားရပ်ကို "ten thousand kyats"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၈။ ရာဇသတ်ကြီးတွင် -

(က) ပုဒ်မ ၁၆၁ ၌ပါရှိသော "Union Parliament" ဆိုသည့် စကားရပ်ကို "Pyidaungsu Hluttaw" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၁၆၁ ဥပမာ က ၌ပါရှိသော "Magistrate" ဆိုသည့်စကားရပ်ကို "Judge"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၉။ ရာဇသတ်ကြီးတွင် -

(က) ပုဒ်မ ၁၇၁ ၌ပါရှိသော "two hundred kyats" ဆိုသည့်စကားရပ်ကို "twenty thousand kyats" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၁၇၁-စ၊ ခြွင်းချက်၌ပါရှိသော "Parliament" ဆိုသည့်စကားရပ်ကို "Hluttaw"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မ ၁၇၁-ဇ ၌ပါရှိသော "five hundred kyats" ဆိုသည့်စကားရပ်ကို "fifty thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) ပုဒ်မ ၁၇၁-ဈ၊ ခြွင်းချက်၌ ပါရှိသော "ten kyats" ဆိုသည့်စကားရပ်ကို "one thousand kyats" ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

(င) ပုဒ်မ ၁၇၁-ဈ၌ ပါရှိသော "five hundred kyats" ဆိုသည့်စကားရပ်ကို "fifty thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၀။ ရာဇသတ်ကြီးပုဒ်မ ၁၇၂ တွင် -

(က) ပထမပိုင်း၌ ပါရှိသော "five hundred kyats" ဆိုသည့် စကားရပ်ကို "fifty thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ဒုတိယပိုင်း၌ ပါရှိသော "one thousand kyats" ဆိုသည့်စကားရပ်ကို "one hundred thousand kyats" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃၁။ ရာဇသတ်ကြီးပုဒ်မ ၁၇၃ တွင် -

(က) ပထမပိုင်း၌ ပါရှိသော "five hundred kyats" ဆိုသည့်စကားရပ်ကို "fifty thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ဒုတိယပိုင်း၌ပါရှိသော "one thousand kyats" ဆိုသည့် စကားရပ်ကို "one hundred thousand kyats"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၂။ ရာဇသတ်ကြီးပုဒ်မ ၁၇၄ တွင် -

(က) ပထမပိုင်း၌ပါရှိသော "five hundred kyats" ဆိုသည့် စကားရပ်ကို "fifty thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ဒုတိယပိုင်း၌ပါရှိသော "one thousand kyats" ဆိုသည့်စကားရပ်ကို "one hundred thousand kyats" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃၃။ ရာဇသတ်ကြီးပုဒ်မ ၁၇၅ တွင် -

(က) ပထမပိုင်း၌ပါရှိသော "five hundred kyats" ဆိုသည့် စကားရပ်ကို "fifty thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ဒုတိယပိုင်း၌ပါရှိသော "one thousand kyats" ဆိုသည့် စကားရပ်ကို "one hundred thousand kyats" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃၄။ ရာဇသတ်ကြီးပုဒ်မ ၁၇၆ တွင် -

(က) ပထမပိုင်း၌ပါရှိသော "five hundred kyats" ဆိုသည့် စကားရပ်ကို "fifty thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ဒုတိယပိုင်း၌ပါရှိသော "one thousand kyats" ဆိုသည့် စကားရပ်ကို "one hundred thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

စာမျက်နှာ ၁၁ သို့

◗ စာမျက်နှာ ၁၀ မှ

၃၅။ ရာဇသတ်ကြီးပုဒ်မ ၁၇၇ တွင် -
(က) ပထမပိုင်း၌ပါရှိသော "one thousand kyats" ဆိုသည့် စကားရပ်ကို "one hundred thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။
(ခ) ဥပမာ၌ပါရှိသော "Magistrate"ဆိုသည့်စကားရပ်ကို "Judge"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃၆။ ရာဇသတ်ကြီးပုဒ်မ ၁၈၀၊ ပုဒ်မ ၁၈၄၊ ပုဒ်မ ၁၈၆၊ ပုဒ်မ ၂၇၇၊ ပုဒ်မ ၂၇၈၊ ပုဒ်မ ၃၃၄၊ ပုဒ်မ ၃၃၆၊ ပုဒ်မ ၃၄၁၊ ပုဒ်မ ၃၅၂ နှင့် ပုဒ်မ ၄၄၇ တို့တွင်ပါရှိသော "five hundred kyats"ဆိုသည့်စကားရပ်တို့ကို "fifty thousand kyats"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃၇။ ရာဇသတ်ကြီးပုဒ်မ ၁၈၂ တွင် -
(က) ပုဒ်မခွဲ ခ ၌ပါရှိသော "one thousand kyats" ဆိုသည့် စကားရပ်ကို "one hundred thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။
(ခ) ဥပမာ က ၌ပါရှိသော "Magistrate"ဆိုသည့်စကားရပ်တို့ကို "Judge"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃၈။ ရာဇသတ်ကြီးပုဒ်မ ၁၈၅၊ ပုဒ်မ ၂၈၃၊ ပုဒ်မ ၂၉၀၊ ပုဒ်မ ၃၅၈ နှင့် ပုဒ်မ ၄၉၁ တို့တွင်ပါရှိသော "two hundred kyats"ဆိုသည့် စကားရပ်တို့ကို "twenty thousand kyats"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃၉။ ရာဇသတ်ကြီးပုဒ်မ ၁၈၇ တွင် -
(က) ပထမပိုင်း၌ပါရှိသော "two hundred kyats" ဆိုသည့် စကားရပ်ကို "twenty thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။
(ခ) ဒုတိယပိုင်း၌ပါရှိသော "five hundred kyats" ဆိုသည့် စကားရပ်ကို "fifty thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄၀။ ရာဇသတ်ကြီးပုဒ်မ ၁၈၈ တွင် -
(က) ပထမပိုင်း၌ပါရှိသော "two hundred kyats" ဆိုသည့် စကားရပ်ကို "twenty thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။
(ခ) ဒုတိယပိုင်း၌ပါရှိသော "one thousand kyats" ဆိုသည့် စကားရပ်ကို "one hundred thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄၁။ ရာဇသတ်ကြီးပုဒ်မ ၂၁၆ တွင် -
(က) တတိယပိုင်း၌ပါရှိသော "transportation for life" ဆိုသည့်စကားရပ်ကို "imprisonment for life"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။
(ခ) ပဉ္စမပိုင်း၌ပါရှိသော "extradition"ဆိုသည့်စကားရပ်ကို "extradition or The Mutual Assistance in Criminal Matters Law" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄၂။ ရာဇသတ်ကြီးပုဒ်မ ၂၂၂ တွင် -
(က) ဒုတိယပိုင်း၌ပါရှိသော "transportation for life" ဆိုသည့် စကားရပ်ကို "imprisonment for life" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။
(ခ) တတိယပိုင်း၌ပါရှိသော "transportation for life or to transportation or imprisonment for a term of ten years or upwards;" ဆိုသည့်စကားရပ်ကို "imprisonment for life or imprisonment for a term of ten years or upwards;"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄၃။ ရာဇသတ်ကြီးပုဒ်မ ၂၂၅ တွင် -
(က) ဒုတိယပိုင်းနှင့် ပဉ္စမပိုင်းတို့၌ပါရှိသော "transportation for life"ဆိုသည့်စကားရပ်တို့ကို "imprisonment for life"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။
(ခ) စတုတ္ထပိုင်း၌ပါရှိသော "transportation for life or to transportation or imprisonment for a term of ten years or upwards;" ဆိုသည့် စကားရပ်ကို "imprisonment for life or imprisonment for a term of ten years or upwards;"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄၄။ ရာဇသတ်ကြီးပုဒ်မ ၂၆၃-က တွင် -
(က) ပုဒ်မခွဲ ၁ ပုဒ်မခွဲငယ် ဂဂ ၌ပါရှိသော "two hundred kyats"ဆိုသည့်စကားရပ်ကို "twenty thousand kyats"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။
(ခ) ပုဒ်မခွဲ ၄ ကို ပယ်ဖျက်ရမည်။

၄၅။ ရာဇသတ်ကြီးတွင် -
(က) ပုဒ်မ ၂၇၉ ၌ပါရှိသော "one thousand kyats"ဆိုသည့် စကားရပ်ကို "one hundred thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။
(ခ) ပုဒ်မ ၂၇၉-က ၌ပါရှိသော "five hundred kyats" ဆိုသည့်စကားရပ်ကို "fifty thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄၆။ ရာဇသတ်ကြီးပုဒ်မ ၃၃၅ တွင်ပါရှိသော "two thousand kyats" ဆိုသည့်စကားရပ်ကို "two hundred thousand kyats"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄၇။ ရာဇသတ်ကြီးတွင် -
(က) ပုဒ်မ ၃၇၅ ၏ ပဉ္စမ၌ပါရှိသော "fourteen years of age" ဆိုသည့် စကားရပ်ကို "sixteen years of age" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။
(ခ) ပုဒ်မ ၃၇၅ ၏ ကင်းလွတ်ချက်၌ပါရှိသော "thirteen years of age"ဆိုသည့်စကားရပ်ကို "fifteen years of age" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄၈။ ရာဇသတ်ကြီးပုဒ်မ ၄၁၇ တွင်ပါရှိသော "one year" ဆိုသည့် စကားရပ်ကို "three years" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄၉။ ရာဇသတ်ကြီးပုဒ်မ ၄၂၇ နှင့် ပုဒ်မ ၄၂၉ တို့တွင်ပါရှိသော "fifty kyats"ဆိုသည့်စကားရပ်တို့ကို "five thousand kyats"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅၀။ ရာဇသတ်ကြီးပုဒ်မ ၄၂၈ နှင့် ပုဒ်မ ၅၁၀ တို့တွင်ပါရှိသော "ten kyats" ဆိုသည့်စကားရပ်တို့ကို "one thousand kyats"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၅၁။ ရာဇသတ်ကြီးပုဒ်မ ၄၃၅ တွင်ပါရှိသော "one hundred kyats"ဆိုသည့်စကားရပ်ကို "ten thousand kyats"ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ "ten kyats"ဆိုသည့်စကားရပ်ကို "one thousand kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

# မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ အဓိက ကုန်းလမ်းဝင်၊ထွက်ပေါက်ဖြစ်သော မူဆယ်-ရွှေလီ နန်းတော်ဂိတ်စခန်းသစ်ဖွင့်

**မူဆယ် ဇွန် ၂၀**

မြန်မာနိုင်ငံ ရှမ်းပြည်နယ်နှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်တို့၏ အဓိက ကုန်းလမ်း ကုန်သွယ်ရေးဝင်၊ထွက်ပေါက်ဖြစ်သည့် မူဆယ်-ရွှေလီ နန်းတော်ဂိတ် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၉ ရက် နံနက် ၈ နာရီခွဲက ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးကြီးအောင်သူ၊ ဒေါက်တာမျိုးထွန်း၊ ဦးစိုင်းနော်ခမ်း၊ ဦးစိုင်းဆာလူ၊ ရှမ်းပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဌေးလှိုင်နှင့် မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က မူဆယ်-ရွှေလီ နန်းတော်ဂိတ်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းကာ ဖွင့်လှစ်ပေးခဲ့သည်။

မူဆယ်-ရွှေလီ နန်းတော်ဂိတ်စခန်းသစ်အား တရုတ်-မြန်မာနှစ်နိုင်ငံ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုများ ဖလှယ်နိုင်ရေးနှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အဆောက်အအုံသစ်ဆောက်လုပ်ရန် ၂၀၁၄-၂၀၁၅ခုနှစ် ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်းပေါင်း ၃၂၇၆ သိန်းကို ခွင့်ပြုပေးခဲ့ကြောင်းသိရသည်။

မြန်မာ့ယဉ်ကျေးမှုအနုပညာလက်ရာများဖြင့် ခံ့ညားထည်ဝါစွာ တည်ဆောက်ထားသည့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ အဓိက ဝင်၊ ထွက်ပေါက်ဖြစ်သောမူဆယ်-ရွှေလီ နန်းတော်ဂိတ်စခန်းအား ဂရိတ်ဟော်ခမ်းအများပိုင်ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ခဲ့ပြီး ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂ ရက်တွင် မင်္ဂလာအုတ်မြစ်ချခဲ့ကြောင်းသိရသည်။

နန်းတော်ဂိတ်ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ဒေသခံတစ်ဦးဖြစ်သူ ဦးမျိုးခိုင်က **“မြန်မာနိုင်ငံရဲ့ အရှေ့မြောက်တံခါးဟာ အခုလို ခံ့ခံ့ညားညားရှိတဲ့အတွက် ဒေသခံတစ်ဦးအနေနဲ့ အလွန်ဂုဏ်ယူပါတယ်။ အရင်ကလည်း သွားလာနေပေမယ့် ဒီလိုခံ့ညားထည်ဝါတဲ့ ဂိတ်ပေါက်ကြီးကို ဖွင့်လှစ်လိုက်တာဟာ ဒေသအတွက်လည်း အကျိုးရှိ နိုင်ငံအတွက်လည်း ဂုဏ်ယူစရာ ပြယုဂ်တစ်ခုဖြစ်လာတာပေါ့”** ဟုပြောသည်။

မူဆယ်-ရွှေလီ နန်းတော်စခန်းဂိတ်သစ်ဖွင့်ပွဲအခမ်းအနားကို တိုင်းရင်းသားရိုးရာ အကအဖွဲ့များ၊ ဘင်ခရာအဖွဲ့များဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

**သီသီမင်း**

# စာစီစာကုံး၊ ပန်းချီ၊ ပိုစတာ၊ ကာတွန်းပြိုင်ပွဲကျင်းပ

**မူဆယ် ဇွန် ၂၀**

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ပိုစတာ၊ ကာတွန်းပြိုင်ပွဲအား ဇွန် ၂၀ ရက် နံနက် ၉ နာရီက မူဆယ်မြို့ အထက(၂)၌ ကျင်းပခဲ့သည်။

အဆိုပါ ပြိုင်ပွဲသို့ မူဆယ်မြို့ပေါ်ကျောင်းများမှ ကျောင်းသားကျောင်းသူ ၁၆၈ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အထက်တန်းအဆင့် ၃၆ ဦး၊ အလယ်တန်းအဆင့် ၆၄ ဦး၊ မူလတန်းအဆင့် ၆၈ ဦးဖြစ်ကြောင်းသိရသည်။

အထက်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲတွင် “မူးယစ်အန္တရာယ်တို့ကာကွယ်” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့်ကို “ရှောင်လေဝေးဝေး မူးယစ်ဆေး” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မူလတန်းအဆင့်ကို “ကောင်းကျိုးမပေး မူးယစ်ဆေး”ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပန်းချီ၊ ပိုစတာ၊ ကာတွန်းအား မူးယစ်ဆန့်ကျင်ရေးဆောင်ပုဒ် လေးခုမှ မိမိနှစ်သက်ရာဆောင်ပုဒ်တစ်ခုဖြင့် ပုံဖော်ယှဉ်ပြိုင်စေခဲ့ကြောင်း သိရသည်။

လာရောက်ယှဉ်ပြိုင်သော ကျောင်းသား ကျောင်းသူများအား ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကိုယ်စား ခရိုင်ဥက္ကဌ ဒေါ်ထားထားဝင်းက ကျောင်းသုံးစာရေးကိရိယာများပေးအပ်ခဲ့ကြောင်း သိရသည်။

**(၀၁၁၂)**

# မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

**ကဝ ဇွန် ၂၀**

ပဲခူးခရိုင် ကဝမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကြီးမှူး၍ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ဇွန် ၁၆ ရက် နံနက် ၉ နာရီခွဲက အုန်းနဲ့ကျေးရွာ ဘုန်းကြီးကျောင်းဓမ္မာရုံတွင် ကျင်းပရာ အုန်းနဲ့အထက လက်ထောက်ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးက မူးယစ်ဆေးဝါးတိုက်ဖျက်ရေးစီမံချက်များနှင့် ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအကြောင်း သိကောင်းစရာများကို ဟောပြောခဲ့သည်။

ထို့နောက် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများသည် ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်၊ ဓာတ်ပုံများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(IPRD)**

# စစ်ကိုင်းတိုင်းဒေသကြီးတွင် လူ ၁၀၀လျှင် တစ်ဦးသာအခွန်ဆောင်

**မုံရွာ ဇွန် ၂၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသလို ထမ်းဆောင်ကြရမည့်အခွန်များကို အခွန်ထမ်း ပြည်သူများက ထမ်းဆောင်ကြရာတွင် မျှတမှုရှိခြင်း၊ ရှင်းလင်းလွယ်ကူခြင်းနှင့် အခွန်အကောက်ဥပဒေကို ပြဋ္ဌာန်းထုတ်ပြန်ထားပြီးဖြစ်ရာ အခွန်ဆိုင်ရာ ဗဟုသုတများကို အများပြည်သူသိရှိစေရန်အတွက် အခွန်ဆိုင်ရာပညာပေးဟောပြောပွဲကို ဇွန် ၂၀ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အခွန်ဦးစီးဌာနခန်းမတွင် ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အခွန်ဦးစီးမှူး ဦးကျော်ဇေယျက နိုင်ငံတော်တွင် အခွန်ဘဏ္ဍာငွေကောက်ခံသော ဝန်ကြီးဌာန ၁၁ ခုရှိရာ အဆိုပါ ဝန်ကြီးဌာနများမှ အခွန် ၁၉ မျိုး ကောက်ခံလျက်ရှိသည့်အနက် ပြည်တွင်းအခွန်များဦးစီးဌာနမှ ဝင်ငွေခွန်၊ ကုန်သွယ်ခွန်၊ တံဆိပ်ခေါင်းခွန်နှင့် အောင်ဘာလေထီများကို ကောက်ခံ ဆောင်ရွက်လျက်ရှိရာ အခွန် ၁၉ မျိုး၏ ၆၅ ရာခိုင်နှုန်းခန့်အား အခွန်ကောက်ခံပေးလျက်ရှိကြောင်း၊ လူဦးရေ ၅၃ သိန်းကျော်ရှိသော စစ်ကိုင်းတိုင်းဒေသကြီးတွင် အခွန်ထမ်းဆောင်သူလေးသောင်းလေးထောင်ကျော်သာရှိသောကြောင့် ဒသမ ၉ ရာခိုင်နှုန်းသာရှိကြောင်း၊ လူဦးရေ ၁၀၀ လျှင် တစ်ဦးသာ အခွန်ဆောင်နေသေးကြောင်း ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ မုံရွာမြို့နယ်အခွန်ဦးစီးမှူး ဦးငွန်တောင်းက အခွန်ဖြစ်ပေါ်လာပုံသမိုင်းနှင့် ဝန်ဆောင်မှု ဆောင်ရွက်သူများဖြစ်သည့် ဟိုတယ်၊ တည်းခိုခန်းနှင့် စားသောက်ဆိုင်များက ပြေစာတွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထုတ်ပေးခြင်းအကြောင်းများကို ရှင်းလင်းတင်ပြသည်။

ဝန်ဆောင်မှု ဆောင်ရွက်သူများဖြစ်သည့် ဟိုတယ်၊ တည်းခိုခန်းနှင့် စားသောက်ဆိုင်များက ပြေစာတွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်၍ ထုတ်ပေးခြင်းကို မေ ၁ ရက်မှစ၍ တစ်ပြည်လုံး အတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# မိုးရာသီပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးထုတ်လုပ်မှုအရှိန်အဟုန်မြှင့်တင်ရေး ဆွေးနွေး

**သဲကုန်း ဇွန် ၂၀**

၂၀၁၅-၂၀၁၆ ခုနှစ် မိုးရာသီပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးထုတ်လုပ်မှု အရှိန်အဟုန်မြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန်လ ပထမပတ်ကပြုလုပ်ရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုနှင့် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးလှမြင့်တို့က ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးထုတ်လုပ်မှု အရှိန်အဟုန်မြှင့်တင်စိုက်ပျိုးရေး ဆွေးနွေးပြောကြားပြီး တက်ရောက်လာသော တောင်သူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ဒုတိယညွှန်ကြားရေးမှူးချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်းသိရသည်။

**(ကြေးမုံ)**

# ရီးယဲလ်က ပေါင် ၁၃ သန်းပေး၍ ကမ်းလှမ်းလာခြင်းကြောင့် မန်ယူမှ ထွက်ခွာမည်ဟု ကစားဖော်များအား ဒီဂီယာပြောကြား



စပိန်လာလီဂါ၏ ထိပ်တန်းအဆင့်ရှိ အသင်းတစ်သင်းဖြစ်သည့် ရီးယဲလ်မက်ဒရစ်အသင်းသည် မန်ယူဂိုးသမား ဒီဂီယာအား ပြောင်းရွှေ့ကြေးပေါင် ၁၃ သန်းပေး၍ ခေါ်ယူရန်ကမ်းလှမ်းလာခဲ့သည်။ ထို့ကြောင့် ဂိုးသမားဒီဂီယာအနေဖြင့် လက်ရှိကလပ် မန်ယူအသင်းကို စွန့်ခွာမည်ဖြစ်သည်ဟု မန်ယူအသင်းကစားဖော်များအား ပြောကြားခဲ့ကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည်လည်း အသက်(၂၄)နှစ်အရွယ်ရှိ မန်ယူဂိုးသမား ဒီဂီယာအား ပြောင်းရွှေ့ကြေး ပေါင် ၁၃ သန်းဖြင့် ပြီးခဲ့သည့်သီတင်းပတ်က ပထမဆုံးအကြိမ် ကမ်းလှမ်းခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။ ထို့ကြောင့် ဒီဂီယာအနေဖြင့် ၎င်း၏ မန်ယူအသင်းအနာဂတ်မှာ မသေချာတော့ကြောင်း အသင်းဖော်များကို ပြောကြားခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် ဘာစီလိုနာဂိုးသမား ဗစ်တာဗဲလ်ဒက်အား ခေါ်ယူထားကာ ၎င်းသည် လက်ရှိဂိုးသမား ဒီဂီယာနေရာတွင် အစားထိုးနိုင်မည့်ကစားသမားလည်းဖြစ်သည်။ သို့ရာတွင် ဂိုးသမားဒီဂီယာကဲ့သို့ စွမ်းဆောင်နိုင်လိမ့်မည် မဟုတ်သောကြောင့် မန်ယူအသင်းအနေဖြင့် စပါးဂိုးသမား ဟူဂိုလိုးရစ်အား ခေါ်ယူရန်ပြင်ဆင်ခဲ့သော်လည်း စပါးအသင်းကမူ ဂိုးသမားဟူဂိုလိုးရစ်အား ခေါ်ယူလိုပါက ပြောင်းရွှေ့ကြေး အနည်းဆုံး ပေါင် ၃၅ သန်းပေးရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

[နိုင်လင်းကြည်]

# နောက်ခံလူ ဂိုမက်ဇ်အား လီဗာပူးခေါ်ယူ



y&r ,mv*uvy vAmy;toi;on cmweaemucupm; orm; *ruZtm; ajymi;a&alu;ayi 3 'or 5 oe;zi pmcsy csyqac: , vulyjzpon/

t*ve ,-19 upm;orm; *s;*ruZtm; vAmy;toi;u Ze 19&uwi use;rma&; aq;pprrm; jyvycjci;jzply; tqy aemuwe;upm;orm; *ruZtm; vAmy;toi;u i;Ep ouwr;& pmcsywp&ycsyqvujci;jzpon/

vAmy;toi;on ,cEpaE&mo tajymi; ta&wi rep; w;ui;v ,upmorm; *sr;prem beavwupprL; 'eetiEi abmvwe*;orm; t'rabm'ewtm; ac: ,cly;jzpaomalumi *ruZon vAmy;toi;\ ,ctajymi;ta&ac: ,con av;0; ajrmu upm;orm;vn; jzpvmcon/

tou(18)Ept&,& vi ,upm;orm; *ruZtm; vAmy;toi;u ac: ,caomvn; cey, &puvy 'b toi; o tim;jyevncsxm;vrrnjzpalumi;vn; o&on/

]uleawm& pwu;tyruaw wu ,jzpvmyy/ vAmy;toi;[m abmv;ori;rm Bu;rm;watmijririrwpc& cov uleawm i,i,uwn;u upm;z &n&,xm;cw toi;y} [ aemuwe; upm;orm; *ruZu vAmy;toi;Ei pmcsycsyqcly;aemu ajymlum;con/

aemuwe;upm;orm; *ruZon t*ve ,-17 toi; wi upm;p0 2014 cEpu 0a&mycsey ,&pzvm;u qwc;ay; Eicojzply; ly;conEpu cmwetoi;wi upm;p0 cmwe toi;twu yayi; 24 ytx y0iupm;ay;cojzpon/

«ailu ,»

# အဲလက်စ်ဆောင်းအား ခေါ်ယူရန် ချယ်လ်ဆီးအသင်း ဆွေးနွေးလျက်ရှိ



ပရီမီယာလိဂ်လက်ရှိချန်ပီယံ ချယ်လ်ဆီးအသင်းသည် ဘာစီလိုနာကွင်းလယ်ကစားသမား အဲလက်စ်ဆောင်းအား ခေါ်ယူရန် ဝက်စ်ဟမ်းအသင်း၊ မန်စီးတီးအသင်းတို့နှင့်အပြိုင် ကြိုးပမ်းလျက်ရှိကြောင်းသိရသည်။ ဘာစီလိုနာအသင်းအနေဖြင့် ကွင်းလယ်ကစားသမား အဲလက်စ်ဆောင်း၏ အပြောင်းအရွှေ့နှင့် စပ်လျဉ်း၍ ပေါင် ၄သန်းသတ်မှတ်ထားသည်။ သို့ရာတွင် ဝက်စ်ဟမ်းအသင်းအနေဖြင့် ကွင်းလယ်ကစားသမား အဲလက်စ်ဆောင်းအား တစ်ပတ်လုပ်ခလစာပေါင် ၇၀၀၀၀ ဖြင့် စာချုပ်ချုပ်ဆိုခေါ်ယူလိုကြောင်း ဘာစီလိုနာအသင်းအား အကြံပြုထားသည်။

ကွင်းလယ်ကစားသမား အဲလက်စ်ဆောင်းသည် ဘာစီလိုနာအသင်းနှင့် စာချုပ်သက်တမ်းနှစ်နှစ်ကျန်ရှိနေသေးသော်လည်း ချယ်လ်ဆီးအသင်းနှင့် မန်စီးတီးအသင်းတို့က စိတ်ဝင်စားနေခြင်းကြောင့် အဲလက်စ်ဆောင်းအနေဖြင့် မည်သည့်အသင်းသို့ ပြောင်းရွှေ့ကစားမည်ဆိုသည်ကိုမူ ရှင်းရှင်းလင်းလင်း မသိရသေးကြောင်း သိရသည်။

အဲလက်စ်ဆောင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဘာစီလိုနာအသင်းမှ ဝက်စ်ဟမ်းအသင်းသို့ အငှားစာချုပ်ဖြင့် လာရောက်ကစားခဲ့သူဖြစ်ပြီး ယင်းသို့အငှားဖြင့်လာရောက်ကစားစဉ်အတွင်း ဝက်စ်ဟမ်းအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ခြင်းကြောင့် လက်ရှိဝက်စ်ဟမ်းအသင်းနည်းပြသစ် ဆလာဗန်ဘီလစ်က ကွင်းလယ်ကစာသမား အဲလက်စ်ဆောင်းအား အမြဲတမ်းစာချုပ်တစ်ရပ်ချုပ်ဆိုရန် ဆန္ဒရှိခဲ့ခြင်းဖြစ်သည်။ ကွင်းလယ်ကစားသမား အဲလက်စ်ဆောင်းအား ချယ်လ်ဆီးအသင်း၊ မန်စီးတီးအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့အပြင် ပရီမီယာလိဂ်၏ အခြားသောကလပ်အသင်းများဖြစ်ကြသည့် ဆောက်သမ်တန်အသင်းနှင့် စပါးအသင်းတို့ကလည်း ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

[ငွေကြယ်]




# အာဂျင်တီးနားအသင်း ကိုပါအမေရိက ကွာတားဖိုင်နယ် တက်လှမ်း

ချီလီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၂၀၁၅ ကိုပါအမေရိကဖလားပြိုင်ပွဲ၏ အုပ်စု(B) ၏ အုပ်စုအဆင့်ပွဲစဉ်တစ်ပွဲဖြစ်သည့် အာဂျင်တီးနားအသင်းနှင့် ဂျမေကာအသင်းတို့၏ ပွဲစဉ်တွင် အာဂျင်တီးနားအသင်းက ဂျမေကာအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ကိုပါအမေရိကဖလားပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

ယင်းပွဲစဉ်တွင် အာဂျင်တီးနားအသင်းအတွက် သွင်းဂိုးကို တိုက်စစ်မှူး ဟီဂူအင်က ပွဲကစားချိန် ၁၁ မိနစ်တွင် သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး ယင်းပွဲစဉ်သည် တိုက်စစ်မှူး မက်ဆီ၏ အာဂျင်တီးနားလက်ရွေးစင်အသင်းအတွက် ပွဲပေါင်း ၁၀၀ ပြည့်မြောက်ခဲ့သည့်ပွဲစဉ်လည်းဖြစ်သည်။

အာဂျင်တီးနားအသင်းသည် ယခုဂျမေကာနှင့်ပွဲစဉ်တွင် အနိုင်ရရှိခဲ့ခြင်းကြောင့် ကိုပါအမေရိကဖလားပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းရန်သေချာခဲ့ပြီဖြစ်သော်လည်း ဂျမေကာအသင်းမှာမူ ကွာတားဖိုင်နယ်အဆင့် တက်လှမ်းနိုင်မည့်အခွင့်အရေးတစ်ရပ်နှင့် လွဲခဲ့ရပြီဖြစ်သည်။

အုပ်စု(B)၏ အခြားပွဲစဉ်တစ်ပွဲဖြစ်သည့် ဥရုဂွေးအသင်းနှင့် ပါရာဂွေးအသင်းတို့၏ ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ပြီး အဆိုပါသွင်းဂိုးများမှာ ထောင့်ကန်ဘောများမှတစ်ဆင့် ခေါင်းတိုက်သွင်းယူခဲ့သည့် သွင်းဂိုးများဖြစ်သည်။

ပါရာဂွေးအသင်းသည် အုပ်စု(B)တွင် အုပ်စုဒုတိယနေရာဖြင့် ကွာတားဖိုင်နယ်တက်လှမ်းနိုင်ခဲ့ပါက အုပ်စု (C)၏ အုပ်စုပထမအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ပါရာဂွေးအသင်း၏ ကွာတားဖိုင်နယ်ပြိုင်ဘက်သည် ဘရာဇီးအသင်းဖြစ်လာဖွယ်ရှိသည်။ ဥရုဂွေးအသင်းမှာမူ အုပ်စု(A)မှ အိမ်ရှင်ချီလီအသင်းနှင့် ကွာတားဖိုင်နယ်တွင် တွေ့ဆုံဖွယ်ရှိနေသည်။

အာဂျင်တီးနားအသင်းသည် အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်သောကြောင့် လက်ရှိအုပ်စု(C)တွင် တတိယနေရာ၌ ရပ်တည်လျက်ရှိသည့် ဗင်နီဇွဲလားအသင်းနှင့် ကွာတားဖိုင်နယ်အဆင့်တွင် တွေ့ဆုံဖွယ်ရှိနေသည်။

[နိုင်လင်းကြည်]

# v u v pmau;Z;wi0r;ajrmu alumi;

၁။ စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သော (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကာ ရွှေ၊ ငွေ၊ ကြေးတံဆိပ်များ ဆွတ်ခူးရယူပေးခဲ့ကြသော အသက်(၂၃) နှစ်အောက် မြန်မာ့လက်ရွေးစင်အမျိုးသားဘောလုံးအသင်းနှင့်တကွ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်အသီးသီးမှ လက်ရွေးစင်အားကစားသမားများ၊ ၂၀၁၅ ခုနှစ် အသက် (၂၀) နှစ်အောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် မြန်မာ (U-20) ဘောလုံးအသင်းနှင့် ၂၀၁၅ ခုနှစ် အာဆီယံအမျိုးသမီးချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းတို့အား နိုင်ငံတော်မှ ဂုဏ်ပြုဆု ချီးမြှင့်ပွဲနှင့် ဂုဏ်ပြုညစာတည်ခင်းဧည့်ခံပွဲကို ၂၀-၆-၂၀၁၅ ရက်နေ့ ညနေပိုင်းက နေပြည်တော်ရှိ MICC-2 တွင် ကျင်းပခဲ့ပါသည်။

၂။ အဆိုပါဂုဏ်ပြုပွဲတွင် ချီးမြှင့်ခဲ့သော ဆုငွေများကို အားကစားကို ချစ်ခင်မြတ်နိုးကြသော တိုင်းရင်းသားလုပ်ငန်းရှင်များက အောက်ပါအတိုင်း ထည့်ဝင်လှူဒါန်းခဲ့ကြပါသည်-

| | | | |
|---|---|---|---|
| (က) | ဦးအောင်ကိုဝင်း | ဥက္ကဋ္ဌ<br>KBZ Bank | ကျပ်သိန်း (၅၀၀) |
| (ခ) | ဦးအုန်းကျော် | ဧရာဝတီဘဏ် | ကျပ်သိန်း(၂၀၀) |
| (ဂ) | ဦးစိုးနိုင် | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံပိုက်ကျော်ခြင်း/ခြင်းလုံးအဖွဲ့ချုပ်<br>အေးအေးခိုင်ကျောက်မျက်ကုမ္ပဏီ | ကျပ်သိန်း(၂၀၀) |
| (ဃ) | ဦးရန်ဝင်း | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်<br>A-1 ဆောက်လုပ်ရေး | ကျပ်သိန်း(၁၀၀) |
| (င) | ဦးကျော်စိန် | အိုလံပစ်ဟိုတယ်<br>Dagon City | ကျပ်သိန်း(၁၀၀) |
| (စ) | ဦးကျော်မိုးနိုင် | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံစားခုတ်/ကမ်ပိုအဖွဲ့ချုပ်<br>Myanmar Ease Net Co.,Ltd | ကျပ်သိန်း(၅၀) |
| (ဆ) | ဦးနေလင်း | ရွှေဘုံစံကုမ္ပဏီလီမိတက် | ကျပ်သိန်း(၅၀) |
| (ဇ) | ဦးသက်လင်း | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်<br>TZTM Co.,Ltd | ကျပ်သိန်း(၅၀) |
| (ဈ) | ဦးကိုကိုအေး | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်<br>ဖြိုးစည်သူထရေးဒင်းကုမ္ပဏီ | ကျပ်သိန်း(၅၀) |
| (ည) | ဦးထင်ဇော်ဝင်း | (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်)<br>နှင့်အဖွဲ့ | ကျပ်သိန်း(၅၀) |
| (ဋ) | ဦးပြည့်စုံ | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံ Squash အဖွဲ့ချုပ်<br>ONE HEART Co.,Ltd. | ကျပ်သိန်း(၅၀) |
| (ဌ) | ဦးတင်မောင်ဝင်း | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဘီလီယက်/စနူကာအဖွဲ့ချုပ် | ကျပ်သိန်း(၂၀) |
| (ဍ) | ဦးသိန်းဝင်း | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံပိုက်တန်း/ဘိုလင်း/ကျွမ်းဘားအဖွဲ့ချုပ် | ကျပ်သိန်း(၂၀) |
| (ဎ) | ဦးထက်ညီ | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ် | ကျပ်သိန်း(၂၀) |

၃။ သို့ဖြစ်ပါ၍ အားကစားကို ချစ်မြတ်နိုးစွာ ချီးမြှောက်ဂုဏ်ပြုလှူဒါန်းပေးခဲ့ကြသော အထက်ဖော်ပြပါ တိုင်းရင်းသား လုပ်ငန်းရှင်များနှင့် မြန်မာအားကစားပရိသတ်ကြီး အားလုံးတို့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကိုယ်စား မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီနှင့် အားကစားဝန်ကြီးဌာနတို့က လှိုက်လှဲစွာ ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့်အခြေခံမဲစာရင်း

မောင်အေးငြိမ်း (ဟသ်ာတ)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် "ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများနှင့် အတူတကွ လုပ်ဆောင်ခြင်းဖြင့် အများယုံကြည်လက်ခံအောင်မြင်သော ရွေးကောက်ပွဲများဆီသို့" ဟူသော ဆောင်ပုဒ်ဖြင့် ၂၀၁၄-၂၀၁၈ မဟာဗျူဟာစီမံကိန်းကို ရေးဆွဲလျက် ရွေးကောက်ပွဲလုပ်ငန်းများကို အဘက်ဘက်က ပြည့်စုံအောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင်လည်း အဆိုပါ မဟာဗျူဟာစီမံကိန်းအောင်မြင်စေရန်နှင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကျင်းပလျက် ယုံကြည်မှုများ ရရှိစေရေးအတွက် ကော်မရှင်နှင့်တကွ တိုင်းရင်းသားပြည်သူများ၊ အဆင့်ဆင့်သော လွှတ်တော်ကိုယ်စားလှယ်များ၊ ပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ မီဒီယာများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် လက်ကမ်းကြိုဆိုဖိတ်ခေါ်လျက်ရှိပါသည်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးကိုလည်း ပွင့်လင်းမြင်သာပြီးလွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်ရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းလျက်ရှိရာတွင် အခြေခံအကျဆုံးဖြစ်သည့်အပြင် ရွေးကောက်ပွဲ၏ အသက်ဟုပင်ခေါ်ဆိုနိုင်လောက်သည့် ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရေးကို အလေးထား၍ ရှေ့ပြေးအဖြစ်ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။ ပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အခြေခံမဲဆန္ဒရှင်စာရင်းကောက်ယူမှု လုပ်ငန်းကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလမှ စတင်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်အသီးသီးတွင် ဆောင်ရွက်စေခဲ့ခြင်းဖြစ်ပါသည်။ ထိုလုပ်ငန်းကို ဆောင်ရွက်ရာတွင်လည်း တိကျမှန်ကန်မှုနှင့် စနစ်ကျမှုရှိစေရန်အတွက် "အခြေခံမဲဆန္ဒ ရှင်စာရင်းပြုစုခြင်း လက်စွဲစာစောင်" ငယ်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ပေးခဲ့ပါသည်။

အဆိုပါ လက်စွဲစာစောင်ပါ လမ်းညွှန်ချက်များအရ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများပြုစုရာတွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ဆယ်အိမ်မှူး၊ ရာအိမ်မှူးများ၏အကူအညီကိုရယူကာ မိမိတို့ရပ်ကွက်နှင့်ကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်စုများအလိုက် အိမ်ထောင်စုစာရင်း (၆၆/၆) များကို အခြေခံ၍ကောက်ယူပြုစုကြရပါသည်။ ထို့နောက် ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများတွင် ရှိသော အိမ်ထောင်စုစာရင်းများ၊ လူဦးရေစာရင်းများနှင့် တိုက်ဆိုင် စိစစ်လျက် ထိုစာရင်းများနှင့်အတူ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲမဲစာရင်းများကိုပါ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးများသို့ယူဆောင်ပြီး တိုက်ဆိုင်စိစစ်ကာ ကွန်ပျူတာစာရင်းထည့်သွင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ကြရပါသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင်အသက် ၁၈ နှစ်ပြည့်မီသူများ၊ (ခရစ်နှစ် ၁၉၉၇ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်/မြန်မာသက္ကရာဇ် ၁၃၅၉ ခုနှစ် နတ်တော်လဆန်း ၁ ရက်နေ့တွင် မွေးဖွားသူများနှင့် ဖော်ပြပါနေ့ထက်စော၍ မွေးဖွားသူများ)၏ အမည် စာရင်းကိုပုံစံ-၁ တွင် စာရင်းသွင်းကြရပြီး အသက်(၁၈)နှစ်ပြည့်သော်လည်း သာသနာ့ဝန်ထမ်းများ၊ ထောင်ကျခံနေရသူများ၊ စိတ်ပေါ့သွပ်နေသူများ၊ လူမွဲအဖြစ်ကြေညာခံထားရသူများ၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခံရသူများအား မဲစာရင်းတွင် မထည့်မိအောင်လည်း အထူးဂရုပြု၍ဆောင်ရွက်ကြရပါသည်။ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆ ပုဒ်မခွဲ(က)(ခ)တို့နှင့် ညီညွတ်မှုရှိစေရန်လည်းကောင်း၊ ပုဒ်မ ၇ ပုဒ်မခွဲ (က)မှ (စ) အထိပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းခြင်းမရှိစေရန်အတွက်လည်းကောင်း အလေးထား ဆောင်ရွက်ရခြင်းဖြစ်ပါသည်။

မဲဆန္ဒရှင်တစ်ဦး၏အမည်သည် မဲဆန္ဒနယ် တစ်နယ်ထက်ပို၍ပါဝင်ခြင်းမရှိစေရန်အတွက်ဖြစ်ပြီး ၎င်း၏ ဆန္ဒမဲပေးပိုင်ခွင့်မှာမူ ဆုံးရှုံးမှုမရှိဘဲ ၎င်းဆန္ဒမဲပေးလိုသည့် နေရာတွင်ပေးနိုင်စေရန် ဥပဒေနည်းဥပဒေများဖြင့် ပြဋ္ဌာန်းပေးထားပြီးဖြစ်ပါသည်။ ဤနေရာတွင် လူရှိလျက် မဲစာရင်းတွင် မပါဝင်မှု၊ လူမရှိသော်လည်း မဲစာရင်းတွင် ပါဝင်နေမှုများ၏ ဖြစ်နိုင်ခြေအကြောင်း အရင်းကို နားလည်သဘောပေါက်နိုင်ကြမည်ဖြစ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံသားများ၏ ဆန္ဒမဲပေးပိုင်ခွင့် အခွင့်အရေးမဆုံးရှုံးစေရန်အလေးထားမှုကို သိသာထင်ရှားစေသည့် ညွှန်ကြားမှုတစ်ရပ်မှာ အဆိုပါ လက်စွဲစာစောင်၌ ဖော်ပြပါရှိသည့် "အရေးအကြီးဆုံးအချက်မှာ မိမိရပ်ကွက်၊ ကျေးရွာအုပ်စုတွင် မွေးဖွားကြီးပြင်းကာ အခြေချ နေထိုင်သည့်နိုင်ငံသားများ (မြန်မာပြည်တွင်းမွေးဖွား သောတိုင်းရင်းသားများ) အနက် အိမ်ထောင်စုစာရင်းမရှိသူများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အမျိုးသားမှတ်ပုံတင်ကတ်ပြားမရှိသူများအား သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီက ထောက်ခံချက်ပေးလျက်ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတို့က စိစစ်ပြီး ၎င်းတို့၏ အမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးမည်"ဟု အတိအလင်းညွှန်ထားခြင်းပင်ဖြစ်ပါသည်။

သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကော်မရှင်အဖွဲ့ခွဲဝင်များက ဆယ်အိမ်မှူး၊ ရာအိမ်မှူးများနှင့် ပူးပေါင်းလျက် ၁၄ ရက်တိုင်တိုင် အလှည့်ကျစောင့်ဆိုင်းပြီး မဲဆန္ဒရှင်များက တင်သွင်းလာသည့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန်၊ တောင်းဆိုလွှာပုံစံ(၃)၊ အမည်ပယ်ဖျက်ပေးရန် တောင်းဆိုကန့်ကွက်လွှာ ပုံစံ(၄)၊ ပြင်ဆင်ပေးရန် တောင်းဆိုလွှာပုံစံ (၄-က) များကို လက်ခံစိစစ်လျက် စာရင်းပြုစုကြရပါသည်။ မဲစာရင်းကြေညာရက်ကုန်ဆုံးပြီးနောက်တွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင်ရှိသည့် မူလမဲစာရင်းတွင် လိုအပ်ချက်များအတိုင်းဖြည့်သွင်းခြင်း၊ နုတ်ပယ်ခြင်း၊ ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ယခုကဲ့သို့ ဆောင်ရွက်ကြရခြင်း၏ တစ်ခုတည်းသော ရည်ရွယ်ချက်မှာ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးအတွက် အတတ်နိုင်ဆုံး မှန်ကန်တိကျပြည့်စုံသည့် မဲစာရင်းရရှိရေးပင်ဖြစ်ပါသည်။ ထို့ကြောင့်လည်း အခြေခံမဲစာရင်းများကပ်ထားကြေညာခြင်းကို လာရောက်ကြည့်ရှုကြလျက် လိုအပ်သောဖြည့်စွက်၊ နုတ်ပယ်၊ ပြင်ဆင်မှုများပြုလုပ်ကြစေရန်အတွက် တာဝန်ရှိသူများသာမက ပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ မီဒီယာများကပါ ဝိုင်းဝန်းကူညီဆော်ဩတိုက်တွန်းပေးကြရန် မေတ္တာရပ်ခံနေရခြင်းဖြစ်ပါသည်။

ဤနေရာတွင်အထူးဖော်ပြလိုသည့်အချက်မှာ ယခုပြုလုပ်ဆောင်ရွက်နေသည့် မဲဆန္ဒရှင်စာရင်းသည် အခြေခံမဲစာရင်းတစ်နည်းအားဖြင့် ပဏာမမဲစာရင်းသာဖြစ်သည် ဟူသောအချက်ပင်ဖြစ်ပါသည်။ ကော်မရှင်နှင့်ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့က ပိုမိုပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်းရရှိရေးအတွက်အချိန်ယူ၍ ရှေ့ပြေးကြိုတင်စီမံဆောင်ရွက်ခြင်းဖြစ်ပါသည်။

အမည်စာရင်းဖြည့်သွင်းခြင်း၊ နုတ်ပယ်ခြင်း၊ ပြင်ဆင်ခြင်းများအတွက် မဲစာရင်းထုတ်ပြန်ကြေညာပြီးနောက် ခုနစ်ရက်အတွင်း တင်သွင်းရမည်ဖြစ်ကြောင်း၊ နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ (က)တွင် ပြဋ္ဌာန်းသတ်မှတ်ထားပြီးဖြစ်၍ ကန့်သတ်ချက်ရှိနေသည်ကိုလည်း ဂရုပြုကြရမည်ဖြစ်ပါသည်။

"ပျက်ကွက်ပါကပျက်ကွက်သူတွင်လည်း တာဝန်မကင်းဖြစ်မည်"ဟု ဆိုရာတွင် မဲစာရင်းကို ကိုယ်တိုင်သွားရောက်မကြည့်မိ၍ မိမိအမည်သည် မဲစာရင်း၌မပါဝင်ကြောင်း အချိန်မီမသိရှိရသဖြင့် ဆန္ဒမဲပေးပိုင်ခွင့် အခွင့်အရေးဆုံးရှုံးရခြင်းအတွက် ကာယကံရှင်တွင်လည်း တာဝန်မကင်းကြောင်း ညွှန်းဆိုခြင်းဖြစ်သော်လည်း မဲစာရင်းကို တာဝန်ယူဆောင်ရွက်ရသော မြို့နယ်နှင့် ရပ်ကွက်ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲများတွင် အဓိကတာဝန်ရှိကြောင်းကိုမူ လုပ်ငန်းဆောင်ရွက်သူများက သဘောပေါက်နားလည်ထားကြရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အခြေခံအကျဆုံးဖြစ်သော ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲများအနေဖြင့်သက်ဆိုင်ရာ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများ၏ အကူအညီကိုရယူကာ မိမိတို့တွင်ရှိသော အခြေခံမဲဆန္ဒရှင်စာရင်းအား အထပ်ထပ်ပြန်လည်စိစစ်လျက် မိမိတို့၏ ဆယ်အိမ်ပိုင်၊ ရာအိမ်ပိုင် (အုပ်စုအပိုင်)အတွင်း မဲဆန္ဒရှင်စာရင်းကောက်ယူစဉ်က လူမတွေ့သော အိမ်ထောင်စုများကို စိစစ်ခြင်း၊ သေဆုံးသူများကို နုတ်ပယ်ခြင်း၊ လိုအပ်သော အချက်အလက်များကို ရယူဖြည့်သွင်းခြင်းစသည်တို့ကို မျက်ခြည်မပြတ်အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်းကိုလည်း ဖော်ပြလိုပါသည်။

ယခုအချိန်တွင် တတိယအကြိမ် အခြေခံမဲဆန္ဒရှင်စာရင်းများကို ဒေသအလိုက်ကပ်ထားကြေညာလျက်ရှိကြောင်းနှင့် မဲဆန္ဒရှင်များအနေဖြင့် မိမိတို့အမည်ပါဝင်ခြင်းရှိမရှိသွားရောက်ကြည့်ရှုရေး၊ ဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်း၊ ပြင်ဆင်ခြင်းတို့အတွက် သတ်မှတ်ပုံစံများဖြင့် လျှောက်ထားရေး၊ ပါတီများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းပါဝင်ရေးတို့အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကျယ်ကျယ်ပြန့်ပြန့် အသိပေးကြေညာလျက်ရှိနေပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ဒီမိုကရေစီနိုင်ငံသားပီသစွာ ရွေးကောက်ပွဲအသိစိတ်ဓာတ်များ ရှင်သန်နိုးကြားတက်ကြွလာစေရေးအတွက်လည်းကောင်း၊ တိကျမှန်ကန်ပြည့်စုံသော မဲစာရင်းဖြင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးကို လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအဖြစ် ကျင်းပဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း ဝိုင်းဝန်းကူညီကြိုးပမ်းသင့်ပါကြောင်းတိုက်တွန်းဖော်ပြလိုက်ရပေသည်။ ။


## လယ်တီမူ ဆရာသက်နည်းဘူတရုပ်ဝိပဿနာ အလုပ်စဉ်သင်တန်းဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ပျော်ဘွယ်ကြီးစံပြကျေးရွာ၊ မူလ အနာဂါမ်ဆရာသက်ကြီး တန်ဆောင်းတွင် (၁၃၇၇ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၄ရက်) ၃၀-၆-၂၀၁၅ရက် (အင်္ဂါနေ့) ညနေ၆းဝဝနာရီမှ (ဝါဆိုလပြည့်ကျော် ၇ရက်) ၈-၇-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၆းဝဝနာရီထိ (၇)ရက်တရားစခန်းကို ဆရာတော် ဦးဂမ္ဘီရဗုဒ္ဓိ (လယ်တီ ကမ္မဋ္ဌာနာစရိယ သင်တန်းနည်းပြဓမ္မာစရိယစာချ) နိဗ္ဗာန်ဆိပ်ဦး ကျောင်း၊ ရွှေပြည်သာ၊ ရန်ကုန်မြို့နှင့် ဆရာတော် ဦးသုဒဿန(နမ့်ဆန်)လယ်တီကမ္မဋ္ဌာနာစရိယ သင်တန်းနည်းပြ၊ ဓမ္မာစရိယစာချ၊ ရွှေရေးဆောင်ကျောင်းတိုက်၊ သူဌေးကျောင်း၊ မန္တလေးမြို့။

ဆရာကြီး ဦးတင်လှ၊ ဆရာကြီးဦးသိန်းတို့၏တပည့် တရားနည်းပြဆရာ ဦးသက်နိုင်(သပြေကုန်း)တို့မှ လယ်တီမူ ဆရာသက်နည်းဘူတရုပ်ဝိပဿနာ အလုပ်စဉ်သင်တန်းကိုသင်ကြားပို့ချမည်ဖြစ်ပါသဖြင့်ပစ္စုပ္ပန်သံသရာနှစ်ဖြာအကျိုးမျှော်ကိုး၍ နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**အကျိုးတော်ဆောင်အဖွဲ့**
**ပျော်ဘွယ်ကြီးစံပြကျေးရွာ၊ အနာဂါမ်ဆရာသက်ကြီးတန်ဆောင်း**



## မြေဇင်းနည်း (၄၅)ရက်တရားစခန်း

ကျေးဇူးတော်ရှင် မြေဇင်းတောရ ဆရာတော်ကြီး ပြသတော်မူခဲ့သော ကန္တီနည်းအတိုင်း သမထကို အခြေခံ၍(နိမိတ်ပို့လွှတ်နည်းအပါအဝင်) ဝိပဿနာရှုနည်းတရားစခန်းကို ၁-၇-၂၀၁၅(ပထမဝါဆိုလပြည့်နေ့)မှ ၁၆-၈-၂၀၁၅ရက်တိုင် ကျင်းပမည်ဖြစ်ပါသောကြောင့် အားထုတ်လိုသော ယောဂီများသည် ၃၀-၆-၂၀၁၅ရက် ညနေ အရောက်လာပါရန်နှင့် အောက်ပါဖုန်းနံပါတ်များသို့ ကြိုတင်စာရင်းသွင်းကြပါရန် နှိုးဆော်အပ်ပါသည်။

(မှတ်ချက်) ဆွမ်းစရိတ်၊ ဝင်ကြေးလုံးဝပေးစရာ မလိုပါ။

ဖုန်း-၀၉-၅၃၉၆၁၆၀၊ ၀၉-၇၃၁၀၉၈၃၈၊ ၀၉-၂၅၉၀၃၅၃၅၃

(နေရာ- အောင်မင်္ဂလာမြေဇင်းတောရရိပ်သာ၊ ဘွက်ကြီးကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။)



## ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ပြုလုပ်ကျင်းပမည့် ရှစ်ကြိမ်မြောက် အာရှပစိဖိတ်ဒေသမျိုးဆက်ပွားနှင့်အခွင့်အရေးဆိုင်ရာညီလာခံအတွက် စာရင်းကိုင် (Accountant) တစ်ဦးခန့်ထားရန်ရှိပါသည်-

လိုအပ်သောအရည်အချင်းများ

- အနည်းဆုံးစာရင်းအင်းပညာနှင့် သက်ဆိုင်သောဘွဲ့(သို့မဟုတ်) နိုင်ငံတကာအသိအမှတ်ပြု အောင်လက်မှတ် တစ်ခုခုရရှိထားသူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၅)နှစ်ရှိရမည်။
- အင်္ဂလိပ်စာ 4 Skills ကောင်းမွန်ရမည်။
- ရုံးပိုင်းဆိုင်ရာ ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုတတ်ရမည်။
- အသက်(၃၀)နှစ်မှ (၆၅)နှစ်အတွင်းဖြစ်ရမည်။
- တာဝန်ထမ်းဆောင်ရမည့်ကာလမှာ ၁-၈-၂၀၁၅ရက်မှ ၃၁-၃-၂၀၁၆ရက်အထိ (၈)လ တိတိဖြစ်သည်။
- လုပ်ငန်းကျွမ်းကျင်မှုနှင့်အရည်အချင်း Level of effort ပေါ်မူတည်၍ Attractive Salary ပေးအပ်မည်။

သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများသည် ကိုယ်ရေးလျှောက်လွှာနှင့်အတူ ကိုယ်ရေးရာဇဝင်၊ ပညာအရည်အချင်း၊ အထောက်အထားအပြည့်အစုံ၊ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်တို့ကို ပူးတွဲလျက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ၁၀-၇-၂၀၁၅ရက် နောက်ဆုံး ထား၍ လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်း-၀၆၇-၄၁၉၀၂၁၊ ၄၁၉၀၁၂**
**မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း**








## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉၁)၊ မြေကွက်အမှတ် (၁၀၃၈)၊ မြေကွက်တည်နေရာအမှတ် (၁၀၃၈)၊ (၉၁) ရပ်ကွက်၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် (ဒေါ်ခင်ရဲတင့်)အမည်ပေါက် ပါမစ်မြေအား ဒေါ်ခင်ရဲတင့်ထံမှ အရောင်းအဝယ်အရပ်ကတိ စာချုပ်ဖြင့် ဦးကိုကိုဌေး[၁၂/မရက(နိုင်)၀၉၅၄၈၃] မှ ဝယ်ယူ၍ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

သင့်သွေးဖြင့်
အသက်ကယ်ပါ

## အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ (စာတည်း)*

**ယမန့်နေ့မှအဆက်**

"ဒါထက် တာဇံကြီး . . . ငါတို့ ဒီဘက်ထွက်လာတာ ဘယ်လိုလုပ်သိလဲ "

"လှမ်းမြင်လို့ပေါ့ . . . ငါက စောစောထွက်လာတာပဲ၊ ဒေါ်ဒေါ်တို့ ဈေးဝယ်လာတာနဲ့ တိုးနေလို့ သူတို့နဲ့မှ အတူတူပြန်လာတာ . . .။ အိမ်နားကျတော့ ကားပေါ် မင်းတို့ တက်နေတာ လှမ်းမြင်ရတယ်။ ဝေးနေတော့ ခေါ်ရင် ကြားမှာ မဟုတ်တော့ နောက်ကား စောင့်စီးပြီး လိုက်လာတာ " ရှင်းပြနေရာမှ ငြိမ်းမောင်မျက်လုံးများသည် ဖောင်လေးဆီ ရောက်သွား၏။

"ဟာ . . . အတော်ပဲ . . . ဖောင်စီးကြရအောင် . . . လာ . . . လာ . . . ခိုင်။ မျှော့တွယ်ရင်လည်းခွာပေးပါ့မယ်"

ငြိမ်းမောင်က ခိုင့်လက်ကို ဆွဲခေါ်သည်။ ခိုင်က ကျွန်တော့်ကို တစ်ချက်ကြည့်လိုက်ပြီး ငြိမ်းမောင်ခေါ်ရာ ပါသွားသည်။

ငြိမ်းမောင်က ထိုးဝါးနှင့် ထောက်ကာ ဖောင်ကို ရေလယ်သို့ ရွေ့စေသည်။ ရေလယ်မှနေ၍ ကျွန်တော့်ကို လှမ်းနောက်သည်။

"မောင်ရေ . . . ဒိုင်ဗင်ထိုးချလိုက်ပါဦးကွာ။ ငါက ခုန်ဆင်းဆယ်ပါ့မယ်။ အဟုတ်ပြောတာ . . .။ တောက်တဲ့လက်မည်း . . . ရေထဲဆွဲချ၊ ငါ မသေဘူး ရေကူးတတ်တယ်။ ဟား . . . ဟား . . . ဟား . . . ဟား "

ပျော်နေသော ငြိမ်းမောင် . . .၊ ရွှင်နေသော ငြိမ်းမောင်၊ ဘဝမျှော်လင့်ချက်တို့ဖြင့် ဝေနေသော ကျွန်တော့်သူငယ်ချင်းငြိမ်းမောင်။ သူပျော်နေသဖြင့် ကျွန်တော်က ရယ်နေသည်။ စိတ်တွင်း၌မူ ဝမ်းနည်းနေမိသည်။

သူ့အတွက်လည်းကောင်း၊ ခိုင့်အတွက်လည်းကောင်း။ ထို့နောက် . . .။ အားလုံးအတွက် ထူးဆန်းဖွယ်ရာ ကျွန်တော့်စိတ်တွင်းဝယ် ဝမ်းနည်းနေမိပါ၏။

ထိုညက ကျွန်တော် အိပ်မပျော် . . .။

အိပ်မပျော်၍ ဖွတ်မှိတ်ကာမှ . . . မျက်လုံးက ပိုကြောင်လာသည်။

ကျွန်တော်သည် အိပ်ယာထက်မှ ထပြီး ပြတင်းဝမှ ခြံတွင်းသို့ ငေးကြည့်နေမိသည်။လရောင်မှိန်မှိန်ဝယ် မိုးတိမ်ချိတက်၍ လေသက်ကျကာ ကောင်းကင်ထက်တွင် လျှပ်စီးတို့ တဝင်းဝင်း လက်နေသော ညတစ်ည ဖြစ်ပါ၏။

ကျွန်တော်သည် လရောင်တွင် ပြိုးပြိုးပြက်ပြက်နှင့် ဖြိုးဖြိုးဖြောက်ဖြောက် ကျဆင်းစပြုနေသော ရှေ့မှ မြင်ကွင်းကို ငေးရင်းငိုင်နေမိသည်။

ဤရှုမြင်ကွင်းကို ငယ်ငယ်မှစ၍ ရင်းနှီးတွယ်တာခဲ့ရသည်။ ယခုမှ ဤညလွန်မြောက် တစ်နေ့ရောက်၍ နောက်တစ်ချီ တစ်မိုးသောက်ပြီးလျှင် ရင်းနှီးတွယ်တာမိသော ဤမြေ၊ ဤဒေသ၊ ဤပတ်ဝန်းကျင်မှ ခွဲခွာသွားရလေတော့မည်။

ဤမြေ၊ ဤဒေသ၊ ဤပတ်ဝန်းကျင်မှ တစ်ချိန်ကလည်း ခွဲခွာခဲ့ရဖူးပါသည်။ သို့ရာတွင် ထိုစဉ်ကမူ ကိုယ့်ပြည်၊ ကိုယ့်မြေ . . . ကိုယ့်ဌာနေ တိုင်းအတွင်းပင်ဖြစ်၍ ရင်၌ လှိုင်းဖုံဖုံ ဝိုင်းအုံမကြွဖူး။ ယခုမူ ရင်၌ လှိုင်းဖုံဖုံ ဝိုင်းအုံကြွနေပါ၏။ ဤတစ်ချီ သွားလေရမည်မှာ ရေပင်လယ် ဖီလာခြားသော တစ်ပါးနိုင်ငံ တစ်ကျွန်းတစ်နယ်ထံသို့တည်း။

ဤခံစားမှုဖြင့် ကျွန်တော်သည် ခြံအနောက်စွန်းတွင် လှမ်းမြင်နေရသော မြရာပင်ကြီးကို စိုက်ကြည့် နေမိ၏။ စိုက်ကြည့်နေမိစဉ် တစ်ချိန် ကလေးဘဝက ရှမ်းတောင်မင်းကို မနာလို ဖြစ်မိသကဲ့သို့ မြရာပင်ကြီးကိုလည်း ယခု မနာလို ဖြစ်မိသည်။

ဤမြရာပင်ကြီးအောက်တွင် ခိုင်နှင့် ကျွန်တော် စတွေ့ခဲ့ရသည်။ ဤမြရာပင်ကြီးကို လှမ်းမြင် တွေ့နိုင်သော တောင်ကုန်း၊ ချိုင်ယတ်တို့တစ်ခွင်၌ ကျွန်တော်တို့ ကျင်လည်ပျော်ပါးကစားခဲ့ကြသည်။

မြရာပင်ကြီးသည် ကိုကိုနှင့် မြိုင်ကိုလည်း သိသည်။ ကျွန်တော်နှင့် ခိုင်ကိုလည်း သိသည်။ သူသိသည်ကို သူမြုံ၍ သူ မတုန်မလှုပ် ရပ်နေနိုင်ဘိသည်။ ထို့ကြောင့် သူ့ကို ကျွန်တော် မနာလိုဖြစ်မိသည်။

ဤသို့ ကျွန်တော် တွေးနေခိုက် မိုးသက်လေက ဆင်လာခဲ့သည်။ ကောင်းကင်ဝယ် တိမ်ညိုမည်းအုပ်၍ ငွေလရောင်လည်း မြုပ်ကွယ်ခဲ့သည်။ ရန်စွယ်တကြီးနှင့် မိုးသီးမိုးပေါက်တို့ သည်းသည်းဖောက်ဖောက်ကျရောက်လာစဉ် လျှပ်နွယ်၊ လျှပ်ပန်းတို့သည် တောက်လောင်ထိန်ညီးလာသည်။

ကျွန်တော် မကျေနပ်သည်ကို နားလည်၍လော မသိ၊ မြရာပင်ကြီးသည်လည်း တဟီးဟီး တဟဲဟဲနှင့် ကျွန်တော့်ကို နှုတ်ဆက်သည့်အလား သဲသဲရုတ်ရုတ် လှုပ်ရှားယိမ်းယိုင်လာသည်။

ထိုခဏ၌ပင် မြရာပင်ကြီးအောက်၌ မည်းမည်းသဏ္ဌာန်တစ်ခုကို ကျွန်တော် မြင်လိုက်ရသည်။ ရုတ်တရက် ဖြစ်သဖြင့် ကျွန်တော့်မျက်လုံးများကို ကျွန်တော် မယုံမိ။ အရိပ်ပေလော၊ အရောင်လော။

ကျွန်တော် မယုံသင်္ကာ ဖြစ်နေဆဲဝယ် လျှပ်စီးတစ်ချက်သည် အတန်ရှည်စွာ လက်သည်။ လျှပ်စီးရောင်၌ သူ့ကို အသွင်ထင်ရှားစွာ ကျွန်တော် မြင်လိုက်ရသည်။

သူ့လက်နှစ်ဖက်သည် အိပ်မက်တွင် လမ်းလျှောက်နေသူကဲ့သို့ ရှေ့သို့ဆန့်ထွက်လျက် ရှိနေ၏။ သူ့ဆံပင်များက ဖားဖားဝေဝေ လေတွင် လွင့်နေ၏။

စက္ကန့်အတွင်းတွင်ပင် မြေကို တုန်ဟီးစေလျက် မိုးခြိမ်းသံကြီးတစ်ခုက ကြောက်မက်ဖွယ် ပေါ်လာ၏။ တစ်လောကလုံးလည်း မှောင်သွားသည်။

ရုတ်တရက် ဝင်လာသော ဗီဇ၏ လှုံ့ဆော်မှု ခြင်းဖြင့် ကျွန်တော်သည် အခန်းအပြင်ဘက်သို့ ထွက်ပြေး လာခဲ့သည်။

ကြိုင်နှင့် ခိုင်တို့ အိပ်သော အခန်းရှေ့သို့ ရောက်သော အခါ ကျွန်တော့်ရင်မှ နှလုံးသည် အခုန်ရပ်သွား၏။ အခန်းတံခါးက ပွင့်နေပါ၏။

အခန်းအတွင်းသို့ ကျွန်တော် ပြေးဝင်ရောက်သွားချိန်၌ တစ်စုံတစ်ယောက်၏ ထိတ်လန့်တကြား လူးလဲထ,သံကို ကြားရ၏။

ကျွန်တော်သည် မီးခလုတ်ကို စမ်းဖွင့်သည်။ မီးကြိုးတို့ ပြတ်နေသည်လော မသိ။ မီးက ပွင့်မလာ။ ကြိုင်၏ ထိတ်လန့်စွာ မေးသံထွက်လာ၏။

"ဘယ်သူလဲ၊ ဘယ်သူလဲ "

"ကျွန်တော်ပါ မမကြိုင်၊ ခိုင် ရှိရဲ့လား။ ဟင် . . . အို . . . မမကြိုင် . . . ခိုင် မရှိတော့ဘူး၊ ခိုင် မရှိတော့ဘူး "

စိုးရိမ်စိတ်မွှန်၍ ကျွန်တော်သည် အရှူးပမာ အိမ်အောက်ထပ်သို့ တဒိုင်းဒိုင်း ပြေးဆင်းခဲ့သည်။

ပွင့်နေသော အိမ်တံခါးမကြီးမှ ထွက်၍ မိုးထဲလေထဲဖြတ်ပြီး ကျွန်တော်သည် မြရာပင်ကြီးဆီ တစ်ဟုန်ထိုး ပြေးခဲ့သည်။ ပြေးရင်းလည်း နှုတ်မှ တကြော်ကြော် အော်ခေါ်မိသည်။

" ခိုင်ရေ . . . ခိုင်ရေ . . . "

မိုးသံ၊ လေသံ၊ မိုးခြိမ်းသံတို့က ဆူညံနေ၏။ အပြင်းပြေးလျက်ရှိသော ကျွန်တော့်မျက်နှာဆီသို့ မိုးပေါက်တို့သည် ကျောက်ခဲနှင့် ပစ်ပေါက်သကဲ့သို့ စင်ပက် ဝင်မှန်နေ၏။

မြရာပင်ကြီး၏ ပင်ခြေ၌ ကျွန်တော်က ခိုင့်ကို ရှာသည်။ ခိုင့်ကိုမူ မတွေ့။ ငယ်စဉ်ကအဖြစ်ကို အမှတ်ရသောကြောင့် ကျွန်တော်သည် သဲချောင်းကလေးအတိုင်း မှိုင်းညိုသော ကျိုက်ဗောဓိစေတီတော်ကြီးဆီ ဦးတည်၍ ပြေးတက်သွားမိသည်။ " ခိုင်ရေ . . . ခိုင်ရေ . . . မောင် လာပြီ " တကြော်ကြော်သာ အော်ရသည်။ ဤမိုး၊ ဤလေတို့၏ ဆူညံခြင်းကို ကျွန်တော့်အသံက မခွင်းနိုင်။ နောက်တစ်ကြိမ် လျှပ်စီးရှည်စွာ လက်ပြန်သည်။ ထိုအခိုက်တွင်ပင် သဲချောင်းလေးအစပ်၌ လဲလျောင်းကျနေသော သဏ္ဌာန်တစ်ခုကို တွေ့လိုက်မိပါသည်။

ကျွန်တော်က ထိုသဏ္ဌာန်ဆီသို့ ပြေးသွားခိုက် ပြင်းထန်သော မိုးကြိုးပစ်သံကို ကြားရသည်။

ကျွန်တော်တို့နှင့် ကိုက်တစ်ရာခန့်ဝေးသော တောင်ကုန်းတစ်ခုထက်ရှိ သစ်ပင်ကြီးတစ်ပင်ကို မိုးကြိုးဝင်မှန်သောကြောင့် မီးဟုန်းဟုန်း ထတောက်သည်ကို မြင်လိုက်ရ၏။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


**Grace Education Learning Center**
No. 92, GF , 51 St., Middle Blk., Pazundaung Tsp, Yangon 09 25 880 55 82 ; 09 79 18 22 66 5

**World Class ESL Diploma**
၁၂ တန်းမပြီးသေးသူတိုင်း-အသက် (၁၆)နှစ်အထက်ရှိသူ (General Education Development Test ) ကိုဖြေဆိုခြင်းဖြင့် အမေရိကန်အထက်တန်းအဆင့်နှင့်ညီသောအောင်လက်မှတ်ရမည်။
လက်မှတ်ရသူများသည်မည်သည့်နိုင်ငံတွင်မဆိုအောင်လက်မှတ်ဖြင့် ကျောင်းတက်နိုင်ပါသည်။
Other Classes
- TOEFL (PBT )
- IELTS
- Academic Writing
- SAT English + Maths
- IGCSE "O" Level

**ASIA KING**
ချောင်းသာ(နေ့စဉ်)
နံနက်4:00am အထူး ကို/ပို့ရှိသည်
Fully Aircom, Express
01-543319, 09-43114301

**အိမ်အကူအလိုရှိသည်**
လစာကျပ် ၅၀၀၀၀/- နေ/စားငြိမ်း
အမှန်တကယ် အိမ်အလုပ် လုပ်ကိုင်လိုသူ ဖြစ်ရမည်။
ဖုန်း-၀၉-၄၇၉၆၀၉၃၅၅

**SEVEN ၆**
မြေကွက်ရောင်းဝယ်ရေး
Ph: 09 - 33 333 511, 09-33 333 514, 09-33 333 644

**KMD Education Services**
၂၀၁၄ - ၂၀၁၅ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ထူးချွန်စွာအောင်မြင်သောကျောင်းသား/သူများအတွက်
KMD မှပေးအပ်ချီးမြှင့်သော ပညာတော်သင်ဆု
Hot Line: 700895, 220555
နယ်မှလာတက်မည့်သူများအတွက်နေထိုင်စားသောက်ရေးအဆင်ပြေစေရန်အဆောင်များ စီစဉ်ပေးထားပါသည်။
သင်တန်းကြေးကိုအရစ်ကျငွေပေးချေနစ်ဖြင့် ပေးသွင်းတက်ရောက်နိုင်ပါသည်။
**First Year Diploma in Computing (NCC, UK)**
အခြေခံပညာအထက်တန်းဖြေဆို/အောင်မြင်ပြီးသူများအတွက် (UK)နိုင်ငံ၏ ကွန်ပျူတာဒီပလိုမာနှင့် ဘွဲ့လက်မှတ်များရရှိနိုင်မည့် ပညာတော်သင်ဆုများ -
တန်းခွဲသစ်များ
13 July 2015 11am to 2:30pm (M-F)
20 July 2015 1:00pm to 4:00pm (M-F)
**Higher National Diploma (SQA, UK)**
အင်္ဂလန်နိုင်ငံမှ တိုက်ရိုက်ပေးအပ်သောအဆင့်မြင့်ဒီပလိုမာသင်တန်းကို HND Star Award (ကျောင်းသား/သူများ ၏ အရည်အသွေးကို မြှင့်တင်ပေးသော အကောင်းဆုံး စင်တာဆု)ရရှိထားသော KMD Computer Centre တွင်တက်ရောက်နိုင်ပါပြီ။
ပညာတော်သင်ဆု ၅၀%
တန်းခွဲသစ်များ
29 June 2015 11:30am to 3pm (Tue-Fri)
11 July 2015 7am to 1pm (Sat & Sun)
01- 381035, 391286, 391287, 502233, 534170, 527436, 541328, 546600, 660887 .

# မျက်စိခွဲစိတ်လူနာများနှင့် ကျောက်ချေဖျက်ကုသနေမှုအား ကြည့်ရှု

**မကွေး ဇွန် ၂၁**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် ယနေ့နံနက် ၉ နာရီက မကွေးမြို့ သင်ကြားရေးဆေးရုံကြီးတွင် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကုသရေး ဦးစီးဌာနနှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့တို့ ပံ့ပိုးကူညီမှုဖြင့် မျက်စိကုသသည့် လူနာများအား သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သင်ကြားရေးဆေးရုံ ဆေးကုသဆောင်တွင် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၏ ပံ့ပိုးမှုဖြင့် ပွင့်ဖြူမြို့နယ်မှ မျက်စိလာရောက်ခွဲစိတ် ကုသသူ ၅၂ ဦးအား မျက်မှန်များ တပ်ဆင်ပေး၍ အစားအသောက်နှင့် လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်စန်းစန်းမြင့်တို့သည် သင်ကြားရေးဆေးရုံကြီးတွင် လိုက်လံကြည့်ရှု စစ်ဆေးကာ ဆေးရုံအုပ်ကြီး၏ တင်ပြချက်များအား ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး ဆေးရုံအတွင်း အသစ်ရောက်ရှိလာသော ကျောက်ချေစက်ဖြင့် ကျောက်ကပ်အတွင်း ကျောက်တည်နေသော လူနာကို ကျောက်ချေဖျက်ကုသနေမှုကို ကြည့်ရှုအားပေးခဲ့သည်။



ကျေးလက်နှင့်မြို့ပြ ကျန်းမာရေးစောင့်ရှောက်မှုများကိုကွာဟမှုမရှိစေရေး ဆောင်ရွက်ပေးလျက်ရှိရာ ယခုကျောက်ချေစက်သည် နိုင်ငံတော်မှ ဘဏ္ဍာရန်ပုံငွေဖြင့်ဝယ်ယူပြီး မကွေးသင်ကြားရေး ဆေးရုံတွင် ကျွမ်းကျင်ပညာရှင်များမှလာရောက်တပ်ဆင်ကာ မကွေးသင်ကြားရေး ဆေးရုံမှ ဆီးနှင့်ကျောက်ကပ်အထူးကုဆရာဝန်ကြီးဒေါက်တာလှဖုန်းမှ ဦးစီး၍ ကုသပေးလျက်ရှိသည်။

ယင်းသို့ လူနာများအား ဆေးကုသပေးနေသည့်အပြင် မကွေး ဆေးတက္ကသိုလ်ရှိ ကျောင်းသား ကျောင်းသူများအား လက်တွေ့ပြသကုသနိုင်ခြင်း၊ တိုင်းဒေသကြီးအတွင်းရှိ ရောဂါဝေဒနာရှင်များအနေဖြင့် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များသို့ သွားရောက်ကုသရန်မလိုဘဲ မိမိဒေသ၌သာ ဆေးကုသမှုခံယူရသဖြင့် ဒေသခံပြည်သူများ ဝမ်းသာလျက်ရှိကြပြီး ယခုနှစ်မေလက စတင်တပ်ဆင်ချိန်မှစ၍ ရောဂါဝေဒနာရှင်များအား အောင်မြင်စွာ ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

# မင်းဘူးရှိ ကျေးရွာအချို့၌ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုများရှိနေ

**မင်းဘူး ဇွန် ၂၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ်ရှိ ကျေးရွာအချို့တွင် မိုးဦးကာလရာသီ၌ ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါများ စတင်ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ကျေးလက်နေ ဒေသခံပြည်သူများမှာ ကျန်းမာရေးအသိပညာ နည်းပါးလွန်းခြင်း၊ မိရိုးဖလာ ဆေးဝါးကုသမှုများဖြင့်ကုသနေခြင်းတို့ကြောင့် ယခင်နှစ်များက အနာဂတ်၏ရင်သွေးငယ်များ မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးခဲ့ကြရသည်။

ကျန်းမာရေးဝန်ထမ်းများမှ မိမိတို့နေအိမ်များရှိ သောက်သုံးရေသိုလှောင်ကန်များနှင့် ရေဝပ်နေရာများအား ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ကြရန်နှင့် ပိုးလောက်လန်းကာကွယ်ဆေးများ ခပ်ထားပြီးမှ အသုံးပြုကြရန် အသိပညာပေး ရှင်းလင်းပြောကြားသော်လည်း လိုက်နာမှုမရှိကြသည်ကို တွေ့ရှိရကြောင်း မြို့နယ်ကျန်းမာရေးဝန်ထမ်းတစ်ဦးက ပြောသည်။

ကလေးငယ်များ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပါက သိသာထင်ရှားသည့် လက္ခဏာ ပေါ်ပေါက်လာလျှင် ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်၍ ဆေးကုသမှုခံယူကြရန် တိုက်တွန်းသော်လည်း ဆေးကုသမှုခံယူခြင်း မပြုလုပ်ကြကြောင်း၊ မိမိတို့၏ဒေသ ဆေးဆရာများဖြင့် ကုသနေပြီး ရောဂါအခြေအနေဆိုးရွားမှ လာရောက်ကြကြောင်း၊ ဆေးကုသမှု အချိန်မမီ၍ ကလေးငယ်များ အသက်ဆုံးရှုံးနေရကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါသည် ခြင်ကိုက်ရာမှ တစ်ဆင့် ကိုယ်တွင်းရှိ သွေးနီဥများကို ပျက်စီးစေသည်ကို ကျန်းမာရေး အသိပညာနည်းပါးသည့် ဒေသခံပြည်သူများမှ ကုက္ကိုရွက်ကို အရည်ညှစ်၍ တိုက်ကြသည့်အခါ ကုက္ကိုရွက်သတ္တုရည်သည် အပူလွန်ကဲသောကြောင့် ရောဂါပို၍ ဆိုးရွားသွားသည်ကိုမသိကြဘဲ ဆက်လက်အသုံးပြုနေသည်ကို ယခုထိတွေ့ရှိနေသေးကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို စီမံချက်အသွင်ဖြင့် ဆောင်ရွက်သွားသင့်ကြောင်း ကျန်းမာရေးဝန်ထမ်းတစ်ဦး၏ ပြောပြချက်အရသိရသည်။

မင်းဘူးမြို့နယ် ချောင်းဖြူကျေးရွာ၊ သီးကုန်းကျေးရွာ၊ မုန်းတောင်ကျေးရွာနှင့် မောင်းမကန်ကျေးရွာတို့တွင် ကလေးငယ်များ၌ သွေးလွန်တုပ်ကွေးရောဂါများဖြစ်ပွားလျက်ရှိရာ ပြန့်ပွားကူးစက်မှုမရှိစေရေးအတွက် ကွင်းဆင်းဆေးကုသပေး၍ အသိပညာပေးဟောပြောပေးလျက်ရှိသည်။ **သူရထွန်း**

# စားသုံးသူကာကွယ်ပေးရေးပညာပေးဟောပြော

**တောင်တွင်းကြီး ဇွန် ၂၁**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှကြီးမှူး၍ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန် ၁၆ ရက် မွန်းလွဲပိုင်းက မြို့မအလယ်တန်းကျောင်းခွဲ၌ ကျင်းပခဲ့ကြောင်းသိရသည်။

ဆွေးနွေးပွဲတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဆယ်မောင်က ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူလျင်မြန်ချောမွေ့စေရေး အခက်အခဲဖြစ်နေသည့် အတားအဆီးများနှင့် ဖြေလျှော့ပေးမှု အခြေအနေများအား ရှင်းလင်းဆွေးနွေးခဲ့သည်။ယင်းနောက် ဓာတုဆိုးဆေး များ၏ အန္တရာယ်အကြောင်းကို ရှင်းလင်းပြောကြားကာ ဓာတုဆိုးဆေးများ ပါဝင်သည့် မုန့်နှင့် စားသောက်ဖွယ်ရာများကို စားသုံးခြင်းမပြုရန် ပညာပေးရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **နိုင်ဝင်း**

# မူးယစ်ဆေးဝါးအန္တရာယ်နှင့် သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြော

**ဘောဂလိ ဇွန် ၂၁**

ကရင်ပြည်နယ် ဘောဂလိမြို့ မူးယစ်ဆေးဝါးအန္တရာယ်နှင့် သွေးလွန်တုပ်ကွေးရောဂါ အသိပညာပေး ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲကို ဇွန် ၁၈ ရက်က အခြေခံပညာအထက်တန်းကျောင်းတွင်ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး အထက်တန်းကျောင်းအုပ်ကြီးနှင့် ဘောဂလိမြို့ရဲစခန်းမှူးတို့က မူးယစ်ဆေးဝါးအန္တရာယ်နှင့် ဆိုးကျိုးများအကြောင်းကိုလည်းကောင်း၊ ကျန်းမာရေးဌာန သားဖွားဆရာမက သွေးလွန်တုပ်ကွေးရောဂါ အသိပညာပေးခြင်းကိုလည်းကောင်း ဟောပြောကြသည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဓာတ်ပုံ၊ နံရံကပ်စာစောင်များအား တက်ရောက်လာသူများမှ ကြည့်ရှုခဲ့ကြသည်။ **ဘောဂလိ (ပြန်/ဆက်)**


## ကွန်ပျူတာပညာဒါန အလိုရှိသည်

တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသော ပရဟိတ ကျောင်းသား/ကျောင်းသူများအား ကွန်ပျူတာတတ်မြောက်စေချင်သည်။ ကွန်ပျူတာအရုံသင့်ရှိသည်။ နေရေး၊ စားရေး တာဝန်ယူမည်။

သင်ကြားပေးလိုသူများ ဆက်သွယ်ပါ။

ကျောင်းအုပ်ဆရာတော်

၀၉-၂၅၅၇၄၈၆၂၄၊ ၀၉-၄၉၃၁၅၃၇၀

## စက်ချုပ်ပညာဒါန အလိုရှိသည်

တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသော ပရဟိတ ကျောင်းသား/ကျောင်းသူများအား စက်ချုပ်ပညာတတ်မြောက်စေချင်သည်။ အပ်ချုပ်စက်အရုံသင့်ရှိသည်။ နေရေး၊ စားရေး တာဝန်ယူမည်။

သင်ကြားပေးလိုသူများ ဆက်သွယ်ပါ။

ကျောင်းအုပ်ဆရာတော်

၀၉-၂၅၅၇၄၈၆၂၄၊ ၀၉-၄၉၃၁၅၃၇၀

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ကယားပြည်နယ်၊ ဖားဆောင်း-မယ်စဲ့ ၃၃ကေဗွီဓာတ်အားလိုင်း (၃၈)မိုင် တည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သောဓာတ်အားလိုင်းပစ္စည်းများ၊ သံတိုင်နှင့် ကွန်ကရစ်တိုင်များကို မြန်မာကျပ်ငွေ(Kyat)ဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါစတင်ရောင်းချမည့်ရက် - ၂၉-၆-၂၀၁၅
တင်ဒါပိတ်မည့်ရက် - ၁၇-၇-၂၀၁၅
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၉-၂၅၃၅၃၅၂၅၁၊ ၀၉-၂၅၀၀၉၉၀၀၄၊ ၀၉-၂၆၀၀၀၉၀၉၁**

## ဝန်ထမ်းအမြန်အလိုရှိသည်

၁။ မော်တာစက်ချုပ်(၅)ဦး
၂။ စက်ချုပ်အကူ(၂)ဦး
နေရေး /စာရေး စီစဉ်ပေးသည်။

**အမှတ်-၁၆၈၊ ၃လွှာ၊ ဗညားဒလလမ်း၊ ယုဇနပလာဇာအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ဖုန်း-၀၁-၂၀၆၁၄၈**

## ချက်ချင်း CV တင် ၊ ချက်ချင်း Interview ဝင်ပြီး
## June လကုန် အလုပ်ဆင်းရမည့်

**Call Center Staff** USD- 100 ~ 150 M/F(30)

- Any Fresh Graduate , No Need Working Experience.
- Good Communication Skills
- Computer Typing Skills ( 20 Word Per Minute ),Knowledge in Using Smart Phone

ဘွဲ့ကြို ၊ဘွဲ့ရပြီးခါစ လုပ်ငန်းအတွေ့အကြုံမရှိသော လူငယ်များကို ဦးစားပေးပါမည်။

နေ့စဉ်အင်တာဗျူးရှိသည် (အချိန် - ၉ နာရီမှ ၅ နာရီအတွင်း)

VALUE ADDED CONSULTANCY
No. 118, 6th Floor, 23rd Street, Latha Township, Yangon
Ph: 01-395921 ,01-395922, 09-5102094,09-73022727

## GLow For EVER

**ဂျပန်နိုင်ငံမှ ဂျပန်ဆရာမကိုယ်တိုင်ဦးစီးသင်ကြားသော**

၁။မျက်နှာမှ ခြေဖျားအထိ အသားအရေထိန်းသိမ်းနည်း၊ မိတ်ကပ်ပြုပြင်နည်းများ။
၂။ ခြေသည်း၊ လက်သည်းပြုပြင်နည်း၊ ရေချေး၊ ပန်းချီ၊ ဂျယ်လ်နှင့်ဆိုးနည်းများ။
၃။ဂျပန်ဖက်ရှင်ပိုင်းဆိုင်ရာများကို အခြေခံမှစ၍ အကုန်လုံးတတ်မြောက်သည်အထိ အသေးစိတ်သင်ကြားပေးပါမည်။ တစ်ပတ်ငါးရက်နှင့် တစ်ရက်လျှင် နှစ်ချိန် သင်ကြားပေးပါသည်။

မိန်းကလေးများ အလုပ်အကိုင်ရရှိရေး မိမိကိုယ်ကို ယုံကြည်မှု တိုးတက်စေရေး အတွက် သင့်တော်သော သင်တန်းဖြစ်ပါသည်။ ပညာဒါနအနေဖြင့် သင်တန်းကြေး ကျပ် ၁၅၀၀၀၀ ပေးသွင်း ရပါမည်။ (တစ်လအပြတ်အတတ်သင်)

အထူး Promotion အနေဖြင့် Member များ အလှကုန်ပစ္စည်း ဝယ်ယူပါက 15% Discount ပေးပါမည်။သင်တန်းအပ်ပါက လက်သည်းနီဆိုးဆေး တစ်စုံလက်ဆောင်ပေးပါမည်။ ကျေးဇူးပြု၍ Facebook Like တစ်ချက်နှိပ်ပြီး ဖိတ်ခေါ်ပေးပါ။ (www.facebook.com\SNBSTYLES)

**ဆက်သွယ်ရန် -အမှတ် ၄၉\A(B) 1 မိုးစန္ဒာလမ်း(၁)ရပ်ကွက်၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်။ဖုန်း-01514488, 09260557567**

# ကျောင်းထောက်ပံ့ကြေးများ ထောက်ပံ့ရေးဆိုင်ရာ လုပ်ငန်းအကောင်အထည်ဖော်ရေး ကော့သောင်း၌ဆွေးနွေး

**ကော့သောင်း ဇွန် ၂၁**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကျောင်းထောက်ပံ့ကြေးများ ထောက်ပံ့ရေးဆိုင်ရာ အစီအစဉ် လုပ်ငန်းအကောင်အထည်ဖော်ရေးလုပ်ငန်း ဆွေးနွေးပွဲ အခမ်းအနားတစ်ရပ်အား ဇွန် ၁၇ ရက် နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း နဝရတ်ခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ကော့သောင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်ဇာနည်လွင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ဝင်းက ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပါစည်က နိုင်ငံတော်၏ ပညာရေးကဏ္ဍတွင် အားသွန်ခွန်စိုက် ဆောင်ရွက်ပေးနေမှု အခြေအနေများအား ကျောင်းအုပ်ကြီးများ နားလည်လိုက်နာဆောင်ရွက်ကြရေး၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ထောက်ပံ့ပေးသည့် ငွေကြေးအသုံးစရိတ်များအား ကျောင်းကော်မတီ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးကာ လုပ်ငန်းအစီအမံများ ချမှတ်၍ အလေအလွင့်မရှိ စနစ်တကျတာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိတတ်မှုနှင့် မိမိကျောင်းအကျိုးကို စေတနာရှေ့ထားကာ အသုံးပြုကြရေး အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့သည်။

**ကျော်စိုး (ကော့သောင်း ပြန်/ဆက်)**



# ပွင့်ဖြူမြို့နယ်၌ ၂၀၁၅ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေး

**ပွင့်ဖြူ ဇွန် ၂၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူဦးကြီးများ စိုက်ပျိုးရေးလုပ်ကိုင်ရာတွင် သင့်တင့်သောငွေကြေးအရင်းရှိစေရေး၊ အချိန်မီအချိန်ကိုက် ထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ၂၀၁၅ မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေများကို ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

တောင်သူများ မိုးသီးနှံများ အချိန်မီ စိုက်ပျိုးထုတ်လုပ်နိုင်ရန် မေ ၂၈ ရက်မှစပြီး ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ဇွန် ၁၉ ရက်အထိ ကျေးရွာအုပ်စုငါးအုပ်စုနှင့်အစုအဖွဲ့ ၁၂၂ ဖွဲ့၊ လူဦးရေ ၃၅၉ ဦးအား ချေးငွေကျပ်သိန်း ၁၂၂၁ ဒသမ ၆၀ ထုတ်ချေးပြီးဖြစ်ကြောင်း သိရသည်။

ဆက်လက်ပြီး ကျန်ရှိသည့်ကျေးရွာအုပ်စုများမှ အဖွဲ့ဝင် တောင်သူများကိုလည်း ထုတ်ချေးပေးလျက်ရှိကြောင်းနှင့် ယခုနှစ်ထုတ်ချေးငွေ လျာထားမှုမှာ ကျပ်သိန်းပေါင်း ၄၇၀၀၀ ဖြစ်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့် ခွင့်ပြုပုံစံ (၇) ရှိ တောင်သူများကိုသာ ထုတ်ချေးပေးသွားမည်ဟု မြို့နယ်မန်နေဂျာ ဒေါ်သန်းသန်းအေးက ပြောသည်။

"ကျွန်တော်တို့ဒေသက ယခုနွေသီးနှံအဖြစ် နှမ်းကို စိုက်ပျိုးထားတဲ့တောင်သူက များပါတယ်။ နှမ်းသိမ်းပြီးတာနဲ့ မိုးစပါးကို မကြာမီပျိုးထောင်စိုက်ပျိုးကြတော့မှာဖြစ်ပါတယ်။ ယခုလို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က အချိန်မီချေးငွေတွေ ထုတ်ချေးပေးတော့ ကျွန်တော်တို့တောင်သူတွေ အနေနဲ့ လိုအပ်တာတွေကို ကြိုတင်စုဆောင်းထားနိုင်တာပေါ့" ဟု ချေးငွေများလာရောက်ထုတ်သူ တောင်သူတစ်ဦးက ပြောသည်။ **အောင်သူရ(ပွင့်ဖြူ)**

# မြေသြဇာ၊ ပိုးသတ်ဆေး၊ မျိုးစေ့ ဥပဒေဆိုင်ရာ ရှင်းလင်းဆွေးနွေး

**မြစ်ကြီးနား ဇွန် ၂၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး မြေသြဇာ၊ ပိုးသတ်ဆေး၊ မျိုးစေ့ဥပဒေဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ဇွန်လ ၁၉ ရက် နံနက် ၁၀ နာရီတွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်များမှ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ဝန်ထမ်းများ၊ မြေသြဇာအရောင်းဆိုင်၊ ပိုးသတ်ဆေးအရောင်းဆိုင်များမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဦးစီးမှူး ဦးတူးမိုင်း၊ ခရိုင်ဦးစီးမှူး၊ ဝိုင်းမော်မြို့နယ်ဦးစီးမှူး၊ ပြည်နယ်မြေအသုံးချရေးတာဝန်ခံ၊ ပြည်နယ်သီးနှံကာကွယ်ရေးတာဝန်ခံတို့က ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးဆိုင်ရာ ဥပဒေများ တင်သွင်းရောင်းချခြင်းကိစ္စရပ်များကို ပြောကြားခဲ့ကြသည်။

ယင်းနောက်တက်ရောက်လာသူများမှ သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများမှ ပြန်လည်ရှင်းလင်းခဲ့ကြသည်။ **ခရိုင်ပြန်/ဆက်**

## ယာဉ်အန္တရာယ်ကင်းရှင်းရေး စစ်ဆေးကြပ်မတ်

**နေပြည်တော် ဇွန် ၂၁**

နေပြည်တော်ကောင်စီနယ်မြေအတွင်း ယာဉ်မတော်တဆထိခိုက်မှုများ ဖြစ်ပွားလျက်ရှိပြီး အများဆုံးယာဉ်ထိခိုက်မှုမှာ မော်တော်ဆိုင်ကယ်တိမ်းမှောက်မှုများဖြစ်၍ ယာဉ်စစ်ဆေးမှုများကို စီမံချက်နေရာတိုင်းတွင် စစ်ဆေးကြပ်မတ်လျက်ရှိကြောင်း သိရသည်။

ဇမ္ဗူသီရိမြို့နယ် အမှတ်(၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စု ယာဉ်စည်းကမ်းလမ်းစည်းကမ်း၊ ကြီးကြပ်ရေးအဖွဲ့မှ ရဲအုပ်အေးဇော်ဝမ်း နှင့် အဖွဲ့သည် ဇွန် ၁၉ ရက် နံနက် ၈ နာရီခွဲက မြို့မဈေး၊ သပြေကုန်း ကျောက်မြတ်ရတနာပြခန်းအရှေ့နှင့် ပျဉ်းမနား-တောင်ညိုလမ်းမကြီးပေါ်ရှိ မြို့တော်ခန်းမအနီးတို့တွင် ကား၊ ဆိုင်ကယ်လိုင်စင်၊ ယာဉ်မောင်း လိုင်စင်နှင့် ဆိုင်ကယ်စီးဦးထုပ်များကို စစ်ဆေးကြပ်မတ်လျက်ရှိသည်။

အဆိုပါစစ်ဆေးမှုတွင် မော်တော်ယာဉ် ၅၂ စီး၊ မော်တော်ဆိုင်ကယ်စစ်ဆေးမှု ၅၄ စီး စစ်ဆေးကြပ်မတ်ခဲ့ပြီး မော်တော်ယာဉ်ဥပဒေဖြင့် မော်တော်ယာဉ်တစ်စီး၊ မော်တော်ဆိုင်ကယ်သုံးစီးတို့ကို စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန့်မောင်**

အာ ၅ နဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770
သွေးသည်
အသက်

ကျေးဇူးဆပ်ပါမည်
ASIA NINE STARS TRAING CO.,LTD. ကုမ္ပဏီအမှတ်-2668/12-13ရက်စွဲ(28-9-12)၏ ကတ်မှုရင်းမှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၁-၅၃၆၈၄၈၊ ၀၉-၅၀၀၆၄၄၀

မြန်မာကော်တွန်- ကုမ္ပဏီ
* ခန်းဆီးလိုက်ကာပိတ် နှင့် Blindsမျိုးစုံချုပ်လုပ်ခြင်း။
* လိုက်ကာတန်း မျိုးစုံတပ်ဆင်ခြင်း
* Sofa, Cushion ဒီဇိုင်းမျိုးစုံ ချုပ်လုပ်ခြင်းနှင့် ပြုပြင်ခြင်း။
* မွေ့ရာ အမျိုးမျိုးရောင်းချခြင်းနှင့် ပြုပြင်ခြင်း
* ခန်းဆီးလိုက်ကာ ပိတ်စများကို လက်လီ/လက်ကား ရရှိနိုင်ပါသည်။
အမှတ်-(၁၂၀)မဟာဗန္ဓုလလမ်း နှင့် (၅၇)လမ်းထိပ်၊ ရန်ကုန်မြို့။
Ph: 291317/202921/09-8627489

ပညာရေးဝန်ကြီးဌာန
နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန
အစိုးရနည်းပညာ အထက်တန်းကျောင်း(စစ်တွေ)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
၁။ အစိုးရနည်းပညာ အထက်တန်းကျောင်း(စစ်တွေ)တွင် အသုံးပြုမည့်ပရိဘောဂ(၃)မျိုး ဝယ်ယူမည်ဖြစ်ပါသည်။
၂။ ဝယ်ယူမည့်အမျိုးအစားအရည်အသွေးနှင့် အရေအတွက်ကို လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။
၃။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် ၃၀-၆-၂၀၁၅ရက်၊ ၉း၃၀ နာရီ နောက်ဆုံးထားတင်သွင်းရပါမည်။
၄။ တင်ဒါဖွင့်မည့်ရက်/အချိန် ၃၀-၆-၂၀၁၅ ရက်၊ နံနက် ၁၀း၀၀ နာရီ
၅။ တင်ဒါပုံစံများကို အစိုးရနည်းပညာ အထက်တန်းကျောင်း(စစ်တွေ)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။
တင်ဒါခေါ်ယူရေးအဖွဲ့၊ အစိုးရနည်းပညာအထက်တန်းကျောင်း(စစ်တွေ)
ဖုန်း-၀၄၃-၂၁၅၆၈၊ ၀၉-၄၉၆၄၁၆၉၁

ဖုန်း SIM CARD ဝယ်မည်
73 **-80000 Ks
49 **-120000 Ks
50 **-180000 Ks
Ph; 09-5089555

အိမ်နှင့်ခြံငှားမည်
ကမ္ဘာ့ဇလမ်း၊ ဗဟန်းမြို့နယ်၊ နှစ်ထပ်တိုက်နှင့် လုံလောက်သောကားပါကင်နေရာ ငှားရန်ရှိသည်။
quo , &eze;-၀၉-၂၅၄၀၁၃၅၈၄

တက္ကသိုလ်ဝင်တန်း ဖြေဆို၊ အောင်မြင်ပြီးသူများအတွက်
UK ပညာရေးလမ်းကြောင်းများနှင့် IT အလုပ်အကိုင်အခွင့်အလမ်းများ
ပညာရေး ဆွေးနွေးပွဲ
◆ တက္ကသိုလ်ဝင်တန်း ဖြေဆို၊ အောင်မြင်ပြီးသူများအတွက် UK မှတိုက်ရိုက်ချီးမြှင့်မည့် ကွန်ပျူတာသိပ္ပံဘွဲ့ ကို 3+0 (သို့) 2+1 ပုံစံဖြင့် ရယူနိုင်မည့် အခွင့်အလမ်းများအကြောင်း။
◆ နိုင်ငံတကာအဆင့် IT အင်ဂျင်နီယာ တစ်ယောက်ဖြစ်စေရန် လေ့လာရမည့် ဘာသာရပ်များအကြောင်း နှင့် တတ်မြောက်မှုကို သေချာစေမည့် စစ်ဆေးအကဲဖြတ်မှုများ။
◆ မိမိအရည်အချင်း ရှိသလောက် အမြင့်မားဆုံး အောင်မြင်မှုကိုရယူလိုသော လူငယ်များအတွက် စောင့်ကြိုနေသော IT အလုပ်အကိုင်အခွင့်အလမ်းများ
(၁၀)တန်း အောင်မြင်ပြီးသူများ အနေဖြင့် စိတ်ဝင်စားရာ ဘာသာရပ်နှင့် ကျောင်းရွေးချယ်မှု မှန်ကန်ရန်မှာ အလွန်ပင် အရေးကြီးသောကြောင့် ကျောင်းသားများနှင့် မိဘများကိုယ်တိုင် တက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။
ဟောပြောမည့်သူ ..... ဦးဝင်းထိန်ဝင်း (GUSTO International College)
နေ့ရက် ..... ၂၄.၆.၂၀၁၅ (ဗုဒ္ဓဟူးနေ့)
အချိန် ..... နံနက် ၁၀နာရီ မှ ၁၂နာရီ ထိ
နေရာ ..... Sule Shangri - La Hotel (တောင်ဝှခန်းမ)
လူဦးရေကန့်သတ်ထားပါသဖြင့်ကြိုတင်စာရင်းပေးတက်ရောက်ပါရန် (အခမဲ့)
Call Now : 09 8628806, 09 73031302,01 504632

Total Skin Repair
ဝက်ခြံ၊ တင်းတိပ်၊ မဲ့ခြောက်၊ မျက်နှာအမာရွတ်၊ ချိုင့်ခွက်နှင့် အရေးကြောင်းများ ပြုပြင်ရေး Center
➢ ရန်ကုန်ဆိုင်ခွဲ(၁)။ ။ ဘုရင့်နောင်တာဝါ 2(A) လှည်းတန်း၊ Ph:01-532183, 09-2053186
➢ ရန်ကုန်ဆိုင်ခွဲ(၂)။ ။ ရွှေအုန်းပင်အိမ်ရာ(၂)၊ ရန်ကင်း၊ ရန်ရှင်းလမ်းမကြီး။ Ph:09-2000926
➢ ရန်ကုန်ဆိုင်ခွဲ(၃)။ ။ မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ ဝါဝါဝင်းကွန်ဒို၊ မောင်ဝိတ်ကွန်ဒိုနှင့် ကပ်လျက်၊ မင်္ဂလာတောင်ညွန့်။ Ph:01-393097,09-91019264
➢ ရန်ကုန်ဆိုင်ခွဲ(၄)။ ။ တိုက် 24(B)၊ အခန်း(002)၊ မြေညီထပ်၊ မကြီးကြီးလမ်း၊ စမ်းချောင်းမြို့နယ်။ Ph:09-798807911, 798807912
➢ ရန်ကုန်ဆိုင်ခွဲ(၅)။ ။ အမှတ်(11)C၊ မြေညီထပ်၊ ကျောက်ကုန်းလမ်းမ၊ အထက(၂)ကျောင်းဘေး၊ ရန်ကင်းမြို့နယ်။ Ph:09-798734478, 258304048

# မြန်အောင်မြို့နယ်တွင် ဇလုပ်ကြီး-ကန့်ဘလူ လျှပ်စစ်ဓာတ်အားလိုင်းသစ် ဖွင့်လှစ်

**မြန်အောင် ဇွန် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဇွန် ၁၈ ရက်က မြန်အောင်မြို့နယ် ဇလုပ်ကြီးကျေးရွာအုပ်စု ဇလုပ်ကြီး-ကန့်ဘလူ လျှပ်စစ်ဓာတ်အားလိုင်းသစ်ဖွင့်ပွဲသို့ တက်ရောက်အားပေးချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ လျှပ်စစ်ဓာတ်အားလိုင်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇလုပ်ကြီးကျေးရွာရှိ ထရန်စဖော်မာရှေ့တွင် ကျင်းပရာ လျှပ်စစ်ဓာတ်အားလိုင်းသစ်အား တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်းဆွေနှင့် ဦးအောင်မျိုးညွန့်တို့က ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆိုင်းဘုတ်အား စက်ခလုပ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဇလုပ်ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း အောင်သုခမ္မာရုံတွင် ဒေသခံကျေးရွာ ပြည်သူများနှင့်တွေ့ဆုံ၍ ကျေးရွာအုပ်စုအတွင်းရှိ ရပ်မိရပ်ဖတို့က တင်ပြသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းဗိုလ်(မြို့နယ်ပြန်/ဆက်)**



ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ငွေလုံး ငွေရင်းရန်ပုံငွေဖြင့် ဟင်္သာတမြို့နယ် လယ်တီအုပ်စု အောက်ကျင်း-အင်းမ-သခွပ်ကွင်း မြေသားလမ်း လေးမိုင်ဖောက်လုပ်လျက်ရှိရာ လုပ်ငန်းများအချိန်မီဆောင်ရွက်ပြီးစီးရေးအတွက် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိသည်။ သတင်းနှင့်ဓာတ်ပုံ- ခရိုင် ကျေးလက်

# မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာ လုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ရေတာရှည် ဇွန် ၂၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြို့လှကျေးရွာအုပ်စု သာဝတ္တိကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်း လုပ်ငန်းများနှင့် ပတ်သက်၍ တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်သန်းလွင်၊ ရေတာရှည်မြို့နယ် ကျေးလက်ဦးစီးမှူး ဦးရန်နိုင်ညွန့်နှင့် တာဝန်ရှိသူများသည် ဇွန် ၁၈ ရက် မွန်းလွဲပိုင်းက စစ်ဆေးကြည့်ရှုခဲ့သည်။

အဆိုပါကျေးရွာတွင် မြစိမ်းရောင် စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုကာ ကျေးရွာဒေသခံများနှင့်တွေ့ဆုံ၍ လိုအပ်သည့်အကြံပြုချက်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**



# လေးအိမ်ကျေးရွာ၌ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြော

**နတ်မောက် ဇွန် ၂၁**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် လေးအိမ်ကျေးရွာ၌ မြို့နယ်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ကြီးမှူး၍စားသုံးသူအကာကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန် ၁၈ ရက် နံနက် ၉ နာရီခွဲက အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံမှ စားသုံးသူအကာကွယ်ပေးရေးဆိုင်ရာ ဥပဒေအကြောင်းအရာများ၊ စားသုံးရန်မသင့်သည့် မုန့်မျိုးစုံကုန်ပစ္စည်းများ၊ ဓာတုဆိုးဆေး ကင်းလွတ်သည့် အစားအစာများ စားသုံးရန်နှင့် မြို့သစ်မြို့နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ တာဝန်ခံက မုန့်မျိုးစုံအရောင်းဆိုင်များမှ ဓာတုဆိုးဆေးများ၏ အန္တရာယ်အကြောင်းနှင့် ဓာတုဆိုးဆေးများ ပါဝင်သည့်မုန့်များ၊ စားသောက်ဖွယ်ရာများကို စားသုံးခြင်းမပြုရန်တို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။ **မြို့နယ်ပြန်/ဆက်**

# ချောက်တွင် ၂၀၁၅-၂၀၁၆ ခုဘဏ္ဍာရေးနှစ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်

**ချောက် ဇွန် ၂၁**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၁၈ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးနေရှင်းက အဖွင့်အမှာစကားပြောကြားပြီးနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်က ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒေသန္တရ စီမံကိန်းရည်မှန်းချက်များအား တာဝန်ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်အဆင့် ဌာနဆိုင်ရာများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒေသန္တရ စီမံကိန်းရည်မှန်းချက်များအား အသီးသီး တာဝန်ပေးအပ်ခဲ့သည်။

**မချို (ချောက်)**

ကိုညာဏ် KO NYAN
Car Rental & Travel Service
ဘုရားဖူးခရီးစဉ်အမျိုးမျိုး နှင့်လချုပ်အတွက်
Model မြင့် ကားသစ် မျိုးစုံ ရောင်း/ဝယ်/ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။
09-5078440,01-551649,01-209183

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
ဖုန်း-၀၉-၄၃၁၁၇၆၈၀၊ ၀၉-၅၀၅၉၈၂၁

ဟိုက်ဒြောလစ်/လေဗီအား
Fully Auto အုတ်ရိုက်စက်
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
(၆၇)၊ သံသုမာလမ်း သုဝဏ္ဏသွားဆေးတက္ကသိုလ်အနီး
09 420035 882, 09 73199 410
09 420035 884, 09 73199 257

ဒဂုံမြို့သစ်
(တောင်ပိုင်း) (ဆိပ်ကမ်း)
မြေကွက်များဝယ်လိုသည်
ဖုန်း -0943075129

စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ် အထူးခရီးစဉ်
တယားပြည်နယ် လှိုင်ဂူ တောင်ကွဲဓေတီ
[illegible] - ၇ - ၂၀၁၅ မှ ၂ - ၈ - ၂၀၁၅ အထိ
သုခပိန်ဓာလ 01-253079/09 30184137/09 5155654




လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ၊ စီမံကိန်းနေရာ အသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-
၂။ တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - ၂၂-၆-၂၀၁၅ရက်
၃။ တင်ဒါပိတ်မည့်ရက် - ၂၅-၆-၂၀၁၅ရက်
၄။ တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ဝန်ထမ်းအလိုရှိသည်
မကြာခင်ဖွင့်လှစ်မည့်နိုင်ငံတကာ အဆင့်မီအားကစားခန်းမ (Gym)တွင်ခန့်ထားရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။
(၁) Trainers (နည်းပြများ) – ကျား (၅)ဦး
– မ (၅)ဦး
(၂) Receptionist+Marketing – မ (၅)ဦး
(၃) House Keeping (သန့်ရှင်းရေး) – ကျား (၃)ဦး
– မ (၃)ဦး
ဆက်သွယ်လျှောက်ထားရန်–U Kyu Family Co.,Ltd
အမှတ်(၁၇၊၁၉)လှည်းတန်းလမ်း၊လမ်းမတော်မြို့နယ်၊
ရန်ကုန်မြို့။ဖုန်းနံပါတ်–၀၁– ၂၃၀၀၇၁၃၊ ၂၃၀၀၇၁၄

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာန၊ မြောက်ပိုင်းခရိုင်မှူး(လ/ထ ဌာနမှူး)ဦးဇော်ဝင်း-ဒေါ်စန်းစန်းရီတို့၏သားငယ် မောင်စည်သူဝင်း ခုံအမှတ်(ဆဗထ-၄၄၈)သည် အထက(၅)၊ ဗိုလ်တထောင်မှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် သိပ္ပံတွဲကို (၅)ဘာသာဂုဏ်ထူး အမှတ်ပေါင်း(၅၂၇)မှတ်ဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ
တပည့်မိတ်ဆွေမိသားစုများ




**နည်းပညာတက္ကသိုလ် ( မှော်ဘီ )**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ နည်းပညာတက္ကသိုလ် ( မှော်ဘီ )တွင် အောက်ဖော်ပြပါ ရုံးသုံးစာရေးကိရိယာများဝယ်ယူရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာငွေကျပ်ဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

(က) ရုံးသုံးစာရေးကိရိယာပစ္စည်းများ

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို( ၂၂ - ၆ -၂၀၁၅ ) ရက်နေ့မှ စ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ်(မှော်ဘီ)တွင် လာရောက်ဝယ်ယူနိုင်ပြီး ( ၃ - ၇ -၂၀၁၅ )ရက် **( ၁၅ :၀၀ ) နာရီ** နောက်ဆုံးထား၍ တင်ဒါတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ ၊စည်းကမ်းချက်များနှင့် အသေးစိတ် အချက်အလက် များကို နည်းပညာတက္ကသိုလ် (မှော်ဘီ) ဖုန်းနံပါတ် -၀၉-၇၉၉၇၂၄၀၂၅ သို့ စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ
နည်းပညာတက္ကသိုလ်(မှော်ဘီ)

စစ်ကိုင်းစက်မှုဇုန်(၁၂)ကေ
ရောင်း/ငှား/အကျိုးတူ
လုပ်ကိုင်လိုပါသည်။
ဖုန်း-၀၉-၇၃၁၀၄၀၄၆၊
-၀၉-၇၃၁၀၄၀၄၉

ရောင်းရန်
Hyundai Porter II
Pickup (4x2) (L)
လုပ်ငန်းလိုင်စင်ရပြီး
ဖုန်း-၀၉-၄၃၁၇၅၄၅၂၊ ၀၉-၂၅၄၂၆၉၃၅

ပျောက်ဆုံးကြောင်း
မြန်မာအရှံသင့်ကုန်မှိုးစုံဆိုင် ကုမ္ပဏီလီမိတက်၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ သွင်းကုန်ထုတ်ကုန် လုပ်ငန်းရှင်မှတ်ပုံတင်မူရင်းများမှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၃၀၆၄၀၂၅

ပျောက်ဆုံးကြောင်း
ကျွန်မ မဖြိုးအိစံ၊၇/ပမန(နိုင်)၁၃၈၈၈၈၊၏ Passport MA-683818 သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၆၈၂၁၈



# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဦးထွန်းထွန်းသာ(Great Rainbow Co.,Ltd.)+ ဒေါ်နုနုရွှေ (Rainbow Signworks) တို့၏ သမီးကြီး

မထက်သဉ္ဇာထွန်း (ခုံအမှတ် - ဆဒဂ - ၈၂၁)

ကောင်းစုံကိုယ်ပိုင်အထက်တန်းကျောင်းမှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို

(၆)ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ပါသဖြင့် မြေးလေးအတွက် အထူးဝမ်းမြောက်ဂုဏ်ယူရပါကြောင်း

ဘိုးဘိုးကြီး ဦးရွှေတင်အောင် + ဘွားဘွားကြီး ဒေါ်ဖြူနု

(အောင်သစ္စာ-အဆင့်မြင့်ခရီးသွားလုပ်ငန်း နှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)

## အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

ဒေါက်တာလှဝင်း(ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ မော်လမြိုင်ပြည်သူ့ဆေးရုံကြီး)-ဒေါ်မြတ်ဥမ္မာကျော်တို့၏တစ်ဦးတည်းသောသား မောင်ကျော်ဆုသွေးသည် ၂၀၁၅ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို (၅)ဘာသာဂုဏ်ထူး (အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ)အမှတ်ပေါင်း(၅၃၁)မှတ်ဖြင့် ထူးထူးချွန်ချွန်အောင်မြင်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

bm;bm; - a':cia& (&ty-'ir;)
tew'u; - 0;atmi'u;(BC' &euewi;a'o'u; &wyzrl;½;)
a':ciaq0i; (v^x ñerl;' ITBMU)
tewav; - a'¦uwmcipEm0i; (uxu'ocmXme'&euewuov)
nrav;rm; - rtrri;jrwo(Grade.10-C) (txu-5' r&r;ue;)
ra&jrwr;xe; (Grade.4-B) (txu-5' r&r;ue;)

## ကွန်ဒိုငှားမည်။

ပန်းဆိုးတန်းနှင့် အနော်ရထာလမ်းထောင့်ရှိ (Pansodan Business Tower) 1370 sq ft အဆင့်မြင့်ပြင်ဆင်ပြီး။ဖုန်း -၀၉ ၅၁၈၅၂၀၉၊ ၀၉ - ၉၇၉၂၄၉၉၄၄၊ ၀၁ ၅၁၆၅၇၆

လူကြီးမင်းတို့လိုအပ်သော

အဆင့်မြင့်ဆိုင်းဘုတ် အမျိုးမျိုးပြုလုပ်ရန်အတွက်

**RAINBOW SIGN WORKS**

A PROFESSIONAL SIGN MAKER

**GREAT RAINBOW CO.,LTD**

**YANGON**
No.117, Kon Zay Dan Street, Pabedan Township.
Ph: 381 300, 381 600, 386 883,09-73 191 933
09-73 250 847

**NAYPYITAW**
Pa- 208, Myo Ma Zay Shop House.
Ph: 067-420 470, 09-420 71441, 09-730 27741

**MANDALAY**
No.2/2, 35th Street Between 87 & 88th Street,
Mahar Aung Myay Township.
Ph : 02-32606, 09 730 11777
E-mail : ttthar@gmail.com GreatRainbowMyanmar




aysmuq; alumi; — ကျွန်တော် မောင်ထက်အောင်မြင့် CDC 82165 ၏ SSA လက်မှတ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၀၁၄၉၅၅







## စက်ကြီးပန်းထိုး Order လက်ခံသည်

ဂျပန်နိုင်ငံထုတ်TAJIMAပန်းထိုးစက်ကြီးများဖြင့် ကျွမ်းကျင်ဝန်ထမ်းများကလူကြီးမင်းတို့၏အပ်နှံမည့် ပစ္စည်းများအားစိတ်တိုင်းကျပန်းထိုးပေးနေပါသည်။ (နိုင်ငံခြား/ပြည်တွင်း)အလုပ်အပ်နှံလိုပါကအောက်ပါ Phone နံပါတ်များသို့ ဆက်သွယ်ပါရန် -

၀၉-၂၂၀၀၇၉၃၊၀၉-၇၉၇၅၉၉၇၇၇၊
၀၉-၂၅၄၁၁၉၆၁၉၊၀၉-၇၉၇၉၂၂၇၇၇၊



## သမီးလေး မဆုစန္ဒီဦး၏ (၁၆)နှစ်ပြည့်မွေးနေ့ဆုမွန်

ဖေဖေ ဗိုလ်မှူးထွန်းထွန်းဦး(ငြိမ်း) [ညွှန်ကြားရေးမှူး-သမ္မတရုံးဝန်ကြီးဌာန(၄)]-မေမေ ဒေါ်သွယ်သွယ်စန်တို့၏ သမီးကြီး၊ ညီမလေး မသင်းစန္ဒီထွန်း Grade 6(ILBC-အလင်းရောင်၊ နေပြည်တော်)၏ မမ၊ အထက(၁)ဒဂုံမှ ခုံအမှတ်(ဆဒဂ-၅၇၃)ဖြင့် (၄) ဘာသာဂုဏ် ထူး၊ ရမှတ်ပေါင်း (၅၁၂)မှတ် ရရှိဖြေဆိုအောင်မြင်နိုင်ခဲ့သူ သမီးလေး မဆုစန္ဒီဦး၏ ၂၂-၆-၂၀၁၅ရက်တွင် ပြည့်မြောက်သော (၁၆)နှစ်ပြည့်မွေးနေ့မှသည် အသက်ရာကျော်တိုင် သမီးရည်မှန်းချက်အတိုင်း ပြည့်မြောက်အောင်မြင်နိုင်ပြီး ကျန်းမာချမ်းသာစွာဖြင့် ဘာသာ သာသနာအကျိုး၊ လောကီ လောကုတ္တရာနှစ်ဖြာအကျိုး သယ်ပိုးနိုင်သော ထူးချွန်ထက်မြက်တဲ့ သမီးကောင်းရတနာလေး ဖြစ်နိုင်ပါစေလို့ ဆုမွန်ကောင်းများတောင်းပေးလိုက်ပါသည်။

ဘိုးဘိုး-ဦးခင်စန်၊ ဘွားဘွား-ဒေါ်နွဲ့ဝင်း

ဘိုးဘိုး-ဦးထွန်းအောင်ထွန်း၊ ဘွားဘွား-ဒေါ်အေးမာ (**Bio**-ဧလွင်)၊

ကိုကိုညဏ်ဝင့်

## Happy Birthday သမီးလေးဆု

ကြိုးစားမျှော်မှန်းသလောက် ဖြစ်မလာခဲ့လို့ မငိုပါနဲ့သမီးလေး (၄)ဘာသာဂုဏ်ထူးနဲ့ ရမှတ်ပေါင်း (၅၁၂)မှတ်ရရှိခဲ့လို့ သမီးအတွက် ဖေဖေနဲ့ မေမေက ဂုဏ်ယူကျေနပ်ပါတယ်။ သမီးကို စေတနာအပြည့်အဝနဲ့ သင်ကြားပေးခဲ့တဲ့ သမီးရဲ့ဆရာမများကိုလည်း အထူး ကျေးဇူးတင်ပါတယ်။ ၂၂-၆-၂၀၁၅ရက်မှာ ကျရောက်သော သမီးရဲ့(၁၆)နှစ်ပြည့်မွေးနေ့ မှသည် နောင်နှစ်(၁၀၀)ကျော်တိုင် ရည်မှန်းချက်အတိုင်း အောင်မြင်နိုင်ပြီး ကျန်းမာခြင်း၊ ချမ်းသာခြင်းတွေနဲ့ ပြည့်စုံတဲ့ လိမ္မာယဉ်ကျေးသော သမီးလေးဖြစ်ပါစေလို့ ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။

ဖေဖေ-ဗိုလ်မှူးထွန်းထွန်းဦး(ငြိမ်း)

[ညွှန်ကြားရေးမှူး၊ သမ္မတရုံးဝန်ကြီးဌာန(၄)]

မေမေ-ဒေါ်သွယ်သွယ်စန်

ညီမလေး-မသင်းစန္ဒီထွန်း၊ **Grade 6(ILBC**-အလင်းရောင်၊ နေပြည်တော်**)**

SMIDB

**Small & Medium Industrial Development Bank Ltd.**

**အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်**
**နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း**

အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ အကြိမ်(၂၀)မြောက် နှစ်ပတ်လည်စုံညီအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါ၍ အစုရှယ်ယာရှင်များ မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်-

(က) နေ့ရက် ။ ။ ( ၂၈. ၆. ၂၀၁၅)ရက် (တနင်္ဂနွေနေ့)
(ခ) အချိန် ။ ။ နံနက် (၁၀ : ၀၀)နာရီ
(ဂ) နေရာ ။ ။ Myanmar Convention Centre (MCC) ခန်းမ
မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မှတ်ချက်- အစည်းအဝေးဖိတ်စာနှင့်အစီရင်ခံစာတို့ကို အစုရှယ်ယာရှင်များထံသို့ လူကိုယ်တိုင်နှင့် စာတိုက်မှ ကြိုတင်ပေးပို့ထားပါသည်။ အစည်းအဝေးဖိတ်စာ မရရှိပါကလည်း ဤဖိတ်စာကိုအကြောင်းပြု၍ အစည်းအဝေးသို့တက်ရောက်ကြပါရန် ထပ်မံဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်နိုင်သောဖုန်းနံပါတ်များ - ၀၁-၃၇၀၄၂၆၊ ၃၉၁၄၄၉၊ ၃၇၉၂၀၁
- ၀၉-၇၃၀၂၇၆၆၀၊ ၇၃၀၂၇၆၅၉

ဦးဆောင်ညွှန်ကြားရေးမှူး
















ကြော်ငြာ




## Myanmar Yellow Pages (မြန်မာအဝါရောင် စီးပွားရေး လမ်းညွှန်) ကြော်ငြာရှင်များသို့ အသိပေးအကြောင်းကြားခြင်း

IMEX (Myanmar) Co., Ltd. သည် ၁၉၉၄ ခုနှစ်၊ ဩဂုတ်လ (၁၇) ရက် ရန်ကုန်မြို့ မြိုင်ညီပုံတယ်တွင် Myanmar Yellow Pages (မြန်မာအဝါရောင်စီးပွားရေးလမ်းညွှန်) ထုတ်ဝေခြင်းနှင့်ပတ်သက်၍ ပထမဦးဆုံး သတင်းစာရှင်းလင်းပွဲကျင်းပခဲ့ပြီး Japan Yellow Pages Ltd. နှင့် IMEX (Myanmar) Co., Ltd. ဒိသားစုဝင်များ၏ကြိုးပမ်းလုပ်ဆောင်မှုများကြောင့် Myanmar Yellow Pages လမ်းညွှန်စာအုပ်ကို ၁၉၉၅ ခုနှစ်တွင် အောင်မြင်စွာပုံနှိပ်ထုတ်ဝေနိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် အကြိမ် (၂၀)ပြည့်မြောက် ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။



Since 1993

yellow pages

**MYANMAR YELLOW PAGES®**

( IV-၁၁၃၈/၁၉၉၃) (IV-၅၂၉၂/၂၀၀၁) (IV-၅၂၉၃/၂၀၀၁)




Myanmar Yellow Pages ဟူသောစာသားနှင့် လမ်းလျှောက်လက်ချောင်းများ «Walking Fingers» Logo အမှတ်တံဆိပ်အား အခြားမည်သူတစ်ဦးတစ်ယောက်မျှထပ်တူဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ တုပသုံးစွဲခွင့်မရှိကြောင်း ပြည်တွင်း နေ့စဉ်ထုတ် သတင်းစာများ၌ ရှေ့နေမှတစ်ဆင့်သတိပေးကြေညာချက်များကို အကြိမ်ကြိမ် ထည့်သွင်းကြေညာထားခဲ့ပြီးဖြစ်သော်လည်း လုပ်ငန်းတူကုမ္ပဏီတစ်ခုသည် Myanmar Yellow Pages လမ်းညွှန်အယောင်ဆောင်၍ ကြော်ငြာများကောက်ခံခြင်း၊ Myanmar Yellow Pages စကားလုံး အမှတ်အသားအား အများပြည်သူ ထင်ယောင်ထင်မှား ဖြစ်အောင် တုပသုံးစွဲ၍ လမ်းညွှန်စာအုပ်များ၊ Internet Website နှင့် Mobile App များတွင် ထည့်သွင်းအသုံးပြုခြင်းများ ပြုမူဆောင်ရွက်လာသည်ကို တွေ့ရှိကြားသိရပါသည်။

သို့ဖြစ်ပါ၍ စီးပွားရေးလုပ်ငန်းရှင်ကြော်ငြာရှင်များအနေဖြင့် မှားယွင်း ဆုံးရှုံးမှုများ မဖြစ်စေရန်နှင့် ခွဲခြားသိရှိနိုင်စေရန် IMEX (Myanmar) Co., Ltd. ၏ဝန်ထမ်းများမှ ဖြန့်ဝေပေးသော Walking Fingers Logo (လမ်းလျှောက်လက်ချောင်းလေးများ) အမှတ်တံဆိပ်ပါ Myanmar Yellow Pages မြန်မာအဝါရောင်စီးပွားရေးလမ်းညွှန် စာအုပ်ပါ စာအုပ်၊ Online ပေါ်တွင် လွှင့်တင်ထားသော www.myanmaryellowpages.biz ဝက်ဆိုဒ်၊ www.imexmyanmar.com ဝက်ဆိုဒ်နှင့် Mobile App တွင်လည်း Myanmar Yellow Pages | IMEX (Myanmar) Co., Ltd. |တို့ ပါရှိမှသာ Myanmar Yellow Pages (မြန်မာအဝါရောင်စီးပွားရေးလမ်းညွှန်) အစစ်အမှန်ဖြစ်ကြောင်း အသိပေးအကြောင်းကြား အပ်ပါသည်။

Myanmar Yellow Pages လမ်းညွှန်စာအုပ်တွင် နှစ်ပေါင်းများစွာ စဉ်ဆက်မပြတ် ကြော်ငြာများထည့်သွင်းပေးခဲ့ ကြပါသော လုပ်ငန်းရှင်များအားလုံး စီးပွားရေးလုပ်ငန်းများ အထူးတိုးတက် အောင်မြင်ပါစေကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ လိုအင်ဆန္ဒများ ပြည့်ဝပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

IMEX (Myanmar) Co., Ltd. (Publisher of Myanmar Yellow Pages Directory)

365-367, 2nd Flr., Bogyoke Aung San Rd., Pabedan Tsp., Yangon. Tel : (95 1) 242758, 243074, 377755, 09-73235650

# မြန်မာနိုင်ငံ၏ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဂျပန်ကူညီမည်

**တိုကျို ဇွန် ၂၁**

အရှေ့တောင်အာရှ၏ အကြီးဆုံး စီးပွားရေးဇုန်များအနက် တစ်ခု အပါအဝင်ဖြစ်သည့် မြန်မာနိုင်ငံ တောင်ပိုင်းရှိ ထားဝယ်စီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်မှုတွင် ဂျပန်နိုင်ငံက ပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ယင်းစီးပွားရေးဇုန်မှတစ်ဆင့် ဂျပန်နိုင်ငံကုမ္ပဏီများ စီးပွားရေး အခွင့်အလမ်းများ တိုးမြှင့်ရရှိလာမည်ဟုလည်း မျှော်လင့်ထားကြောင်း သိရသည်။

ထို့ကြောင့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်... ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာတို့နှင့် ဇူလိုင် ၄ ရက်တွင် ဂျပန်နိုင်ငံ၏ မြို့တော် တိုကျိုမြို့တွင် တွေ့ဆုံဆွေးနွေးသွားရန် စီစဉ်ထားကြောင်းနှင့် ထိုသို့ တွေ့ဆုံဆွေးနွေးစဉ်တွင် ဂျပန်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ သဘောတူညီချက်များကို လက်မှတ်ရေးထိုးသွားရန် မျှော်လင့်ထားကြောင်း NIKKEI ASIAN REVIEW သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

စာမျက်နှာ ၉ ကော်လံ ၄ သို့



ဓာတ်ပုံ - KAREN NEWS

## ယနေ့ မာတိကာ

မရိုးနိုင်သော ပြဿနာ အဖြေရှာ — စာမျက်နှာ - ၂
မြေထဲပင်လယ်ဒေသရှိ ဂျော်နီဒပ်၏ အိမ်ကို ပေါင် ၁၆ သန်းဖြင့် ရောင်းချ — စာမျက်နှာ - ၁၂
အာဂျင်တီးနားအသင်း ကိုပါအမေရိက ကွာတားဖိုင်နယ် တက်လှမ်း — စာမျက်နှာ - ၁၃

## ဟိုတယ်အဆောက်အအုံတည်ဆောက်စဉ် သံငြမ်းပြိုကျရာ သေဆုံးသူနှစ်ဦးရှိပြီး တစ်ဦးအသက်ရှင်လျက် ပိတ်မိနေ




အသက်ရှင်လျက် ပိတ်မိနေသူအား ကယ်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေကြစဉ်။

## ဗြိတိန်တင်းနစ်အကျော်အမော်အန်ဒီမာရေး ကွင်းကလပ်တင်းနစ်ဗိုလ်လုပွဲတက်လှမ်း

ဗြိတိန် တင်းနစ်ကစားသမား အန်ဒီမာရေးသည် ကွင်းကလပ် တင်းနစ်ဆီမီးဖိုင်နယ် ပွဲစဉ်တွင် ဆားဘီးယား တင်းနစ်ကစားသမား ဗစ်တာထရိုက်ကီအား အနိုင်ရရှိခဲ့ပြီးနောက် ကွင်းကလပ်တင်းနစ်ဗိုလ်လုပွဲသို့ လေးကြိမ်မြောက် တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

ဆားဘီးယား တင်းနစ်ကစားသမား ထရိုက်ကီသည် အန်ဒီမာရေးနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ဆီမီးဖိုင်နယ်ပွဲစဉ်တွင် မိုးရွာသွန်းမှုနှင့်အတူ ပခုံး ဒဏ်ရာရရှိခဲ့ခြင်းကြောင့် အန်ဒီမာရေးအား ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

အန်ဒီမာရေးသည် ဆားဘီးယား တင်းနစ်ကစားသမား ထရိုက်ကီနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ဆီမီးဖိုင်နယ် ပွဲစဉ်တွင် တစ်နာရီနှင့် ၃၈ မိနစ်ကြာ ကစားကာ ၆-၃၊ ၇-၆(၇-၄)ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ကွင်းကလပ်တင်းနစ် ပြိုင်ပွဲတွင် အန်ဒီမာရေးသည် သုံးကြိမ်အထိ ဗိုလ်စွဲထားနိုင်ခဲ့သူဖြစ်သည်။

အန်ဒီမာရေးသည် ကွင်းကလပ်တင်းနစ်ဗိုလ်လုပွဲစဉ်အဖြစ် တောင်အာဖရိက တင်းနစ်ကစားသမား ကီဗင်အန်ဒါဆန်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ကီဗင်အန်ဒါဆန်သည် ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ပြင်သစ်တင်းနစ် ကစားသမား ဆိမွန်အား ၆-၃၊ ၇-၆(၈-၆)၊ ၆-၃ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

(ငွေကြယ်)



MOSAWAY
MOSQUITO REPELLENT PATCH
Citronella Oil




themirror.npt@gmail.com
www.facebook.com/themirrordaily
R/184